www.linhtet.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ✪ ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

လူငယ်စာရေးဆရာ



# ပြည့်ပိုင်မှုအိမ်

## ချယ်ရီပွင့်ရန်

တာစလေအာလို

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(ဂဂ)၊ ဒုထပ်(ယာ)၊ ၃ဂ-လမ်း၊

ဖုန်း -၂၄၅၂ဂ၄၊ ၃၇၉၄ဂ၇


www.foreverspace.com.mm

# ပုံနှိပ်မှတ်တမ်း


ပြည့်ပိုင်မျှးအိမ်၏ စာအုပ်အမှတ်စဉ် (၂၀)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၅၇၀၉၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၅၂၁၀၀၈ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ဖေသစ်တည် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |




ဆိုရိုးတစ်ခုရှိပါတယ်။

အဲဒီဆိုရိုးမှာ

‘‘ရယ်နေတဲ့မိန်းမနဲ့

ငိုနေတဲ့ယောကျ်ားဟာ

ယုံကြည်ဖို့မသင့်ဘူး’’



လို့ ဆိုတယ်။

www.foreverspace.com.mm

"မနေ့က စိမ်းနု Shopping သွားဖို့ခေါ်တာကို မင်းလိုက်မသွားဘူးဆို"

မေမေ့အမေးကြောင့် သူတော်တော်စိတ်ညစ်သွားရသည်။ အမှန်အတိုင်းဖြေပြန်လျှင်လည်း မေမေကထပ်ကောတော့မည်။

ညာမည်ဆိုပြန်တော့လည်း မေမေယုံတော့မည်မဟုတ်။ မေးခွန်းကို အထက်ပါအတိုင်းမေးလာသည်ကိုကြည့်ခြင်းအားဖြင့် ဟိုကလေးမစိမ်းနု မေမေ့ထံကို 'ဖြစ်ကြောင်းရယ် စုံလင်'အား သံတော်ဦးတင်ထားပြီးဖြစ်လိမ့်မည်။

"ဟဲ့ သား…မေမေမေးနေတယ်လေ"

"………"

ဒုတိယမွိဆိုသော မေမေ့စကားကြောင့် တွေးလက်စ သူ့အတွေးတို့ရပ်တန့်ကာသွားသည်။ သို့သော် ဘာကိုမှတော့ သူပြန်၍ မဆိုဖြစ်သေး။

"ဟုတ်တယ်…သား သူနဲ့လိုက်မသွားဖြစ်ဘူး"

မဖြေလို့လည်း ရမည်မထင်သည်မို့ သူသက်ပြင်းချရင်းနှင့် ပင် ဆိုဖြစ်သည်။

"သနားပါတယ် သားရယ်…သူ့ခမျာ သားကိုအတော် လေးအားကိုးရှာတာ…သားအပေါ်မှာလည်း သံယောဇဉ်က ကြီး ပါဘိသနဲ့…နောက်ဆို လိုက်ကူလိုက်ပါ သားရယ်…တစ်မြို့ တည်းသားချင်း စောင့်ရှောက်ရမယ့်ဝတ္တရားကလည်းရှိသေးတယ် မဟုတ်လား"

"သားမှမအားတာ…မေမေက ဘာမှမသိဘဲနဲ့ စွတ်ကော နေပြန်ပြီ"

"မလိုက်ချင်လို့ မအားတာမဟုတ်လား"

"ပြောပြဘူး"

ရယ်ကျဲကျဲပြန်ဆိုဖြစ်သော သူ့စကားကြောင့် မေမေ့ထံမှ စကားသံတို့တိတ်ဆိတ်ကာသွားသည်။

"တော်ကြာ ရန်ကုန်မှာတခြားမတော်တရော်တွေနဲ့ တွေ့ သွားပါဦးမယ် သားရယ်…စိမ်းနုက သားသိတဲ့အတိုင်း အရမ်းရိုး တာဆိုတော့…"

"မေမေကလဲဗျာ…ပူစရာမရှိ ရှာကြံပြီးပူနေပြန်ပြီ… မေမေပူရမှာက သားကိုပူရမှာ…စိမ်းနုက သူ့အဒေါ်အိမ်မှာနေတာ …မေမေပူရမှာက သူငယ်ချင်းတွေနဲ့ စုနေတဲ့သားကိုပဲ ပူရမှာ"

"ဒါပေမဲ့ သားကယောကျ်ားလေးလေ…နောက်ပြီးတော့ သားက သောက်စားမူးရူးနေတဲ့လူမှ မဟုတ်တာ…လိမ္မာတဲ့မေမေ့ သားကို မေမေကစိတ်ချပြီးသား…စိတ်မချတာဆိုလို့ တစ်ခုပဲရှိ တယ်…စိမ်းနုမဟုတ်တဲ့ တခြားခပ်လည်လည်ကောင်မလေး တစ် ယောက်ယောက်နဲ့…"

"မေမေ..ဒီဇာတ်ပြားဟောင်းကိုပဲ ဆက်ဖွင့်မယ်ဆိုရင်တော့ မေမေဆက်ပြီး အမောမခံနဲ့တော့…သားကြားရလွန်းလို့ အလွတ် ကိုရနေပြီ…မေမေ့စကားအသွားအလာတွေက နောက်ဆုံးတော့

www.foreverspace.com.mm

ခာတ်ရှင်တွေထဲကအကွက်တွေချည်းပဲ…ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကဖိတ်တာတွေရော၊ အကြောင်းသိဆိုတော့ ကောင်းတာပေါ့ဆိုတာတွေရော ရှုပ်နေတာပဲ…မိဘချင်းသဘောတူလို့ ဖွတ်ပေးစားတယ်ဆိုတဲ့အကွက်တွေက ခာတ်ရှင်တွေထဲမှာတောင် သိပ်ခေတ်မရှိတော့ပါဘူး မေမေရာ…ပြက္ခဒိန်လေးဘာလေးလည်း ပြန်လှန်ကြည့်လိုက်ဦး မေမေရေ…အခုက နှစ်ထောင့်ရှစ်ခုနှစ်ရောက်နေပြီ…မေမေတို့ နိုင်တီးဝှမ်တီးတုန်းက ဖော်မြူလာတွေ…အခုဒိတ်အောက်ကုန်ပြီ"

"ဘာ‥ဘာပြောတယ်"

တမင်သက်သက် စ-လိုက်သည်ဆိုသော်လည်း မေမေကတော့ စကားတွေထစ်ယူသည်အထိပင် ဒေါကန်ကာသွားသည်။

"မင်းကို ဘယ်သူကဖွတ်ပေးစားနေလို့လဲ…စိမ်းနုကို ယူပါ‥ယူပါလို့ ငါကဘယ်တုန်းက ဖွတ်တိုက်တွန်းဖူးလို့လဲ…သင့်တော်တယ်ဆိုတာကိုပဲ‥ပြော‥တာ…ယူရမယ်လို့ တစ်ခွန်းမှမပာဖူးဘူး…မင်း စကားပြောတာကြည့်ပြော"

ဒေါသတွေထွက်ကာ "သားတွေ၊ မေမေတွေ"သုံးနေရာက "မင်း"တွေ၊ "ငါ"တွေဖြစ်သွားသော မေမေ့စကားကိုနားထောင်ရင်းသူရယ်ချင်သွားရသည်။

"စိမ်းနုကို ယူမယ့်အစားတော့ ရန်ကုန်သူလေးပဲ ယူတော့မယ် မေမေရာ…မေမေ့မှာ ရန်ကုန်သူချွေးမမရှိသေးဘူး မဟုတ်လား…ကိုကြီးက မန္တလေးသူကိုယူထားတယ်…ကိုလတ်ကတောင်ကြီးသူ…ကိုငယ်က မော်လမြိုင်သူ…အဲဒီလိုယူထားကြတော့ မေမေ့မှာချွေးမတွေက စုံသလောက်ရှိနေပြီ…လိုတာဆိုလို့ရန်ကုန်သူတို့၊ မြစ်ကြီးနားသူတို့၊ ဟားခါးသူတို့ပဲရှိတော့တာ မဟုတ်လား…သား အခုနေတာကရန်ကုန်မှာဆိုတော့‥"

www.foreverspace.com.mm

“မသိဘူးဟော့..မသိဘူး...မင်းဘာသာမင်း ဘယ်ဆီက နဲ့ပဲယူယူ..မင်းနဲ့ပေါင်းရမှာ...ငါနဲ့ပေါင်းရမှာ မဟုတ်ဘူး... အေး..တစ်ခုတော့ပြောလိုက်မယ်...စိမ်းနုကို မင်းငြင်းရင် မင်းယူတဲ့မိန်းမက စိမ်းနုထက်တော့ သာမှဖြစ်လိမ့်မယ်...ဒါပဲ”

မေမေက ‘ဒါပဲ’ဟု ခပ်ဆောင့်ဆောင့်အမိန့်ချသည်။

“စိတ်ချ မေမေရေ...မေမေ့ရဲ့စိမ်းနုထက် အများကြီးလှ၊ အများကြီးလိမ္မာပြီးတော့ အများကြီးချစ်စရာကောင်းတဲ့ ချွေးမလှလှလေးတစ်ယောက် မေမေ့အတွက် သားမရအရရှာခဲ့မယ်...အရိုးကြေကြေ၊ အရေခမ်းခမ်း..ကို ရှာခဲ့..ဦး..မှာ”

“ရှာ ရှာ..အဲဒီမှာ အရှာမှားပြီး မိန်းမလည် သိန်းကြွယ်နဲ့ တွေ့လို့ကတော့ ထိုင်ကိုရယ်ပစ်ဦးမယ်”


မေမေဆိုသော ခပ်ရိရိစကားကြောင့် သူရယ်ဖြစ်ပြန်သည်။

“မိန်းမလည် သိန်းကြွယ်နဲ့တော့ အခုထိမတွေ့သေးဘူး မေမေရ...အခုသားတွေ့နေတာက အဲဒီ မိန်းမလည် သိန်းကြွယ် ရဲ့ညီမ မိန်းမလှ သိန်းမြတဲ့...ချောမှချော”

“အေးပါ..အေးပါ...မင်း ကိုယ့်အမေကို ကိုယ်ရိထားဦး ...မိန်းမရတော့မှ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ကြည့်ဦးမယ်ဟော့ ...ကြည့်ဦးမယ်”

ပြောရင်း ငွပ်ခနဲဖုန်းချကာသွားသော မေမေ့စကားတို့ ကြောင့် သူရယ်၍သာနေဖြစ်သည်။

ခုချိန်ဆို မေမေတစ်ယောက် စိတ်မကြည့်တကြည်ဖြင့် နီးစပ်ရာလူများကို ငေါက်ငမ်းချင် ငေါက်ငမ်းနေလိမ့်မည်။



www.foreverspace.com.mm

**တကယ်**ကယ်တော့ သူရန်ကုန်၌ရှိနေသည်ကို မေမေသိပ်သဘောမတွေ့လှ။ မေမေက အငယ်ဆုံးသားဖြစ်သော သူ့ကို သူမနှင့်အတူ ညောင်ရွှေမှာသာ နေစေချင်သည်။ ရံဖန်ရံခါ ကလောမှာသွားနေသောအခါ သူမနှင့်အတူ အငယ်ဆုံးသားဖြစ်သော သူ့ကိုသာလျှင် ခေါ်သွားချင်သည်။ သူကတော့ ကလောနှင့်ညောင်ရွှေကိုကူးနေရသည်ကို ကြာတော့ငြီးငွေ့လာသည်မို့ ရန်ကုန်ကိုအကြောင်းမရှိ အကြောင်းရှာကာ လာနေနေခြင်းဖြစ်သည်။

ဝယ်ယူထားသည့်အချိန်မှစ၍ သိပ်မနေဖြစ်ခဲ့သော ကွန်ဒို သည်အခုတော့ သူနှင့်သူ့သူငယ်ချင်းများအတွက် အလွန်အသုံးဝင် နေခဲ့သည်။ မေမေကတော့ ဤကွန်ဒိုဝယ်မိသည်ကို နောင်တရနေ မည်လားမသိ။

"ဟကောင် မင်းမင်း...ဘာတွေ တွေးနေတာလဲ"

ရုတ်တရက် ပခုံးကိုပုတ်ရင်းဆိုလိုက်သော 'သက်နိုင်'၏ အမေးကြောင့် တွေးလက်စသူ့အတွေးတို့ လက်စသတ်ကာသွားသည်။

"ငါ့မားသားကြီးဆီက ဖုန်းလာလို့ကွ"

"ထုံးစံအတိုင်းပဲလား"

"အေးကွာ‥မနေ့က စိမ်းနုကို Shopping မလိုက်ကူလို့ ဖုန်းနဲ့လှမ်းကောတာ…ဟိုကလေးမကလည်း အမြဲတမ်းကွိုင်ရှာနေတော့တာပဲ…ကြည့်လို့ကို မရဘူး"

စိတ်တိုတိုဖြင့် စိမ်းနုကို မေတ္တာလှမ်းပို့ဖြစ်သည်။

"မင်းကလဲကွာ…သူကလည်း ပြဿနာရှာတယ်လို့လည်း ဘယ်ဟုတ်မလဲ…မင်းမလိုက်လို့ မလိုက်ဘူးပြောတဲ့ဟာ…မင်းကလည်း မင်းပဲ…ဒီလောက်လှပြီး ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေးနဲ့ Shopping အတူသွားရမယ့်ကိစ္စကို အင်တင်တင်လုပ်နေတယ်…တောက်! နေရာချင်းတောင်း လဲလိုက်ချင်တယ်"

သက်နိုင်က တက်ကိုခေါက်ရင်း မချင့်မရဲဖြင့်ဆိုသည်။

"နေရာချင်းလဲတော့ကော မင်းကို ဟိုကကြိုက်မှာလား… မင်းမင်းကို ဟိုကခိုက်တယ်ဆိုတာက မင်းမင်းမှာက ညောင်ရွှေမြို့ပေါ်မှာ ဟိုတယ်တစ်လုံး၊ အင်းလေးရေထဲမှာ ဟိုတယ်တစ်လုံး၊ ကလောမှာက ဟိုတယ်တစ်လုံး…ဟိုတယ်သုံးလုံးကြီးများတောင်ရှိတယ်‥မင်းမှာက ဟိုတယ်မပြောနဲ့…ပိုက်ဆံတောင် တစ်သိန်းပြည့်အောင်ရှိတာမဟုတ်ဘူး…ပြီးတော့ မင်းမင်းရုပ်က အခု မင်းသားထလုပ်လို့ရအောင် ရုပ်ကဖြောင့်တယ်…မင်းက ဇေလုဝ ရဲ့ အပုံတစ်ရာပုံ တစ်ပုံလောက်တောင် ပုံလာတာမဟုတ်ဘူး‥ဒီ တော့ နေရာချင်းလဲထားလည်း စိမ်းနုက မင်းကိုရင်ခုန်မှာ မဟုတ်ဘူး"

"မင်းပြောလိုက်မှပဲ ငါ့ကိုယ်ငါ ဘဝင်တွေတောင်မြင့်ချင်လာပြီ"

ပယ်ပယ်နယ်နယ်ကြီး အပြောခံလိုက်ရသော်လည်း စိတ်မဆိုးတတ်သော 'သက်နိုင်'က အားမနာတမ်းဆိုသော ဘော်ဒါဖြစ်သူ 'အောင်ရဲ'ကို အထက်ပါအတိုင်းပြန်၍ဆိုသည်။

သန်းမောင်ကတော့ …

www.foreverspace.com.mm

"တိတ်တိတ်နေကြစမ်း"

ဟု ဆရာကြီးလေသံဖြင့် ၄င်း၏အိပ်ရာပေါ်မှ လှမ်း၍ အော်သည်။ ပြီး ...

"မင်းတို့ ဒီလိုဆူညံနေတော့ ငါက ဘယ်လိုအနားယူလို့ရမှာလဲ...ထယ်စောက် စိတ်ညစ်တယ်"

သန်းမောင်၏အဆိုကြောင့် အောင်ရဲမျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။ ပြီး ...

"ဒီဗေလုဝရဲ့ ရင်ချင်းဆက်အမွှာညီက တစ်မျိုး"

အောင်ရဲ၏အဆိုကြောင့် သန်းမောင်က ...

"ဘာကွ"

ဟု ခပ်ဆတ်ဆတ်ရေရွတ်သည်။

"သေသေချာချာကြည့်ရင်တော့ ဒီကောင်က ဗေလုဝနဲ့မတူပါဘူးကွာ...ကိုဗေက သူ့ထက်ရုပ် ပိုဖြူးတယ်ကွ"

သက်နိုင်၏ထပ်ဆင့်ဝေဖန်မှုကြောင့် သန်းမောင်က မျက်နှာကြီးတည်ကာ စိတ်ဆိုးချင်ယောင်ဆောင်ထားရာက ဆက်မတည်နိုင်တော့ဘဲ "ခွီး"ခနဲ ထရယ်သည်။

"ဘယ်သူ ဘာပြောပြော...ငါကတော့ ထယ်စောက်ပဲ...ထယ်စောက်ကနေ တစ်ပြားမှမလျှော့ဘူး"

"အေး..ငါတို့ကလည်း မင်းကို ဗေလုဝရဲ့ရင်ချင်းဆက်အမွှာညီအဖြစ်ကနေ တစ်ပြားမှမလျှော့ဘူး"

သက်နိုင်နှင့်သန်းမောင်တို့ တစ်လှည့်စီငြင်းခုန်နေကြသည်ကိုကြည့်ရင်း သူတို့အားလုံးရယ်ဖြစ်ကြသည်။

ထိုစဉ်မှာပင် သူ့အိတ်ကပ်ထဲမှဖုန်းက မြည်လာသည်မို့ ဖုန်းကိုကမန်းကတန်းထုတ်ယူကာ ကြည့်ဖြစ်သည်။ ဖုန်းက စိမ်းနုထံမှဖုန်းဖြစ်နေသည်။

www.foreverspace.com.mm

"ပြော"

"ကိုမင်းရဲ့အသံကလည်း ဆောင့်ဆောင့်အောင့်အောင့်ကြီး ပါလား"

ငွေဆည်းလည်းသံများထက် ပိုပြီးချိုသာသောအသံဖြစ်သည်။ သူ့အတွက်ကတော့ ကြားနေကျမို့လားတော့ မသိ။ သိပ် မထူးခြားလှ။

"အေး..ငါကတော့ ဆောင့်သင့်ရင်ဆောင့်ရမှာပဲ...ခပ်ဆောင့်ဆောင့်မှမကြိုက်ရင်လည်း မတတ်နိုင်ဘူး"

"ဘာလဲ...အန်တီ ဆူထားလို့လား"

"သိပြီးသားကိစ္စကို မသိချင်ယောင်ဆောင်မနေပါနဲ့ဟာ...နင်ကလေ တော်တော်ကို အတိုင်အတောထူတာပဲ"

"အံမယ် စိမ်းနုက မတိုင်ပါဘူးနော်...အန်တီ့ဆီ ဖုန်းဆက်ဖြစ်တော့ အန်တီက ကိုမင်းနဲ့တွေ့ဖြစ်သေးလားလို့မေးတာ...စိမ်းနုကလည်း မတွေ့ဖြစ်ဘူးလို့...Shopping သွားချင်လို့ ဖုန်းဆက်ခေါ်တာတောင် လိုက်မကူဘူး...မအားဘူးထင်တယ်လို့ ပြောပြလိုက်တာ...စိမ်းနုစကားထဲမှာ မေးလို့ဖြေတာပဲရှိတယ်...အပိုချွန်တာ၊ တွန်းတာပါလို့လား"

"တော်စမ်းပါ စိမ်းနုရာ...ကလေးအကွက်တွေ နင်းမနေနဲ့...နင် ဒီယုန်မြင်လို့ ဒီချုံထွင်တာပါ...နင် မေမေ့ဆီဖုန်းဆက် ရင် မေမေက ဒါမေးမယ်ဆိုတာ နင်သိပြီးသား...ဒီလိုသိပြီးသား မို့လည်း နင်ဆက်တာမဟုတ်လား"

"မဟုတ်ဘူး...အတည်ပြောတာ"

အရယ်တစ်ဝက်ဖြင့် ငြင်းနေသောစိမ်းနုကို အနီးအနားမှာ ရှိနေပါက သူကိုင်ဆောင့်မိလိမ့်မည်ထင်သည်။

"ဒါနဲ့ ငါ့ဆီဘာကိစ္စနဲ့ ဖုန်းဆက်တာလဲ"

သိပ်စိတ်မရှည်တော့သည်မို့ သူခပ်ဆတ်ဆတ်ပင် မေးခွန်းထုတ်ဖြစ်သည်။

"Shopping သွားတာ…လိုက်ကူခိုင်းမလို့"

"ဘာ!"

"စိတ်မလျှော့သေးပါလား"

ဟု သူတွေးဖြစ်သည်။ ဘယ်လိုဂျစ်ကန်ကန်ကောင်မလေးပါလိမ့်။

"နေ့လယ်စာကျွေးပါ့မယ်‥ဒီမှာ သူငယ်ချင်းနဲ့နှစ်ယောက်တည်းဖြစ်နေလို့"

"နင့်စကားက ဘာလဲဟ…နင်ကျွေးမှ နေ့လယ်စာကို ငါက စားနိုင်မှာမို့လား…မလိုက်ဘူးဟာ"

တမင်ပင် အပြစ်မရှိအပြစ်ရှာကာ စိတ်ဆိုးချင်ယောင်ဆောင်ပြီး ငြင်းဖြစ်သည်။ သူငယ်ချင်းနှင့်နှစ်ယောက်တည်းဖြစ်နေလို့တဲ့။ အကြောင်းပြချက်က အဓိပ္ပာယ်ကိုမရှိ။ တစ်ယောက်တည်းဈေးဝယ်ထွက်နေသူတွေ ဒီခေတ်မှာတစ်ပုံကြီး။

"အဲဒီ သဘောမျိုး မဟုတ်ပါဘူး … ကိုမင်းကလည်း ယောကျ်ားလုပ်ပြီးတော့ စိတ်ကောက်တတ်လိုက်တာ … အဲဒါကြောင့်လည်း ကိုမင်းမစွံတာ"

မဆီမဆိုင်ပင် ထဖွဲ့သောစိမ်းနု၏စကားကြောင့် 'အောင်မာ' ဟု သူရေရွတ်ဖြစ်သွားသည်။ အဖေက အင်းသား၊ အမေက ကလောသူမို့ သူငယ်ငယ်လေးကတည်းက ညောင်ရွှေအင်းလေးမှာတစ်လှည့် ကလောမှာတစ်လှည့်နေခဲ့ရသည်။ စိမ်းနုက ကလောသူ။ စိမ်းနုတို့ တစ်အိမ်ကျော်က အစ်မကြီးတစ်ယောက်ကို သူစ,ဖူးသည်။ ထိုစဉ်က အသက်သုံး၊ လေးနှစ်ခန့်ကွာသော ထိုအစ်မကြီးမှာ ဆိုင်သူရှိပြီးသားမို့ သူနောက်ကောက်ကျခဲ့ဖူးသည်။ ထိုဆယ်တန်းအောင်ခါစက ခဲမှန်

ဖူးသောကိစ္စကြောင့် သူရည်းစားမထားဖြစ်ခဲ့သည်မှာ အခုဘွဲ့ရသည် အထိပင်ဖြစ်သည်။

ဤကိစ္စများအားလုံးကို စိမ်းနုကသိသည်။ ထို့ကြောင့်လည်း တမင် သူ့ကိုနှိပ်ကွပ်ခြင်းဖြစ်သည်။

“နောက်တာပါ…အဟဲ..Shopping လိုက်ပို့ပေးမယ် မဟုတ်လား…မပို့ရင်လည်း ကိစ္စမရှိပါဘူး…Shopping မသွား ဖြစ်ရင်လည်း အန်တီနဲ့ဖုန်းပြောဖို့ အချိန်ပိုရတာပေါ့”

သူမက စကားမစပ်ဆိုသလိုလို ဘာလိုလိုနှင့် သူ့ကိုတမင် ခြိမ်းခြောက်စကားဆိုသည်။ သဘောက ကျွန်တော်လိုက်မပို့လျှင် မေမေ့ဆီချွန်မည်ဆိုသည့်သဘော။ သူမချွန်လျှင် မေမေက ကောပြန် လိမ့်ဦးမည်။ နားကပူရလိမ့်ဦးမည်။ ပို့ပြန်လျှင်လည်း သူမ သွားလေ ရာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ခြေတိုအောင်လျှောက်ရလိမ့်ဦးမည်။

“လိုက်ကူမယ် မဟုတ်လား”

ဒီတစ်ခါတော့ အပီပဲဟု တွက်ထားဟန်တူသောသူမက အပိုင်ကြီးမေးလို့လာသည်။ သူ မအင်းချင် အင်းချင်ဖြင့် အင်းလိုက် ရသည်။

“အစောကြီးကတည်းက ‘အင်း’ချင်နေတာကို အင်းလိုက် တာ မဟုတ်ဘူး”

စိမ်းနုက သူ့ကို မကြားတကြားဖြင့်ငေါ့တော့တော့ဆိုသည်။

“ဒါဆို ဆယ်နာရီလောက်လာကြိုမယ်နော်”

“အင်း”

“ဒါပဲနော်”

ဟုဆိုရင်း သူမဖုန်းချကာသွားသည်။

“အင်း..ပြီးရင်း အင်းနေတော့တာပဲ…ကံကောင်းတယ် ကွာ…မင်းမင်းတို့များကျတော့လည်း ရေကန်အသင့် ကြာအသင့်

www.foreverspace.com.mm

…ငါတို့များကျတော့လည်း Shopping ကို ခြေတိုအောင်လိုက် ကူချင်တာတောင် ခေါ်မယ့်လူကမရှိဘူး…တောက်! စိတ်နာတာ”

သန်းမောင်၏စကားကြောင့် မရယ်ချင်ရယ်ချင်ဖြင့် ဟက် ခနဲ သူရယ်ဖြစ်သည်။ သန်းမောင်တို့အမြင်မှာ ကံကောင်းခြင်းဟု ဆိုသော်လည်း သူ့အတွက်မူ ကံဆိုးခြင်းတစ်ခုမျှသာဖြစ်သည်။

“ကဲ ကဲ..အရှုပ်ထုပ်က ဆယ်နာရီလာကြိုမှာဆိုတော့ ရေချိုးတော့မှဖြစ်မယ်”

ကိုးနာရီခွဲနေပြီဖြစ်သော တိုင်ကပ်နာရီကိုလှမ်းကြည့်ရင်း ဆိုသော သူ့စကားကြောင့် သက်နိုင်တို့ သုံးကောင်ကနှာခေါင်းရှုံ့ ကြသည်ကို သူ မမြင်ချင်ယောင်ပင် ဆောင်လိုက်သည်။ သူတို့အမြင်မှာတော့ “ဒီကောင် ပဲများနေတယ်”ဟု ထင်ကောင်းထင်လိမ့်မည်။ တကယ်တမ်းကျ သူတကယ်ပင် စိမ်းနှအပေါ် ဘာခံစားချက်မှ မရှိ။

ရေချိုးရင်း သက်ပြင်းကိုသာ ခပ်ကြမ်းကြမ်းဆောင့်ချဖြစ်သည်။



www.foreverspace.com.mm

**ဆယ်** နာရီအတိမှာဖုန်းကမြည်လာသည်။ အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကာကြည့်လိုက်တော့ သူမ၏ ဖုန်းဖြစ်ကာနေသည်။

"ဟဲလို"

"ကိုမင်း..စိမ်းနုတို့ တိုက်အောက်မှာရောက်နေပြီ"

"သြော်..အေး...ငါဆင်းခဲ့မယ်"

သင့်တင့်သောအဝတ်အစားတို့ကို ဝတ်ထားသော သူ့ကို ကြည့်ရင်း အောင်ရဲက ကျန်နှစ်ကောင်ကို လက်တို့ရင်းမေးငေါ့ပြသည်။

"မလိုက်ချင်လို့သာ တော်တော့တယ်...ဝတ်ထားစားထားများ မင်းသားရှုံးတယ်"

အောင်ရဲ၏အဆိုကို သက်နိုင်က 'ဟုတ်ပ' ဟု ထောက်ခံသည်။

"ဟ..ငါက ဒီလိုမဝတ်လို့ စွပ်ကျယ်နဲ့ဘောင်းဘီတိုဝတ်သွားရမှာလား...ငါဝတ်တတ်သလို ဝတ်တာကွ...လိုက်အာမနေနဲ့...အာရုံနောက်တယ်"

တော်ဝင်မြို့မ စာအုပ်တိုက်

www.foreverspace.com.mm

တမင်ပင် မျက်နှာကိုတည်ရင်း ဟောက်လိုက်သောအခါ သကောင့်သားသုံးကောင်က …

“လေသံက…လေသံက..”

ဟု ရွတ်သည်။ သူ ၄င်းသကောင့်သားသုံးကောင်ကို ကြည့်မနေတော့ဘဲ တိုက်ရှေ့ကိုထွက်ခဲ့ဖြစ်သည်။

“ကြာလိုက်တာ”

ကားအနီးကိုရောက်ရောက်ချင်း စိမ်းနုကပြစ်တင်စကားဆိုသည်။

“တိုက်ရဲ့လေးလွှာကနေ ဆင်းလာရတာဟ…ငါတို့ ကွန်ဒိုရဲ့ဓာတ်လှေကားပျက်နေလို့…ဘာကြောင့်လဲဆိုတာ မမေးတော့ဘူး…တစ်ခါတည်း အပြစ်တင်ဖို့ပဲသိတယ်”

“အစောကြီးကတည်းက မြေညီထပ်ဝယ်ထားပါလား”

စိမ်းနုကလည်း ကက်ကက်လန်အောင် ပြန်၍ဆိုသည်။

“နင်တို့လို ပိုက်ဆံမရှိလို့ပေါ့ဟ…တတ်နိုင်ရင် လုံးချင်း နဲ့ပဲ ဘယ်သူမဆိုနေချင်တာပေါ့”

“ကိုယ့်ဘာသာကိုယ် ကပ်စေးနဲရင်နဲတယ်ပေါ့”

“စိမ်းနု..နင် ငါ့ကိုကနဲ့လန့်တိုက်စကားတွေ ပြောချင်လို့ခေါ်တာလား…အဲဒါကြောင့် နင့်နောက် ငါမလိုက်ချင်တာ”

စိတ်ခပ်တိုတိုဖြင့် သူရေရွတ်တော့မှ စိမ်းနုက ‘ဟီး’ခနဲ ထရယ်သည်။ ပြီးတော့မှ ဇက်ကိုပုရင်း …

“ကိုမင်း..အဲဒီလိုစိတ်တိုနေရင် ကြည့်ကောင်းလို့ တမင်စတာ”

သူမ ကြည့်ကောင်းအောင်ပဲ သူကစိတ်အမြဲတိုပြရမလိုဖြစ်ကာနေသည်မို့ စိမ်းနုကို ‘အရူးမ’ဟု သူရေရွတ်ဖြစ်သည်။

ကားတံခါးကိုဖွင့်ရင်း သူဝင်ထိုင်သောအခါမှ ကားနောက်

www.foreverspace.com.mm

ခန်းမှာ လူတစ်ယောက်ရှိနေသည်ကို သတိထားမိသည်။ ချာခနဲ လှည့်ကြည့်လိုက်တော့မှ ကောင်မလေးတစ်ယောက် မျက်လုံးပြူးလေးဖြင့် သူ့ကိုပြန်ကြည့်နေတာတွေ့ရသည်။ စိမ်းနုက ထိုကောင်မလေး၏ ဘေးမှာဝင်ထိုင်ရင်း မျက်လုံးအပြူးသားကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် ကြောင်ပြီးစိုက်ကြည့်နေဖြစ်ကြသော သူတို့နှစ်ယောက်ကိုကြည့်ကာ 'အဟမ်း အဟမ်း' ဟု ချောင်းကိုလုပ်ဆိုးသည်။

"ငါက နင်တစ်ယောက်တည်းအောက်မေ့လို့ …ကားနောက်ခန်းမှာ လူရှိနေတော့ အံ့သြသွားတာ"

မျက်နှာကို ရှေ့တူရူသို့ပြန်လှည့်ရင်း ဘာရယ်မဟုတ်ဘဲဆို ဖြစ်သည်။

"ကားအပြင်ဘက်မှာ လူတစ်ယောက်ထွက်ရပ်နေတာနဲ့ပဲ ကားထဲမှာ လူမရှိတော့ဘူးထင်နေလို့လား…အဲဒါကြောင့် ပြောတာပေါ့…လေ့လာပါ‥လို့"

"နင်က ကားရှေ့မှာပိတ်ရပ်ထားပြီး ငါ့ကိုဆီး ရန်လုပ်နေတော့ ငါလည်းသတိမထားမိလိုက်ဘူးပေါ့ဟ"

"တော်ပါ…ပတ်ဝန်းကျင်လေ့လာမှု အားနည်းရင်နည်းတယ်ပေါ့"

"အေးပါဟာ‥ပြော ပြော…နင်ပြောချင်သလိုသာ ပြောတော့"

တမင်ပင် လူကိုကန့်လန့်တိုက်နေသည်မို့ ခပ်ရွတ်ရွတ်ဆို ဖြစ်သည်။

"တွေ့လား တွေ့လား…ကိုမင်းက စိတ်တိုနေရင် ပိုကြည့်ကောင်းတယ်"

စိမ်းနု၏စကားကိုကြားရတော့မှ …

'သြော်‥တမင် ငါ့ကိုဆွနေတာကိုး' ဟု တွေးဖြစ်တော့ သည်။

www.foreverspace.com.mm

စိမ်းနုက သူ့စကားနှင့်သူ သဘောကျကာ 'ခွီး'ခနဲရယ်သည်။ ပြီးမှ ....

"ဩော်..မိတ်ဆက်ပေးဖို့ မေ့နေတယ်...ကိုမင်း..ဒါ စိမ်းနုရဲ့သူငယ်ချင်း မိုးယုနွေတဲ့...မိုးယု..ဒါ ကိုမင်းမင်းတဲ့... နင်စိတ်တိုနဲ့မျောက်ညိုကြာတွန်းဖတ်ဖူးတယ် မဟုတ်လား...သူက အဲဒီထဲက ဦးစိတ်တိုပေါ့ဟာ ...ဘာဖြစ်လို့လဲဆိုတော့ မြင်တဲ့ အတိုင်းပဲ...အမြဲတမ်းစိတ်တိုနေတာ"

ပြောရင်း စိမ်းနုကရယ်သည်။

"မိုးယုရေ...အစ်ကိုက ဦးစိတ်တိုဆိုရင် သူကမျောက်ညို ဆိုတာသိတယ်မဟုတ်လား"

"အောင်မာမာ...ကိုမင်းနော်"

သူ့စကားကြောင့် မိုးယုနွေကရယ်သည်။ စိမ်းနုက စိတ်ဆိုး ချင်ယောင်ဆောင်သည်လား၊ တကယ်စိတ်ဆိုးသည်လား မသိသော အမူအရာဖြင့် သူ့ကိုနောက်ခန်းကနေ လှမ်းဆိတ်သည်။

"အား..နာတယ်ဟ...ငါ လိုက်မကူဘဲနေလိုက်မှာနော်"

သူ့စကားကြောင့် စိမ်းနုက ဟက်ခနဲရယ်သည်။

"လိုက်မကူရင် အန်တီ့ဆီလှမ်းတိုင်မှာပေါ့...ကဲပါ... ဒဂုံစင်တာကို မောင်း...ကိုမင်းကို ဘာမှမပြောတော့ဘူး...ဟုတ် ပြီလား"

ကလေးတစ်ယောက်ကို လူကြီးတစ်ယောက်ကဆိုသလို လေသံမျိုးဖြင့် သူမကဆိုသည်။ သူ့ကားကို ပြည်လမ်းပေါ်မှာ စိတ် အိုက်အိုက်ဖြင့်မောင်းနေရင်း 'မျက်ဝန်းခပ်လက်လက်တစ်စုံ'ကို ထပ် လှည့်မကြည့်ရပါဘဲ မှတ်မိကာသွားသည်။

www.foreverspace.com.mm



**ဒဂုံ** စင်တာသို့ရောက်သောအခါ ကားကိုပါကင်ထိုးပြီး သုံးယောက်သား စင်တာထဲဝင်ခဲ့ကြသည်။

တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်ဝယ်နေကြသော သူမတို့ နှစ်ယောက်နောက်ကို လိုက်နေရသည်ကို ပျင်းရိကာလာသည်။ မိန်းကလေးအဝတ်အစားဆိုင်ရှေ့ တစ်ခါတစ်ရံ ဆိုင်ထဲထိပင်ဝင်နေရသည်က သူ့အတွက်စိတ်မသန့်လှ။

ဆိုင်တစ်ဆိုင်ကိုအရောက်မှာတော့ စိမ်းနုရော၊ မိုးယုနွေ့ပါ ဂါဝန်အင်္ကျီတစ်ထည်ကို ပြိုင်တူလက်ညှိုးထိုးရင်း 'လှတယ်တော့' ဟုဆိုသည်။

သူမတို့နှစ်ဦး လက်ညှိုးထိုးသည့်အင်္ကျီကို သူလှမ်းကြည့်မိတော့ သိပ်မထူးခြားသလိုသာ ခံစားရသည်။

"မိုးယု..နင်ကြိုက်တယ်မဟုတ်လား"

"အေး"

"ငါလည်းကြိုက်တယ်...ဒီလိုလုပ်..ငါတို့ဝတ်ကြည့်ရအောင်...အဆင်ပြေတယ်ဆိုရင် ဟိုကောင် ဒေလီ့မွေးနေ့မှာ ငါတို့နှစ်ယောက်ဆင်တူဝတ်သွားလို့ရတာပေါ့"

www.foreverspace.com.mm

"ကောင်းသားပဲ"

နှစ်ယောက်သား အတိုင်အဖောက်ညီစွာဖြင့်ဆိုကြရင်း သူ့ ကို နှစ်ယောက်စလုံးက အားနာသလိုလှည့်ကြည့်သည်။ ပြီးမိုးယုက ပင် ....

"ဒီတစ်ထည်ဝယ်ပြီးရင်တော့ ပြီးပါပြီ...ပျင်းနေပြီလား"

ဟု မေးသည်မို့ ...

"ရပါတယ်"

ဟု သူဖြေဖြစ်သည်။

'မေးမှမေးရက်ပလေတယ်ဟ' သူ တွေးမိသည်။ စိတ်မပါသော အလုပ်တစ်ခုကို လုပ်နေရသည်ထက် ပျင်းစရာကောင်းသော ကိစ္စမရှိမှန်း မသိ၍ မေးသည်လား။ သိသိနှင့် မကောင်းတတ်၍ မေးသည်လား မသိ။ စိတ်ချဉ်ပေါက်သွားမိသည်ကတော့ အမှန်။

"ငါ အရင်ဝတ်ကြည့်လိုက်မယ်နော်"

ဟုဆိုရင်း စိမ်းနုက ဂါဝန်ကိုကိုင်ကာ Fitting room (အဝတ်လဲခန်း) ထဲဝင်ကာသွားသည်။

"ကိုမင်း ခဏလေးနော်"

ဟု သူ့ကိုပါလှည့်၍ဆိုသွားသော စိမ်းနုဝင်သွားသည့် အခန်း၏ တံခါးမှ "စီစီတီဗီ (CCTV) ကင်မရာ လုံးဝတပ်မထားပါ"ဆိုသောစာတမ်းကို ဘာရယ်မဟုတ်ကြည့်ဖြစ်သည်။

ခဏကြာတော့ စိမ်းနုက စောစောက သူမယူဝင်သွားသော ဂါဝန်ကိုဝတ်ထားလျက်နှင့်ပင် Fitting room တံခါးကိုဖွင့်ကာ မိုးယုနှွေကိုလှမ်းခေါ်သည်။

လိုက်ကြည့်နေခြင်းမဟုတ်သော်လည်း Fitting room ဘက် မျက်နှာမူ၍ မနေသင့်သည်မို့ ဆိုင်မှစာရေးမလေး လာချပေးသော ထိုင်ခုံမှာပင် Fitting room ကိုကျောပေး၍ထိုင်နေဖြစ်သည်။

www.foreverspace.com.mm

အချိန်အတော်ကြာတော့ စိမ်းနုသူ့ရှေ့ကိုရောက်ကာလာသည်။

"ပျင်းနေပြီလား ကိုမင်း"

'လာပြန်ပြီတစ်ယောက်' ဟု သူတွေးဖြစ်သည်။

"ပျင်းတာပေါ့ဟ…ပျင်းတာမှ ပြောမပြတတ်အောင်ကို ပျင်းနေတာ"

ခပ်ဆောင့်ဆောင့်ပင်ဆိုဖြစ်သော သူ့စကားကို စိမ်းနုက 'ပြက်လုံး' တစ်ခုကြားလိုက်ရသလိုမျိုး သဘောထားဟန်တူသည်။ ဟက်ခနဲရယ်ရင်း …

"ပြီးတော့မှာပါ"

ဟုဆိုသည်။

ခဏကြာသောအခါ မိုးယုနွေပါ သူတို့နှစ်ယောက်နားကို ရောက်ကာလာသည်။ စိမ်းနုက …

"OK လား"

ဟု လှည့်ကာမေးသည်။ သူ၏ကျောဘက်မှာရှိနေသော မိုးယုနွေထံမှ ….

"အင်း" ဟူသောအဖြေကို ကြားရသည်။

မီးပုံးပျံလိုလို လုံးတုံးတုံးကြီးဟု သူမြင်သော ၄င်းဂါဝန်နှစ်ထည်ကို 'လှလှချည့်ရဲ့' ဟုဆိုကာ သူမတို့နှစ်ယောက် ဝယ်ကြသည်။

"ဒီဂါဝန်နဲ့ဝတ်ဖို့ ဖန်စီဆွဲကြိုးလေးတွေ ရှာဦးမှပဲ"

စိမ်းနုထံမှ ထွက်လာသောစကားကြောင့် သူစိတ်လေကာသွားရသည်။ စောစောကပဲ သူမက 'ပြီးတော့မှာပါ' ဟုဆိုခဲ့သည်ကိုး။ ပြီးတော့မည်ဆို၍ ဝမ်းသာသွားမိသောစိတ်တို့က ဝုန်းခနဲအပေါ်ရောက်ပြီးမှ အောက်ပြန်ပြုတ်ကျသည်။ စင်တာတစ်ခုလုံးလည်းနှံ့သွားပြီမို့ ဝင်စရာဆိုင်က မရှိတော့။

www.foreverspace.com.mm

မျက်နှာကြီးရှုံ့မဲ့ကာသွားသော သူ့ကိုကြည့်ရင်း စိမ်းနုက ဟီးခနဲရယ်ကာ မျက်နှာချိုသွေးသည်။

“ဒီစင်တာမှာကတော့ ပြီးသွားပြီ…ဟိုလေ…ယုဇနပလာဇာမှာ ဖန်စီဆွဲကြိုးလေးတွေဝယ်ပြီးရင်တော့ ပြီးပြီသိလား”

“မသိဘူးဟေ့..မသိဘူးဟ”

ဟု သူထကာအော်ပစ်ချင်စိတ်ပေါက်သွားရသည်။

“ဒီနေ့ ဈေးဝယ်လို့ရော ပြီးဦးမှာလား စိမ်းနု…နင်တို့ နှစ်ယောက်ကြည့်ရတာ ပါတဲ့ပိုက်ဆံကုန်မှဈေးဝယ်ရပ်မယ့်သဘောလား”

ဟု ခပ်ဆတ်ဆတ်မေးသောအခါ စိမ်းနုက …

“အဟဲ”

ဟု ရယ်သည်။ မိုးယုနွေလည်း စိမ်းနုကဲ့သို့ ခပ်ရှက်ရှက်ဖြင့် ပြင်ရယ်သည်။ ခွက်ခနဲဝင်သွားသော မိုးယုနွေ၏ဘယ်ဘက်ပါးပြင်မှ ပါးချိုင့်ကို ဖျတ်ခနဲသူမြင်လိုက်ရသည်။ ‘လှတော့ အတော်လှတာဟ’ ဟု သူတွေးဖြစ်သည်။ စောစောကတော့ ၄င်းပါးချိုင့်ငယ်လေး သူမမှာရှိမှန်း သူသတိမထားမိခဲ့။

ယုဇနပလာဇာဆီ ကားကိုမောင်းလာရင်း ဘာရယ်မဟုတ် လက်မှနာရီကို ပင့်ကာကြည့်ဖြစ်သည်။

“ကိုမင်း ဗိုက်ဆာနေပြီလား”

စိမ်းနု၏အမေးကို …

“မဆာပါဘူး”

ဟု သူဖြေဖြစ်သည်။

“မသိပါဘူး … နာရီကြည့်နေတော့ ဗိုက်များဆာနေပြီလားလို့”

‘နာရီကြည့်တိုင်း ဗိုက်ဆာရမှာလား’ ဟု သူစိတ်ပေါက်

ပေါက်ဖြင့် တွေးဖြစ်သည်။ အလကားနေရင်း မိဘပိုက်ဆံဖြုန်းနေကြသော စိမ်းနုတို့နှစ်ယောက်ကို ဘယ်လိုများနှိပ်ကွပ်လိုက်ရပါ့ဟု သူ တွေးဖြစ်သည်။

“နင်တို့ပိုက်ဆံကို ဒီလိုသုံးပုံဖြုန်းပုံနဲ့ကတော့…ယောကျ်ားရရင် အရိုက်ခံရမှာ ကျိန်းသေတယ်”

“ဩော်..ဒါလေးများ…ရိုက်တတ်တဲ့ယောကျ်ားဆို မယူဘူးပေါ့”

မိုးယုနွေက မျက်နှာကိုချိုရင်း ရွှတ်နောက်နောက်ဖြေသည်။

“မိုးယုကလဲ..အဲဒါတွေကြိုတွေးမိလို့ ယောကျ်ားမယူဘူး…အပျိုကြီးပဲလုပ်မှာလို့ ဖြေလိုက်တာမဟုတ်ဘူး…ဘာရယ်ညာရယ်တော့မဟုတ်ဘူး…လူရှိန်တာပေါ့”

စိမ်းနုက ‘ခွီး’ခနဲရယ်ရင်း ဆိုသည်။

“သဘောကတော့ နင်တို့နှစ်ယောက် အပျိုကြီးလုပ်မယ့်အစီအစဉ်မရှိဘူးဆိုပါတော့”

“မရှိတာ..”

သူ့အမေးကို သူမတို့နှစ်ယောက်က ပြိုင်တူဖြေသည်။ ပြီးသူမတို့ဘာသာ သူမတို့သဘောကျကာရယ်ကြသည်။

“ဒါပေမဲ့ နင်တို့နှစ်ယောက်ရဲ့ နဖူးရေ၊ ဒူးရေကြည့်ရတာ အပျိုကြီးဖြစ်ကြမယ့်လက္ခဏာပဲဟ…သေချာတယ်…နင်တို့နှစ်ယောက်ကို ကြိုက်မယ့်လူရှိမှာမဟုတ်ဘူး…ရှိခဲ့ရင်တောင် နင်တို့ရဲ့အသုံးအဖြုန်းကိုကြည့်ပြီးတော့ ထားခဲ့မှာသေချာတယ်”

“ဘယ်ကလာ ကြိုက်မယ့်လူမရှိရမှာလဲ…စိမ်းနု ငါတို့ဘယ်လောက်စွံလဲဆိုတာ ပြောပြလိုက်စမ်းပါဟာ”

မိန်းကလေးများ၏ထုံးစံအတိုင်း ‘ကြိုက်မယ့်လူမရှိဘူး’ဟု အပြောခံရသည်နှင့် ဆတ်ဆတ်ထိမခံတတ်သူများထဲတွင် သူမတို့

www.foreverspace.com.mm

နှစ်ယောက်လည်းပါသည်။

မိုးယုနွေက စိမ်းနုကို 'ပြောပြလိုက်စမ်းပါ'ဟု မခံချိမခံသာ ဖြင့်ဆိုသည်။

"ပြောရင်လည်း ကြွားရာကျဦးမယ်…စိမ်းနုနဲ့ မိုးယုတို့ဆီ Propose လုပ်လို့ရောက်လာကြတဲ့စာတွေကို ပိဿာချိန်နဲ့ရောင်းစား ရင်တောင် စီးပွားဖြစ်လောက်တယ်…တစ်နေ့တစ်နေ့ လာလာ ပို့ကြတဲ့ ပန်းစည်းတွေကိုဖြန့်လိုက်ရင် ပြင်ဦးလွင်က ကန်တော်ကြီး ပန်းခြံထဲက ပန်းခင်းလောက်ကိုများတာ"

"ဒါတောင် နင်တစ်ဝက်လျှော့ပြောထားသေးတယ် မဟုတ် လား"

တမင်ပင်ရွဲ့၍ဆိုလိုက်သော သူ့စကားကြောင့် စိမ်းနုရော မိုးယုနွေပါရယ်သည်။ နောက်ကြည့်မှန်မှမြင်နေရသော မိုးယု၏ဘယ် ဘက်မှပါးချိုင့်သည် ဖျတ်ခနဲ သူ့ရင်ကိုခုန်သွားစေသည်မို့ သူကမန်း ကတန်းပင် အာရုံကိုပြောင်းဖြစ်သည်။

"တကယ်တော့ နင်တို့အမြင်မှားနေကြတာဟ"

"ဘယ်လိုမှားတာလဲ"

သူ့အဆိုကြောင့် မိုးယုနွေက ဘယ်လိုမှားတာလဲဟုထောက် သည်။

"နင်တို့နေတဲ့အိမ်က အမှိုက်ပုံနဲ့နီးတော့ အမှိုက်ကားတွေ က အမှိုက်လာပစ်ကြရော…အဲဒီမှာ နင်တို့က အမှိုက်ပုံထဲကစာ အိတ်တွေ၊ ပန်းခြောက်တွေကိုကြည့်ပြီး စိတ်ကူးယဉ်ရာကနေ တကယ့် အဖြစ်အပျက်လို့ ထင်သွားကြရော…နောက်ပိုင်းတော့ အမှိုက်ကား က အမှိုက်လာပစ်တိုင်း နင်တို့က နင်တို့အတွက် Propose လုပ်တဲ့ စာအိတ်တွေ၊ ပန်းစည်းတွေလို့ထင်ပြီး ဘဝင်တွေမြင့်ကုန်ကြရော …တကယ်တော့ နင်တို့က အမြင်မှားနေရုံတင် မဟုတ်ဘူး…

ဘဝင်ရူးပါ ရူးနေကြတာ…အခုအချိန်မှာ စိတ်ရောဂါအထူးကုနဲ့ပြရင်ပြ…မပြရင် ပိုဆိုးလာနိုင်တယ်"

"ကိုမင်းနော်"

ပြောရင်း တဟားဟားရယ်သော သူ့စကားကြောင့် စိမ်းနုက 'ကိုမင်းနော်'ဟုဆိုရင်း ထအော်သည်။

"မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်တယ်ဆိုပေမယ့် သိပ်စိတ်ကူးယဉ်လွန်းရင်လည်း ဂေါက်သွားရော…ဒီတော့ အမှန် တရားကို လက်ခံနိုင်အောင်ကြိုးစားကြ…ဥပမာ ဩော်‥ငါတို့ နှစ်ယောက် Shopping တွေထွက်…အဝတ်အစားသစ်၊ အသုံး အဆောင်သစ်တွေနဲ့ လှအောင် ဘယ်လောက်ပဲနေနေ‥ ဘယ်သူမှ လည်း မကြိုက်ကြပါလား…အေးလေ‥ဘယ်လောက်ပဲ ပြင်ပြင် နဂိုမရှိတော့လည်း နဂိုင်း မထွက်ဘူးဆိုတာမျိုးပေါ့ဟာ"

ပြောရင်းက တခွီးခွီးရယ်သောသူ့ကိုကြည့်ရင်း သူမတို့နှစ်ယောက်ပါ အောင့်သက်သက်ဖြင့်လိုက်ရယ်ကြသည်။

"ဒါနဲ့ စကားမစပ်…စိမ်းနုသာမခေါ်ဖြစ်ရင် ကိုမင်း ဘယ်သွားဖို့စီစဉ်ထားလဲ"

ရုတ်တရက်ဖြတ်မေးသော စိမ်းနု၏ရှေ့စကားနှင့် အဆက် အစပ်မရှိသည့်မေးခွန်းကြောင့် သူကြောင်သွားရသည်။

စကားလမ်းကြောင်းလွှဲတာလားဟုတွေးရင်း နှိပ်ကွပ်ရန် စကားလုံးတို့ကို အပြေးအလွှားစဉ်းစားဖြစ်သည်။

ဖျတ်ခနဲဆို အင်တာနက်ထဲမှဟာသတစ်ခုကို သူသတိရမိသည်မို့…

"ငါ ဒီနေ့တိရစ္ဆာန်ရုံသွားမလို့ စဉ်းစားထားတာ"

"တိရစ္ဆာန်ရုံ"

"ဘာလဲ‥အမျိုးတွေ သွားကြည့်မလို့လား"

www.foreverspace.com.mm

သူ့စကားအဆုံး စိမ်းနုက တိရစ္ဆာန်ရုံဟု သံယောင်လိုက်သည်။ မိုးယုနွေက အမျိုးတွေသွားကြည့်မလို့လားဟု ဆိုသည်။

ခွင်က အထူးတလည်ပြင်ဆင်စရာမလိုဘဲ ဝင်ကာလာသည်။

"ငါက တိရစ္ဆာန်ရုံသွားပြီး မျောက်သွားကြည့်ချင်လို့ဟ…ဒါပေမဲ့ အခုတော့ သွားစရာမလိုတော့ဘူး…နင်တို့နှစ်ယောက်မြင်နေရတာနဲ့ ငါ့အာသီသတွေပြေသွားပြီ"

"ဘာ.."

"မိုးယုတို့ကို မျောက်နဲ့နှိုင်းလိုက်တာလား"

စိမ်းနုက 'ဘာ' ခနဲဆိုရင်း ဒေါသတစ်ပိုင်းဖြင့် ကြောင်အအဖြစ်သွားချိန်မှာ မိုးယုက အထက်ပါအတိုင်း အောင့်သက်သက်ဖြင့် ထမေးသည်။

"နှိုင်းစရာလားဟ…နင်တို့နဲ့ မျောက်နဲ့နှိုင်းလို့ ဘယ်ဖြစ်မလဲ"

ရယ်ကျဲကျဲဖြင့်ဆိုသော သူ့စကားကြောင့် 'အခုမှ လာဖားမနေနဲ့' ဟူသောသဘောဖြင့် စိမ်းနုတို့နှစ်ယောက်က မျက်စောင်းထိုးသည်။

တကယ်တော့ သူ့စကားက ဆုံးသေးသည်မဟုတ်။

"နင်တို့ကို မျောက်နဲ့နှိုင်းရင် မျောက်သိက္ခာကျသွားမှာပေါ့ဟ"

"ဘာ"

"ကိုမင်းစုတ်နော်"

မိုးယုနွေ၏ 'ဘာ' ဆိုသော အာမေဍိတ်သံအဆုံးမှာ စိမ်းနုက 'ကိုမင်းစုတ်နော်' ဟုဆိုရင်း ရှေ့မှကားမောင်းနေသော သူ့ကိုဆွဲကာ ဆိတ်သည်။ ပြီး နှစ်ယောက်စလုံး နှုတ်ခမ်းကြီးစူကာ သူ့ကို

စကားမပြောတော့။

"နင်တို့နှစ်ယောက်ကို တစ်ခုခုကျွေးဦးမှပဲ…တိရစ္ဆာန်ရုံသွားစရာမလိုတော့ ငွေကုန်၊ အချိန်ကုန်သက်သာသွားတဲ့ အထိမ်းအမှတ်နဲ့ပေါ့ဟာ"

ရယ်ကြဲကြဲဖြင့်ဆိုသော သူ့စကားကို သူမတို့နှစ်ယောက် စလုံးမတုံ့ပြန်ကြတော့။

ယုဇနပလာဇာမှာ ကားပတ်ကင်ထိုးပြီးသည်နှင့်တစ်ပြိုင်နက် သူမတို့နှစ်ဦးက ဆတ်ခနဲဆင်းကြသည်။

"ကိုမင်း စောင့်နေမှာလား…လိုက်ခဲ့မှာလား"

"မလိုက်တော့ပါဘူး…နင်တို့ ဘယ်အချိန်ပြန်ရောက်မယ်ဆိုတာ ပြောခဲ့လေ…ငါ ငါ့သူငယ်ချင်းဆိုင် သွားလည်စရာရှိသေးတယ်"

စိမ်းနု၏ဘောက်ဆတ်ဆတ်အမေးကို သူပြန်၍ဖြေဖြစ်သည်။ သူ့စကားကြောင့် မိုးယုနှင့်စိမ်းနုက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ ပြီး စိမ်းနုက သူ၏လက်မှနာရီကိုပင့်ကြည့်ရင်း …

"နာရီဝက်လောက် ပြန်ဆုံမယ်လေ…စိမ်းနု ဖုန်းဆက်လိုက်မယ်"

"အေး ဟုတ်ပြီ"

စိတ်ဆိုးပြေသေးဟန်မတူသော စိမ်းနုတို့နှစ်ယောက်က မျက်စောင်းကိုယ်စီထိုးရင်း ကျောခိုင်းကာထွက်သွားသည်။

သူလည်း ဘော်ဒါ၏ Handset ဆိုင်ဘက်ထွက်ခဲ့ဖြစ်သည်။ ဘော်ဒါနှင့်အတူ အသစ်ရောက်သော GSM - WCDMA - CDMA - Handset များအကြောင်း ထိုင်ပြောနေကြရင်းက အချိန် ကကုန်မှန်းမသိ ကုန်ကာလာသည်။

"ဒါနဲ့ အခုတလော အရောင်းအဝယ်ဘယ်လိုလဲကွ"

"မဆိုးပါဘူး··ရောင်းအား နည်းနည်းလေးတက်လာတယ်"

ဘော်ဒါက မေးစေ့ကိုပွတ်ကာ စဉ်းစားရင်းဆိုသည်။ ပြီး

"အခု မင်းတစ်ယောက်တည်းလာတာလား···ဟိုကောင်သက်နိုင်တို့ မပါဘူးလား"

သူငယ်ချင်း၏အမေးကို သူခေါင်းရမ်းပြဖြစ်သည်။ ဟိုကောင်တွေ မပါဟူသောသဘော။

"တစ်ယောက်တည်းလာတာတော့ မဟုတ်ဘူး···ကောင်မလေးနှစ်ယောက်ကို လိုက်ကူတာ"

"ဟိုက်ရှားပါး··ကောင်မလေးနှစ်ယောက် ဟုတ်လား···ငါ့ကောင် တယ်ကြီးပွားနေပါလား"

သူငယ်ချင်း၏စကားကြောင့် သူရယ်ချင်သွားရသည်။

"ကြီးပွားလား၊ မကြီးပွားလားတော့ မသိဘူးဟေ့···ဒဂုံစင်တာမှာ ခြေတိုအောင်လိုက်နေရလို့···ဒီရောက်တော့ အလိမ္မာ သုံးပြီး မင်းဆိုင်မှာလာနပ်နေတာ···သူတို့ဈေးဝယ်သလောက်သာ လိုက်နေရလို့ကတော့ ညောင်းလိုက်မယ့်ဖြစ်ခြင်း"

"ဟ··မင်းကလဲ···သူတို့ကြောင့် ညောင်းတာဆိုတော့ သူတို့ပြန်နှိပ်ခိုင်း၊ နင်းခိုင်းပေါ့ကွ"

"မလုပ်ပါနဲ့ကွာ ···လည်မျိုကိုတက်နင်းလိုက်လို့ မင်းသူငယ်ချင်း မိန်းမ မရဘဲ ဘဝကူးနေရဦးမယ်"

ပြောရင်းဆိုရင်း နှစ်ယောက်သားရယ်နေကြတုန်းမှာ သူ့အိတ်ကပ်ထဲမှ ဖုန်းကထမြည်သည်။ ကြည့်လိုက်တော့ စိမ်းနု၏ဖုန်း။

"ဟဲလို··ကိုမင်း"

"အေး ပြော"

"စိမ်းနုတို့ ···ဆိုင်ကစောင့်နေမယ်···သိတယ် မဟုတ်လား···ဟိုတစ်ခေါက်ကထိုင်တဲ့ ဆိုင်လေ"

"အေး..သိတယ်"

"ဟုတ်ပြီ...ဒါဆို အဲဒီဆိုင်မှာပဲစောင့်မယ်နော်"

"အေး အေး"

ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်သောအခါ သူငယ်ချင်းက ပြုံးစိစိဖြင့်ကြည့်သည်။

"ဘယ်လိုလဲ သက်တော်စောင့်ကြီး"

"ငါ ဒိုးတော့မယ်"

"အေးပါကွာ...ဟိုက ဖုန်းနဲ့လှမ်းခေါ်နေပြီဆိုတော့ ငါ့ဆိုင်မှာ ဘယ်ဆက်ထိုင်ချင်တော့မှာလဲ"

"မဟုတ်ပါဘူးကွာ...ကဲ ကဲ ငါလစ်ပြီ"

"အေး အေး"

ဘော်ဒါကိုနှုတ်ဆက်ပြီး သူ စိမ်းနုတို့စောင့်နေမည်ဆိုသော စားသောက်ဆိုင်ဆီ လျှောက်ခဲ့ဖြစ်သည်။

ဆိုင်ရှေ့ကိုရောက်တော့ မချွေချောက လက်လှမ်းပြသည်။

"ကဲ..ကိုမင်း ဘာစားမလဲ...စိမ်းနုတို့က မှာပြီးပြီ"

ထိုင်ခုံမှာထိုင်သောသူ့ကို စိမ်းနုကဆိုသည်။

"နင်တို့ ဘာမှာထားလဲ"

"မြေအိုးထမင်း...ဘာဖြစ်လို့လဲ"

စိမ်းနုက သူ့အမေးကိုဖြေပြီး မေးခွန်းပြန်ထုတ်သည်။

"ငှက်ပျောသီးဖျော်ရည်တို့၊ ငှက်ပျောကြော်တို့၊ ငှက်ပျောသီးဆနွင်းမကင်းတို့များ မှာထားသလားလို့"

"ဘာကိစ္စမှာရမှာလဲ"

သူ့စကားအဓိပ္ပာယ်ကို နားလည်ဟန်မတူသော စိမ်းနုက အူကြောင်ကြောင်ဖြင့်ပြန်၍မေးသည်။ မိုးယုနွေကတော့ သဘောပေါက်ဟန်တူသည်။ စိမ်းနုကို အသာလက်ကုတ်ရင်း ...

"ငါတို့ကို Monkey လို့ပြောနေတာ"

"ဩော်"

ထိုအခါမှသဘောပေါက်ကာ မရွှေချောက 'ဩော်'ဟု ရေရွတ်ရင်း ရယ်ကျဲကျဲလုပ်နေသောသူ့ကို မျက်စောင်းထိုးကာ ပွစိပွစိ ရွတ်သည်။

"ဒါနဲ့..နင်တို့လိုချင်တာတွေရော ရခဲ့ရဲ့လား"

"ရတယ်"

ပြေရာပြေကြောင်းမေးသော သူ့အမေးကိုစိမ်းနုက 'ရတယ်' ဟု ခပ်ပြတ်ပြတ်ဖြေသည်။

"နင်တို့ရဲ့ အဲဒီဖန်စီဆွဲကြိုးတွေ ဘာတွေက ပြန်ရောင်းစား လို့ရတာလည်း မဟုတ်ဘဲနဲ့...တော်တော်ဝယ်ကြတာပဲဟ နော်.. ငွေမနမြောဘူးလား"

"မိုးယုတို့က တစ်နေ့တစ်သိန်းဖိုးလောက် ဝယ်နေတာမှ မ ဟုတ်တာ...တစ်လမှတစ်ခါ၊ နှစ်လမှ တစ်ခါလောက်ပဲဝယ်တာ ...ဒီလောက်နဲ့ကတော့ စီးပွားမပျက်လောက်ဘူးထင်တာပဲ... ဒါပေမဲ့ မိုးယုတို့တွေ ဖန်စီပစ္စည်းတွေဝယ်တယ်ဆိုတာက ပွဲလေးဘာ လေးသွားစရာရှိမှ ဝယ်တာပါ...အလကားနေရင်းနဲ့ကတော့ မဝယ် ပါဘူး...မိုးယုတို့လည်း ငွေနမြောတတ်ပါတယ်"

နှုတ်ခမ်းအနည်းငယ်စူရင်း ဆိုနေသော မိုးယုနွေကိုကြည့် ရင်း သူ့ပို၍ပို၍စချင်လာသည်။ ဆတ်ဆတ်ထိမခံသော မိန်းကလေး မျိုးဆို သူအားကြီးစ,ချင်သည်။ ထိုကလေးမ မိုးယုနွေကပင် စကားကို ဆက်သည်။

"ပြီးတော့ မိုးယုတို့ ဒီဖန်စီပစ္စည်းတွေဝယ်တယ်ဆိုတာ တကယ်တော့ အနုပညာဆန်ဆန် တန်ဖိုးထားပြီးတော့ဝယ်တာ... ဒီဖန်စီပစ္စည်းတွေက တစ်ခါတလေ ပန်းချီကားတစ်ချပ်လိုကြည့်လို့

မဝအောင် အဓိပ္ပာယ်တွေနဲ့ပြည့်လျှမ်းနေတတ်တာလေ''

''အလကြီးပါလား''

ဟု သူတွေးဖြစ်သည်။ ဒီရှုပ်ယှက်ခတ်နေသော ဆွဲကြိုးတွေ၊ နားကွင်းတွေ၊ လက်ကောက်တွေကလည်း ပန်းချီကားတစ်ချပ်ဖြစ်နေပြန်သည်။ သူမပြောသလိုပန်းချီကားဆိုလျှင်တောင် ဤပန်းချီ ကားက စိတ္တဇပန်းချီကားပဲဖြစ်လိမ့်မည်။

''ပြောမယ့်သာပြောနေရတာပါ…ကိုမင်းတို့ယောကျ်ားလေး တော်တော်များများက ပန်းချီမပြောနဲ့…သာမည အနုပညာတွေကိုတောင် ခံစားတတ်တာမဟုတ်ဘူး…အလွန်ဆုံးခံစားတတ် ရင် သီချင်းတို့၊ ရုပ်ရှင်တို့လောက်ပဲ နေမှာပေါ့…သီချင်းဆိုရင်တောင် Orchestra (အော်ခက်စ်ထရာ) လိုတီးဝိုင်းကြီးနဲ့ ဂီတသံသက်သက်ဖျော်ဖြေတာမျိုးဆို ခံစားတတ်တော့မှာမဟုတ်ဘူး… ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားလေးတော်တော်များများရဲ့ အနုပညာခံစားတတ်မှုအဆင့်က နိမ့်တယ်လေ''

အင့်ခနဲနေသွားသော မိုးယုဏ်ထိုးနက်သည့်စကားလုံးများက သူ့ရင်ကို နင်တင်တင်ကြီးဖြစ်သွားစေသည်။ သူချေပဖို့ပြင်ဆင်ရန် စကားလုံးရှာနေဆဲမှာ မိုးယုက …

''ဟာသတစ်ခု ပြောပြဦးမယ်…ပန်းချီနဲ့ပတ်သက်ပြီး ယောကျ်ားတွေ ဘယ်လောက်ညံ့လဲဆိုတာလေ''

''အင်း ဖွဲ့ပါဦး..အဲလေ ဆိုပါဦး''

သူ တမင်ပင်ဆိုဖြစ်သည်။

''တစ်နေ့မှာ ပန်းချီစတူဒီယိုထဲကို ယောကျ်ားတစ်ယောက်ရောက်လာပြီး ပန်းချီဆရာကိုချီးမွမ်းသတဲ့…'ခင်ဗျားရဲ့ ဒီပန်းချီ ကားက လက်ရာမြောက်လိုက်တာများ ကျွန်တော်တွေ့ဖူးသမျှထဲမှာ တော့ ဒီပန်းချီကားက ခေတ်ရေ့အပြေးဆုံး မော်ဒန်ပန်းချီကားပဲဗျ'

ဆိုပြီးတော့ပေါ့ . . . အဲဒီမှာ ပန်းချီဆရာက ကောင်းကောင်းကြီး စိတ်ပိန်သွားတယ်တဲ့"

"ဘာဖြစ်လို့လဲ"

မိုးယုရဲ့စကားကို စိမ်းနုကဝင်ထောက်ပေးသည်။ မိုးယုက သူ့ကို ဝေ့ခနဲတစ်ချက်ကြည့်ရင်း . . .

"အဲဒီယောကျ်ား လက်ညှိုးထိုးပြီးပြောနေတာက ပန်းချီကား မဟုတ်ဘဲနဲ့ . . . ပန်းချီဆရာ ဆေးစပ်တဲ့ဘုတ်ပြားကြီးဖြစ်နေတာကိုး . . . ဒီတော့ ပန်းချီဆရာခမျာ စိတ်လေပြီပေါ့ . . . ယောကျ်ားလေး တော်တော်များများက ဒီလိုပါပဲ . . . သူတို့အသိ၊ သူတို့အတတ် သိပ် လုပ်ချင်ကြတာ . . . ပြီးတော့ လုပ်သမျှက တလွဲတွေချည်းပဲ"

မိုးယုက စကားအဆုံးမှာ သူ့ကိုနှိပ်ကွပ်ရခြင်းအတွက် အ တော်ကြီးအားရသွားဟန်ဖြင့် ရယ်သည်။ စိမ်းနုကလည်း အတော် ကြီးကျေနပ်သွားဟန်ဖြင့် . . .

"နောက်ထပ်ဥပမာ မရှိတော့ဘူးလားဟဲ့"

"ရှိသေးတာပေါ့"

သူမတို့အတိုင်အဖောက်ညီနေစဉ်မှာပင် စားပွဲထိုးက 'ဘာ စားမလဲ' ဟု သူ့ကိုမေးသည်။ 'မြေအိုးမီးရှည် Seafood နဲ့' ဟု သူမှာ ပြီး မိုးယုတို့ဘက်ပြန်လှည့်ပေးရသည်။ နှိပ်ကွပ်လက်စနှင့် နှိပ်ကွပ် ခွင့်ပြုသည့်သဘော။ သူတို့ပြီးပြီဆိုမှ သူကောင်းကောင်းကြီး ပြန်နှိပ် ကွပ်ပစ်မည်ဟု စိတ်မှာတေးထားဖြစ်သည်။

"ဒီလိုဟ"

"ဟိုလိုဟလို့ မရဘူးလား"

'ဒီလိုဟ' ဟု အစချီကာ မိုးယုနှွေ့၏စကားကို သူ Mood ပျက်အောင်ဝင်နှောက်ဖြစ်သည်။ သို့သော် မိုးယုက အရှိန်မပျက်ပင် စကားကိုဆက်သည်။ သူ့စကားကို သူမ မကြားယောင်ပြုသည်။

"တစ်နေ့မှာ ကားတစ်စီးက လမ်းချော်ပြီးတော့ လမ်းဘေးက သစ်ပင်တစ်ပင်ကို ဝင်ကျုံးတယ်တဲ့…အဲဒီအချိန်မှာ လမ်းဘေးမှာ ရှိနေတဲ့လူတွေအုံလာပြီး အဲဒီကားကိုမောင်းလာတဲ့ ဒရိုင်ဘာကို ကူညီမလို့လုပ်ကြတယ်တဲ့…အဲဒီမှာကားသမားဆီ ခပ်သုတ်သုတ် ပဲ အရင်ဆုံးရောက်သွားတာက ငါတို့လိုထက်မြက်သွက်လက်တဲ့ မိန်းကလေးတစ်ယောက်ဆိုပဲ"

ပြောပြီး မိုးယုက ပြောလက်စစကားကိုရပ်ကာ ဟက်ခနဲ ရယ်သည်။ ဘယ်ဘက်ပါးပေါ်မှာ ပေါ်လာသောပါးချိုင့်ကိုကြည့်ရင်း 'အနိုပ်ကွပ်ခံရသမျှ တန်သည်'ဟု သူတွေးနေဖြစ်သည်။

"အဲဒီအချိန်မှာပဲ ကိုမင်းလိုပဲ သူ့ကိုယ်သူအထင်ကြီးပြီး မိန်းကလေးတွေကို အထင်သေးတတ်တဲ့လူတစ်ယောက်က အဲဒီ ကားသမားရှေ့မှာရောက်နေတဲ့ မိန်းကလေးကိုတွန်းဖယ်သတဲ့ … နှုတ်ကလည်း ပြောသေးတယ်…'ခင်ဗျား ဘေးဖယ်နေစမ်း ပါ… ကျုပ်က ရှေးဦးသူနာပြုသင်တန်းဆင်း ဗျ' ဆိုပြီးတော့ပေါ့ …အဲဒီမှာ အတွန်းခံလိုက်ရတဲ့မိန်းကလေးက အောင့်သက်သက်ဖြစ်သွားတာပေါ့…ပြီးတော့ ရှေးဦးသူနာပြုသင်တန်းဆင်း ဆိုတဲ့လူရဲ့ပခုံးကို ခပ်ဆတ်ဆတ်ပုတ်ပြီး ဒီလိုပြောလိုက်သတဲ့ ‥'ဒီမှာ ဒီမှာ‥ ကိုမင်းမင်း …ဆရာဝန်ခေါ်ဖို့လိုလာရင် ကျွန်မကိုပြော သိလား… ကျွန်မက ဆရာဝန်တစ်ယောက်ရှင့်' ဆို ပြီးတော့ပေါ့"

မိုးယုက သူမစကားအဆုံးမှာ တခွီးခွီးဖြင့် သူ့ကိုကြည့်ကာ ရယ်သည်။

"နောက်ဥပမာရှိရင်လည်း ပြောပါဦးဟယ်…နင့်ဥပမာလေးတွေက ထိထိမိမိနဲ့ ရယ်ရတယ်ဟဲ့"

စိမ်းနုက သူ့ကိုကြည့်ကာရယ်ရင်း မိုးယုနွေကိုမြှောက်ပေးသည်။

"ဒါဆို မိုးယုက စောစောကပြောတဲ့ ဥပမာမှာ..ဆရာဝန်ပေါ့ ဟုတ်လား"

"ဒါပေါ့...ဆရာဝန်တောင်မှ ရိုးရိုးဆရာဝန်မဟုတ်ဘူး ...ထက်ထက်မြက်မြက်ရှိတဲ့ ဆရာဝန်"



မိုးယုက မျက်နှာကိုချိုရင်း သူ့ကိုဆိုသည်။ ထိုစဉ်မှာပင် မှာ ထားသောအစားအသောက်တို့က ရောက်လာသည်။

"ကဲ ကဲ..စားလိုက်ကြဦး...ကားပေါ် ရောက်တော့မှ ဆရာဝန်မတွေနဲ့ပတ်သက်တဲ့ ဥပမာတွေ ပြန်ပြောပြရသေးတာပေါ့"

သူ့စကားကြောင့် စိမ်းနုနှင့်မိုးယုက တစ် ယောက်ကိုတစ်ယောက်ပြုံးကာကြည့်ကြသည်။ သဘောက 'ကို မင်း'တစ်ယောက်တော့ ဆွေ့ဆွေ့ခုန်သွားပြီဆိုသည့်သဘော။

သူကတော့ စားရင်းသောက်ရင်းနှင့်ပင် နှိပ်ကွပ်ရန် ဟာသ Plot တို့ကိုရွေးနေဖြစ်သည်။



www.foreverspace.com.mm

ယု ဇနပလာဇာ ကားပတ်ကင်မှ စတင်ထွက်ခွာလာချိန်မှာ စိမ်းနုက ...

"ကိုမင်း ဆရာဝန်နဲ့ပတ်သက်တဲ့ဟာသ ပြောပြမယ်ဆို" ဟု အစပျိုးသည်။

"ဒီလိုဟ"

"ဟိုလိုဟလို့ မရဘူးလား"

သူ၏စကား အစပျိုးလျှင်ပျိုးချင်းမှာပင် မိုးယုက နှိပ်ကွပ်သည်။ စောစောက သူနှိပ်ကွပ်ထားသလို ပြန်နှိပ်ကွပ်သည်မို့ 'အမှတ်သည်းခြေကြီးလှချည်လား' ဟု သူတွေးဖြစ်သည်။

"ဘယ်လိုပဲ ဟ-ဟပေါ့..တစ်နေ့မှာ ပုဂ္ဂလိကဆေးရုံတစ်ခုရဲ့ဆရာဝန်များ နားနေခန်းမှာ စိမ်းနုလိုပဲ ထုံတဲ့ဆရာဝန်မ တစ်ယောက်က စကားစသတဲ့...'အခန်းနံပါတ် ငါးရာ့ငါးက လက်ကျိုးထားတဲ့ လူနာသစ်က တော်တော်ဖြောင့်တာပဲနော်' ဆိုပြီး တော့... အဲဒီမှာ မိုးယုလိုပဲ ပဲခပ်များများ ဆရာဝန်မက 'ဟုတ်ပ စိမ်းနုရေ ...အဲဒီလက်ကျိုးထားတဲ့လူနာသစ်က တော်တော်ဖြောင့်တာပဲ ...ဒါနဲ့ နင်ရော သူ့ကိုမျက်နှာသစ်မပေးဘူးလား... ဒီမနက်ခင်း

www.foreverspace.com.mm

မှာ သူနာပြုဆရာမ တွေ၊ လက်ထောက်ဆရာဝန်မတွေ၊ တစ်ယောက်ပြီးတစ်ယောက် မျက်နှာသစ်ပေးကြတာ…အခုဆို ကျွန်မအပါအဝင် ငါးယောက်တောင်ရှိပြီ' ဆိုပြီးတော့ ပြန်ပြောသတဲ့ဟ… ကြည့်ရတာ အဲဒီလူနာကလည်း ငါ့လိုရူပါ ခပ်ဖြောင့်ဖြောင့်ထဲက နေမှာပေါ့ဟာ…ဒီတော့လည်း နင်တို့လိုအူကြောင်ကြောင် ဖြစ်နေ တဲ့ ဆရာဝန်မတွေက ပြုစုချင်ကြတာပေါ့"

"အောင်မာ မာ…ဝေးပါသေးတယ်နော်"

သူ့စကားအဆုံးမှာပင် စိမ်းနုက နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ပက်ခနဲဆိုသည်။ မိုးယုက …

"သူ့ဟာသကလည်း ရယ်လည်းမရယ်ရဘူးနော် စိမ်းနု… ဒါပေမဲ့ အားနာပါးနာနဲ့ ရယ်ပေးလိုက်ပါဟာ…တော်ကြာနေ ပြောရသမားက ပြောအားမရှိဘဲနေမယ်"

ဟုဆိုရင်း တဟက်ဟက်ဖြင့် ချောင်းဆိုးသလိုလိုပုံစံနှင့် လုပ်ကာရယ်သည်။ စိမ်းနုကလည်း …

"ရယ်ရတယ်ဟေ့..ဖြဲ"

ဟု သမိန်ပေါသွပ်လိုရယ်သည်။ ပြီး ….

"လုပ်ပါဦး …အမှန်တကယ်ရယ်ရတဲ့ ဟာသတစ်ခုလောက်"

စိမ်းနု၏ပွဲတောင်းပုံက သိပ်တော့အချိုးမပြေလှ။ သို့သော် နှိပ်ကွပ်ချင်နေသေးသည်မို့ သူ စကားကိုဆက်ဖြစ်သည်။

"တစ်နေ့မှာ ဆရာဝန်လင်မယားနှစ်ယောက်က ခရီးသွားရင်းနဲ့ သွားဆေးခန်းဝင်ဖို့ကိစ္စက ကြုံလာတယ်တဲ့…အဲဒီမှာပဲ ဆေးခန်းထဲဝင်လာတဲ့နှစ်ယောက်ထဲက ဆရာဝန်မက 'ဒေါက်တာ ရယ် သွားတစ်ချောင်းနုတ်ချင်လို့ပါ…ခရီးဆက်ဖို့က အရေးကြီးနေလို့ ဘာထုံဆေးမှမပေးဘဲနဲ့ နုတ်လို့ရမလား' လို့ သွားဆရာဝန်ကို

www.foreverspace.com.mm

ပြောသတဲ့ . . . ဆရာဝန်ကလည်း တအံ့တသြနဲ့ဖြစ်သွားပြီးတော့ 'ထုံဆေးမပေးဘဲ အစိမ်းလိုက်နုတ်တာကို ခံနိုင်ရည်ရှိတယ်ပေါ့' လို့ ပြန်မေးတော့ . . . နင့်လိုပဲခပ်ထုံထုံဆရာဝန်မက 'ဟုတ်ကဲ့ . . . ခရီး က အရေးကြီးလို့ ခပ်သွက်သွက်လေးနုတ်ပေးပါ' လို့ ဆိုသတဲ့ . . . ဆရာဝန်ကလည်း 'ကဲ ကဲ . . ဘယ်သွားနုတ်မှာလဲ ပြပါဦး' လို့ ပြန်မေးတာပေါ့ . . . အဲဒီမှာ ဆရာဝန်မက သူ့ယောကျ်ားဆရာဝန်ဘက်ကို လှည့်ပြီးတော့ 'ကဲ ကိုဟုတ္တာ . . ရှင့်ရဲ့နာနေတဲ့သွား ဆရာ့ကိုပြလိုက်လေ' လို့ ပြောသတဲ့"

သူ့စကားအဆုံးမှာ မိုးယုတို့နှစ်ယောက် ခွီးခနဲရယ်သည်။

"အဲဒီစောစောကပြောခဲ့တဲ့ အင်တာနက်ဟာသတွေလိုပဲ ခင်ပွန်းအပေါ်မှာ စာနာစိတ်မရှိတဲ့ မိန်းကလေးအကြောင်း ဟာသရှိသေးတယ် . . . အဲဒီမိန်းကလေးက အသုံးအဖြုန်းကြီးတဲ့ နင်တို့နဲ့ ပိုတောင်တူသေးတယ်"

"အင်း . . ပြောပါဦး"

စိမ်းနုက 'ပြောပါဦး' ဟု ဝင်၍ဆိုသည်။

"တစ်နေ့မှာ နင်တို့လိုပဲ အသုံးအဖြုန်းကြီးတဲ့ ရှင်မ တစ်ယောက်နဲ့ နင်တို့ဖြုန်းသမျှကို ကုန်းရုန်းပြီးငွေရှာပေးနေရတဲ့ ခင်ပွန်း တစ်ယောက်တို့က ခရီးတစ်ခုထွက်လာရင်းနဲ့ ဓားပြအတိုက်ခံ ရပါလေရောတဲ့ . . အဲဒီမှာ Lady First ဆိုတဲ့အတိုင်း ဓားပြခေါင်းဆောင်က အမျိုးသမီးကိုဦးစားပေးပြီး အခွင့်အရေးပေးသတဲ့ . . . သူမေးလိုက်တာက 'ကဲ ကဲ အစ်မကြီး . . . ခင်ဗျားရဲ့ယောကျ်ားနဲ့ ငွေမှာ ဘာကိုအဆုံးခံမလဲ' ဆိုပြီးတော့ပေါ့ . . အဲဒီမှာ နင်တို့လို ကိုယ်ချင်းစာစိတ်မရှိတဲ့ မငွေခင်က ဒီလိုမျိုးခေါင်းဆောင်ကို ပြန်ဖြေသတဲ့ . . . 'အောင်မလေး . . မေးမှ မေးတတ်ပလေတယ်ရှင် . . ကျွန်မက အရူး မှမဟုတ်တာ . . အဆုံးခံချင်းခံ ယောကျ်ားကိုပဲ အဆုံးခံမှာပေါ့ရှင်' တဲ့"

www.foreverspace.com.mm

သူ့စကားအဆုံးမှာ မိုးယုတို့နှစ်ယောက်က တခွီးခွီးဖြင့်ရယ်ကြသည်။ စိမ်းနုက

“ကုန်ပြီလား”ဟု သူ့ကိုအရယ်တစ်ဝက်ဖြင့်မေးသည်။

“ဘယ်ကုန်ဦးမလဲ…ကျန်သေးတယ်”

“လုပ်ပါဦး”

ဒီတစ်ခါတော့ မိုးယုကိုယ်တိုင်က ပွဲတောင်းကာလာသည်။

“မိန်းကလေးနဲ့ ယောကျ်ားလေးက တွေးခေါ်ပုံချင်းမတူကြတာကို ပြောပြမယ်…ငါတို့ယောကျ်ားတွေက ရဲရင့်တယ်…ဒီတော့ ပြဿနာတစ်ခုဖြစ်ရင် ကိုယ့်တာဝန်ကိုယ်ယူတယ်…မိန်းကလေးတွေကျတော့ ပြဿနာဖြစ်ရင် တစ်ဖက်သားကိုပဲ အပြစ်ပုံချတတ်တယ်…တစ်နေ့မှာ ကုမ္ပဏီတစ်ခုရဲ့ အစည်းအဝေးမှာ အမှုဆောင်အရာရှိနှစ်ယောက်က စကားများကြတယ်‥အမှုဆောင်အမျိုးသမီးက ‘ဒီကိစ္စဟာ ရှင့်ကြောင့်…ရှင်ဟာ တော်တော်တုံးတာပဲ…ရှင်သာ ကျွန်မရဲ့ခင်ပွန်းဆိုရင်လေ ရှင့်ကိုကျွန်မ အဆိပ်ခတ်သတ်မိမှာသေချာတယ်’ လို့ အပြစ်တင်သတဲ့…အဲဒီမှာ အမှုဆောင်အရာရှိကလည်း ယောကျ်ားကြီးတန်မဲ့ အပြောခံလိုက်ရတော့ စိတ်တိုပြီး ‘ဘယ်ကလာဗျာ‥ခင်ဗျားကြီးလို သူတစ်ပါးကိုပဲ အပြစ်ပုံချတတ်တဲ့သူသာ ကျုပ်ရဲ့မိန်းမဆိုရင်လေ ကျုပ်ဘာသာကျုပ် အဆိပ်သောက်ပြီးကို သေပစ်လိုက်မှာ ‥စိတ်ချ’ တဲ့”

စိမ်းနုက ခွီးခနဲရယ်သည်။ မိုးယုကတော့ ခပ်မဲ့မဲ့ပြုံးသည်။

“အဲဒီဥပမာမှာ ဘာကိုပြလဲဆိုတော့…မိန်းမတွေဟာ ရက်စက်တတ်တဲ့သဘောကိုပြပြီး…ယောကျ်ားတွေကတော့ နားအေးပါးအေးနေချင်ပြီး သူတစ်ဖက်သားကို သတ်လို၊ သေလိုစိတ်မရှိတာကို ပြတယ်”

“ဒါကတော့ လက်ဖမိုးနဲ့ လက်ဖဝါးပဲ”

သူ့စကားအဆုံးမှာ မိုးယုက ပက်ခနဲထ၍ဆိုသည်။

"ကဲ ကဲ..စကားကောင်းနေတာနဲ့ ကိုမင်းတို့ကွန်ဒိုရှေ့ကို ရောက်တော့မယ်...ဘာပဲပြောပြော ကျေးဇူးပဲနော် ကိုမင်း... နောက်လည်း လိုက်ကူဦး"

"ဟုတ်တယ်..ကိုမင်းပါလာတော့ မိုးယုတို့ ကိုယ့်ကိုယ် ကိုယ် တော်မှန်းတတ်မှန်း ပိုပြီးခံစားရတယ်...ဟိုရှေးဦးသူနာပြု ဥပမာ ထဲက ဆရာဝန်မလိုပေါ့"

စိမ်းနု၏စကားအဆုံးမှာ မိုးယုကပါ ခပ်ထွေ့ထွေ့ဖြင့် နှိပ်ကွပ် သည်။ သူ့ဘာစကားမှ မဆိုဖြစ်သေးဘဲ ကားကိုကွန်ဒိုရှေ့မှာ ရပ်ဖြစ် သည်။ သူမတို့နှစ်ယောက်က ရှေ့ခန်းဆီသို့ နောက်ခန်းမှရွေ့ကာ နေရာယူကြသည်။

သူက ကားရှေ့ခန်းမှ မိုးယုထိုင်နေသော ကားပြတင်းပေါက် ဆီလက်ထောက်ရင်း ဆိုလိုက်သောစကားကြောင့် သူမတို့နှစ်ယောက် ဒေါထပြီးကျန်ခဲ့ကြသည်။

"အေး..ငါကလည်း ကျေးဇူးတင်တယ်...ဒီနေ့ တိရစ္ဆာန် ရုံမသွားဘဲ မျောက်ပြပွဲကြည့်လိုက်ရလို့...သွားပြီ..တာ့ တာ"

လှည့်မကြည့်သော်လည်း သူမတို့ ပွစိပွစိရွတ်ကျန်ခဲ့မှန်း သူသိသည်။

ပြန်ကောင်းနေပြီဖြစ်သော ဓာတ်လှေကားအတိုင်း သူ အခန်းဆီတက်ခဲ့ဖြစ်သည်။ အခန်းတံခါးသော့ကိုဖွင့်ကာ ဝင်သွား သော သူ့ကို ဆရာသမားသုံးကောင်က ပြုံးစိစိကြည့်ရင်း ဆီး၍ကြိုကြ သည်။

"ဘယ်လိုလဲ ငါ့ကောင်...ပြုံးပြုံး ပြုံးပြုံးနဲ့...ပျော်စရာ တွေ တစ်ထောကြီးတွေ့လာတယ်ပေါ့လေ"

သက်နိုင်၏အမေးကို သူချက်ချင်းမဖြေဖြစ်။ တမင်အိုက်

www.foreverspace.com.mm

တင်ခံကာ ဆောင့်ကြွားကြွားစတိုင်ဖြင့် လမ်းလျှောက်ပြဖြစ်သည်။

"ကြည့် ကြည့်··မျက်ခွက်က···ဖြတ်ရိုက်ချင်စရာ ဘယ်လောက်ကောင်းထားတုန်း"

"အေးလေ··ဆောင့်မကန်ဘဲ ကန်ချင်အောင်လုပ်ပြနေသေးတယ်···ကဲ ကဲ··မေးတာဖြေပါဦး···ပျော်စရာတွေ တွေ့ခဲ့ရဲ့လား"

သန်းမောင်က သူ့ကိုကြည့်ရင်းမေးပြန်သည်။

"အေး··ပျော်စရာတွေ တွေ့ခဲ့တယ်···ဒါပေမဲ့ စိမ်းနုနဲ့မဟုတ်ဘူး···အချစ်ကိုလည်း ငါတွေ့ခဲ့တယ်···အဲဒီအချစ်က လည်းစိမ်းနုမဟုတ်ဘူး"

"ဟေ"

သူ့စကားအဆုံးမှာ သက်နိုင်တို့သုံးကောင်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ 'ဟေ'ဟု ရေရွတ်ကြသည်။



www.foreverspace.com.mm

မိုက်မဲတဲ့သူတွေက

မိန်းမယူတယ်။

အမြော်အမြင် ကြီးမားသူတွေကတော့

ယောက်ျားယူကြတယ်။

(ကွမ်စတန်တင် မယ်လီဟာန်)

www.foreverspace.com.mm

"ကွမ်စတန်တင် မယ်လီဟန်က 'မိုက်မဲတဲ့သူတွေက မိန်းမယူတယ် ... အမြော်အမြင်ကြီးမားသူတွေကတော့ ယောကျ်ားယူကြတယ်' တဲ့ကွ"

သက်နိုင်က မျက်နှာကိုရှုံ့မဲ့ကာ စာအုပ်တစ်အုပ်ကိုဖတ်ရင်းက ဆိုသည်။

"သူပြောသလိုဆို ငါတို့က ယောကျ်ားပဲပြန်ယူရတော့မလိုတောင်ဖြစ်နေပြီ"

အောင်ရဲက ခွီးခနဲရယ်ရင်း အထက်ပါအတိုင်းဆိုသည်။

"သူဆိုလိုချင်တဲ့အဓိပ္ပာယ်က အဲဒီလိုမဟုတ်ဘူးကွ ... မိန်းမတွေက ယောကျ်ားယူရင် ကံကောင်းသွားကြတယ် ... သူတို့က ယောကျ်ားရှာသမျှ သုံးဖြုန်းပြီး ယောကျ်ားကိုနွားလိုခိုင်းစားရမှာကိုး ... ယောကျ်ားတွေကျတော့ သူတို့နဲ့ဆန့်ကျင်ဘက်ပဲ ... မိန်းမယူလိုက်တာနဲ့ အိမ် 'ထောင်' လုံးလုံးကျတော့တာပဲ ... ဆိုတဲ့အဓိပ္ပာယ်ကွ"

"သိသားပဲ .. မင်းက ဆရာကြီးလား"

စကားလုံးအရှည်ကြီးသီကာ ရှင်းပြသော သန်းမောင် တစ်

ယောက် အောင်ရဲ၏ 'ဆရာကြီးလား' ဆိုသော ဘုကလန့်အမေးမှာ နှုတ်ပိတ်ကာသွားသည်။

"ဒါပေမဲ့ အဲဒီလူက မကောင်းမြင်ဝါဒီသမားမို့လို့ အဲဒီလို ဒဿနမျိုးထုတ်တာဖြစ်လိမ့်မယ်…တကယ်တော့ အိမ်ထောင်ကျ ပြီးမှ ပိုမိုပြည့်စုံသာယာသွားတဲ့ လင်မယားတွေလည်း ဒုနဲ့ဒေးမဟုတ် လား…သူ့စကားကိုသာ လိုက်နာကျင့်သုံးရရင် လူသားမျိုးဆက် တွေတောင် မျိုးတုံးသွားနိုင်တယ်"

သက်နိုင်က မေးစေ့ကိုပွတ်ရင်း ဆရာကြီးစတိုင်ဖြင့်ဆိုသည်။

"ဒါနဲ့ မင်းမင်းရေ…မနေ့က မင်းအချစ်ကိုတွေ့ခဲ့တယ် …အဲဒီအချစ်က စိမ်းနုမဟုတ်ဘူးဆိုတဲ့စကားက ဘာလဲကွ"

သန်းမောင်က သတိတရဖြင့် သူ့ဘက်လှည့်ကာဆိုသည်။

"ငါ့အချစ်ရဲ့နာမည်က မိုးယုနွေတဲ့ကွ…သူ့ရဲ့ဘယ်ဘက် ပါးမှာ ပါးချိုင့်လေးပါတယ်…မင်းတို့မျက်လုံးထဲမှာ မြင်ကြည့်လိုက် စမ်းပါ…ဘယ်ဘက်ပါးမှာ ပါးချိုင့်လေးတစ်ဖက်နဲ့ နတ်သမီး တစ်ပါးရဲ့အလှကို မြင်ယောင်ကြည့်လိုက်…အဲဒီမှာ ငါ့ရဲ့အချစ်ကို ခပ်ရေးရေးတွေ့လိမ့်မယ်"

"ကဗျာမဆန်လိုက်တာကွာ"

မျက်နှာကြက်ကိုမော့ကြည့်ရင်း ဓာတ်ရှင်ထဲကမင်းသားများ ပြောသလို ဒိုင်ယာလော့ခ်မျိုးဖြင့် ခပ်တည်တည်ဆိုသောသူ့ကို ပြော လိုက်သော အောင်ရဲ၏စကားကြောင့် သူနင်ခနဲဖြစ်သွားရသည်။

"ပါးချိုင့်ပါတိုင်းလည်း ကြည့်မကောင်းတဲ့လူတွေ တစ်ပုံကြီး ပဲ…ဥပမာ မင်းတို့ရဲ့ဘော်ဒါ စာရေးဆရာပြည့်ပိုင်မှူးအိမ်ကို ကြည့် ပါလား…ဒီကောင်ဆိုရင် ပါးချိုင့်နှစ်ဖက်စလုံးပါတာပဲ‥ဒါပေမဲ့ သူ့ကြည့်လိုက်ရင် နွားအနင်းခံထားရသလို ပါးကခွက်နေတယ် … အဲဒီကောင်နဲ့ ပါပါလာတတ်တဲ့ သူ့ဘော်ဒါ စာရေးဆရာ မိုးဆက်လင်း

www.foreverstore.com.mm

ထက်နဲ့ ထူးဆွေအောင်ဆိုလည်း ပါးချိုင့်တစ်ဖက်စီ ပါကြတာပဲ … ဒါပေမဲ့ သူတို့ပါးက ပါးချိုင့်ကျပြန်တော့လည်း ကြည့်မဖြစ်ဘူးလေ …ဟုတ်တယ် မဟုတ်လား‥ပါးချိုင့်သာပါတယ် …သူများ ပါးချိုင့်လို စန်းမပွင့်တော့ သူတို့သုံးယောက်စလုံး ဘယ်မှာ စွံသေး လို့တုံး"

သက်နိုင်၏စကားကို သန်းမောင်က ….

"ဟုတ်ပ့ါကွာ"

ဟု ထောက်ခံသည်။

"ဒါပေမဲ့ မိုးယုနွေ့ရဲ့ပါးချိုင့်ကျတော့ လှတယ်ကွ…ဟို ကောင် ပြည့်ပိုင်မှူးအိမ်တို့ပါးချိုင့်နဲ့တော့ တခြားစီပဲ…မိုးယုရဲ့ ပါးချိုင့်က ရယ်လိုက်ရင်ပဲဖြစ်ဖြစ်…စကားပြောရင်ပဲ ဖြစ်ဖြစ်… ခွက်ဝင်သွားတာကိုက ဂန္ထဝင်ဆန်နေတာကွ…ဟိုကောင် ပြည့်ပိုင် ရဲ့ပါးချိုင့်ကကျတော့ မင်းတို့ပြောသလိုပဲ…နွားအနင်းခံထားရ သလား‥မြင်းအကန်ခံထားရသလား‥ခွဲလို့မရအောင် ခပ်ခွက် ခွက် …တော်စမ်းပါကွာ…ဒီမှာ အချစ်အကြောင်းပြောနေတဲ့ အချိန်မှာ ဒီလူတွေအကြောင်းထည့်မပြောနဲ့ကွ…သူတို့က အချစ်နဲ့ ပတ်သက်လာရင် အင်မတန်ဘူပိတ်တဲ့လူတွေ‥တော်ကြာ ငါ့ပါလာ ပြီး ခတ်ကူးနေဦးမယ်"

သူ၏စကားကြောင့် အောင်ရဲက ….

"ဒါလည်း ဟုတ်တာပဲ"

ဟုဆိုသည်။

"ငါကလည်း စပ်မိလို့ပြောတာပါ…ဘူပိတ်နေတဲ့ မင်းတို့ ရဲ့ဘော်ဒါတွေအကြောင်း မပြောချင်ပါဘူး"

"အေး‥မပြောနဲ့"

သက်နိုင်နှင့်သန်းမောင်တို့က သဘောတူညီစွာဖြင့် ဆိုကြ

www.foreverspace.com.mm

သည်။ သူက စိမ်းနုနှင့်ပါလာကာ စကားဆိုဖြစ်ကြသော မိုးယု၏ အကြောင်းကို ဆက်ပြောပြဖြစ်သည်။

"ဒီလိုဆိုရင် အဲဒီမိုးယုနွေက ပန်းချီရူးလေးများဖြစ်နေမလားပဲ…မင်း စိမ်းနုဆီ လှမ်းနှိုက်ကြည့်ပါလား"

"ဘာလှမ်းနှိုက်ရမှာလဲကွ"

"Data ကိုပြောတာ…မိုးယုနွေရဲ့ CV ပေါ့ကွာ"

အောင်ရဲ၏အကြံပေးချက်က သူ့ခေါင်းထဲမှာ လက်ခနဲဖြစ်သွားသည်အထိ အကျိုးရှိကာသွားသည်။ ဟုတ်သည်။ မိုးယု အ ကြောင်း စိမ်းနုဆီလှမ်း၍ စုံစမ်းရမည်။



www.foreverspace.com.mm

I paint objects as I think them,

not as I see them.

Pablo Picasso

www.foreverspace.com.mm

ငါ အရာဝတ္ထုတွေကို

တွေးမိသလိုပဲ ဆွဲတာပါ။

ငါမြင်တွေ့တဲ့အတိုင်း

ဆွဲတာမဟုတ်ဘူး။

ပက်ဘလို ပီကာဆို

www.foreverspace.com.mm

"ငါ့မှာက အစ်ကိုမရှိဘူး…အဲ သူ့မှာလည်း အစ်မ၊ ညီမ မရှိဘူး…ဒီတော့ ငါက သူ့အပေါ်မှာ အမြဲဆိုးတာ… သူကလည်း ပွစိပွစိရွတ်တတ်ပေမယ့် ငါ့အပေါ်မှာတော့ အမြဲသည်းခံတယ်…ငါတို့အိမ်နှစ်အိမ်ကတော့ သူနဲ့ငါ့ကို နီးစပ်စေချင်ကြတယ်‥ဒါပေမဲ့ သူရောငါပါ တစ်ယောက်ကိုတစ်ယောက် မောင်နှမလိုပဲခင်ကြတာဆိုတော့ နှစ်အိမ်စလုံးက ဇွတ်အတင်းတော့ မစီစဉ်ကြဘူး…ဒါပေမဲ့ ကြံ့ရင်ကြံ့သလိုတော့ နားချကြတယ် … ငါ့မှာ ရည်းစားရှိတာကို သူသိတယ်…ငါ့ရည်းစား နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာကိုလည်း သူသိတယ်…ဒါပေမဲ့ သူက အဲဒီကိစ္စကို ငါ့အိမ် မသိအောင် ဖုံးထားပေးတယ်…တကယ်တော့ နှစ်အိမ်လုံးမသိအောင် ဖုံးထားရတာပါ…သူ့အိမ်သိမှတော့ ငါ့အိမ် လည်းသိတော့မှာကိုး…အဲ သူကတော့ လက်ရှိရည်းစား မရှိဘူး …မရှိတာထက် မထားဘူးဆိုတာက ပိုမှန်မယ်…သူ ဆယ်တန်း အောင်ခါစတုန်းကတော့ ငါတို့ကလောက အစ်မကြီး တစ်ယောက်ကို သူစဖူးတယ်… ကံဆိုးချင်တော့ ဟိုအစ်မကြီးမှာက ဆိုင်သူရှိနေတယ်…ပထမဆုံးအချစ်မှာ အသည်းကွဲသွားတယ်ပေါ့ဟာ…

www.foreverspace.com.mm

အဲဒီနောက်ပိုင်းမှာ သူ စိတ်နာသွားတာလား၊ စိတ်ကုန် သွားတာလား တော့ မသိဘူး… ရည်းစားမထားတော့ဘူး… တကယ်တမ်း သူထားချင်ရင်တော့ ရတာပေါ့ဟာ…မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေတဲ့သူပဲ… သူက သူ့မေဂျာမှာ King လေ …ဒါပေမဲ့ သူမထားခဲ့ဘူး"

"မောနေပေါ့မယ်ဟယ်…နားပြီးတော့လည်း ပြောလို့ရပါ တယ်…ဒါနဲ့ ဘာကိစ္စ နင်က ကိုမင်းရဲ့အကြောင်းတွေ ငါ့ကိုလာ ပြောနေတာလဲ"

"မပြောလို့မရတဲ့ကိစ္စ ပေါ်လာလို့ပေါ့ဟဲ့"

ဒိုင်ယာလော့ခ်အရှည်ကြီးကို မမောနိုင်မပန်းနိုင်ဆိုနေသော စိမ်းနုကို သူမကပြုံးထေ့ထေ့ဖြင့်မေးသောအခါ စိမ်းနုက အထက်ပါ အတိုင်းဆိုတော့သည်။

"သူက ငါ့ဆီဖုန်းဆက်ပြီး တဂျီဂျီနဲ့ နင့်အကြောင်းတွေ အစ် နေတာလေ…ငါက ကိုမင်းအကြောင်း မသိတဲ့လူမှမဟုတ်တာ …သူက အချစ်ကို မေ့နေတဲ့လူ …သူ အချစ်ကို မေ့ထားတာ တော် တော်ကြာပြီ…အခုမှ သူက အချစ်ကိုပြန်လည်တွေ့ထိဖို့ ကြိုးစား နေတာဆိုတော့ ငါကကူညီချင်လို့…ပွင့်ပွင့်လင်းလင်းပြောရရင် နင်နဲ့သဘောတူလို့…အောင်သွယ်လုပ်မလို့ပေါ့…ရှင်းလား… သူက ငါ့အစ်ကိုအရင်းလိုဖြစ်နေတာဆိုတော့ သူ့ရဲ့ဖြူစင်မှုကို ငါသိ တယ်…ဒီတော့ နင် သူ့ကိုပြန်ကြိုက်လိုက်…ဒါပဲ"

"ဟဲ့…ဟိုကတောင် ဘာမှမပြောသေးဘူး…နင်က ငါ့ကို ဇွတ်နားချနေပါလား"

သူမ ဟက်ခနဲရယ်ရင်း စိမ်းနုကိုဆိုဖြစ်သည်။ သူမ၏စကား ကြောင့် စိမ်းနုက ….

"သြော်…အေး ဟုတ်သားပဲ"

www.foreverspace.com.mm

ဟုဆိုရင်း ရယ်သည်။

“သူကမေးသေးတယ်…နင်က ပန်းချီတွေ ဘာတွေ စိတ်ဝင်စားလားတဲ့…ငါလည်း ဝင်စားတယ်လို့ဖြေလိုက်တယ်…နောက်ပြီးတော့ နင့်မှာဘာဘာညာညာရှိလားတဲ့…ရည်းစားရှိလားပေါ့ဟာ…ငါလည်း သူ့ကိုနည်းနည်းတော့စိတ်ဆင်းရဲချင် ဆင်းရဲသွားပလေ့စေဆိုပြီးတော့ မသိဘူးလို့ပြောလိုက်တယ်”

ပြောရင်း စိမ်းနုကရယ်သည်။


“ငါကလည်း အကျင့်ကိုပါနေပြီ သိလား…ကိုမင်းကိုဆိုနည်းနည်းလေးပဲဖြစ်ဖြစ် ညှဉ်းတော့ညှဉ်းဆဲလိုက်ရမှ…ဒါပေမဲ့ သူ့ကိုစိတ်ထဲ ဂျလိဂျလိဖြစ်အောင်တော့ လုပ်ပေးလိုက်တယ်…ငါမိုးယုဆီအစ်ကြည့်ပြီးရင်တော့ ဖုန်းပြန်ဆက်ပေးမယ်လို့…ကဲမရွှေချောရဲ့သဘောကရော ဘယ်လိုလဲ…ငါ မရှိဘူးလို့ပြောလိုက်ရမလား…မသိရသေးဘူးလို့ ပြောလိုက်ရမလား”

စိမ်းနုက ရယ်ကျဲကျဲလုပ်ရင်းမေးသည်။ သူမ ဘာမှပြန်မဖြေဖြစ်။ ရုပ်ဖြောင့်သည်ဆိုခြင်းထက် ဆွဲဆောင်မှုအားပြင်းသည်ဟုဆိုရမည်ဖြစ်သော ကိုမင်းမင်း၏ပုံရိပ်ကို ပြန်၍မြင်ယောင်သည်။

ကားမောင်းရင်း နောက်ကြည့်မှန်မှနေ ခိုးခိုးကြည့်တတ်သောမျက်ဝန်းတစ်စုံအကြောင်း သူမရင်ထဲမှာ ဝှက်ထားမိနေဆဲဖြစ်သည်။

စိမ်းနုကို ပြောပြလို့မဖြစ်။

စိမ်းနုကိုပြောပြလိုက်သည်နှင့် သတင်းက ချက်ချင်း တစ်ဖက်ကိုရောက်သွားမှာသေချာသည်။ ဘာပြောပြော လူတစ်ယောက်ကိုနှလုံးသားကတိမ်းညွတ်ရုံနှင့် မချစ်သင့်။ နည်းနည်းတော့ အချိန်ယူလေ့လာရလိမ့်မည်ဟု သူမတွေးဖြစ်သည်။



www.foreverspace.com.mm

A picture is a poem without words.

Horace

ပန်းချီကားတစ်ချပ်ဆိုတာ

စကားလုံးမရှိတဲ့ကဗျာတစ်ပုဒ်ပဲပေါ့။

ဟောရေ့

www.foreverspace.com.mm

“Horace ရဲ့စကားက ငါတို့နှစ်ယောက်စလုံးအတွက် သိပ်မှန်တာပဲကွာ…ပန်းချီကားတစ်ချပ်ဆိုတာ စကားလုံးမရှိတဲ့ကဗျာ တစ်ပုဒ်ပါပဲတဲ့…မင်းတို့စဉ်းစားကြည့်လေ…တကယ်တမ်းကျတော့ ခံစားတတ်မယ်ဆိုရင် ကဗျာတစ်ပုဒ်ဆိုတာကလည်း အရောင်မရှိတဲ့‥ဒါမှမဟုတ် စုတ်ချက်မရှိတဲ့ ပန်းချီကားတစ်ချပ်ပဲမဟုတ်လား”

“ဘာမှလည်း မဆိုင်ဘူး”

“အေးလေ‥ကြောင်တောင်တောင်နဲ့”

သူ့စကားအဆုံးမှာ အောင်ရဲနှင့်သက်နိုင်က အသီးသီးကောက်ချက်ချကြသည်။ သန်းမောင်က ခေါင်းကိုကုတ်သည်။

“Horace ရဲ့စကားက မင်းတို့နှစ်ယောက်အတွက် သိပ်မှန်တယ်…ပန်းချီကားက စကားလုံးမရှိတဲ့ကဗျာ…ကဗျာက အရောင်မရှိတဲ့ပန်းချီကား…ဟ ဘာတွေလဲကွ…မင်းမင်း‥မင်းစိတ်တော့နှံ့ပါသေးတယ်နော် …ကြောင်တယ်ဆိုတာထက် တောင်မင်းဟာက ပိုကြောင်နေသလိုပဲ”

“ဒီလိုကွ”

"အေး..ပြောပါဦး"

'ဒီလိုကွ'ဟူသော သူ့စကားကို အောင်ရဲက 'အေး ..ပြောပါဦး'ဟု စကားကိုထောက်သည်။ သက်နိုင်နှင့်သန်းမောင်ကတော့ 'သွားရှာပြီ'ဟူသောသဘောဖြင့် သူ့ကို ပြုံးစိစိကြီးတွေနှင့်ကြည့်နေကြသည်။

"မိုးယုက ပန်းချီနဲ့ပတ်သက်သမျှကို စိတ်ဝင်စားတဲ့လူ... ပန်းချီကိုချစ်တဲ့လူ...ငါကကျတော့ ကဗျာတွေရေးတဲ့လူ...ကဗျာချစ်တဲ့လူ"

"ဟုတ်ပြီ"

သူ့စကားကို အောင်ရဲက 'ဟုတ်ပြီ'ဟုထောက်သည်။

"တစ်နည်းပြောရရင် ပန်းချီကိုချစ်တဲ့မိုးယုက ပန်းချီကို ကိုယ်စားပြုတယ်...ကဗျာကိုချစ်တဲ့ငါက ကဗျာကိုကိုယ်စားပြုတယ်"

သူ့စကားကိုနားထောင်ရင်းက အောင်ရဲတို့သုံးကောင်သား တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြသည်။ သဘောက 'ဒီကောင်တော့ ဝေါက်သွားရှာပြီထင်တယ်' ဆိုသောသဘော။

"အဲ..အဲဒီတော့"

သက်နိုင်က မျက်နှာကြီးရှုံ့မဲ့လျက် စကားဆက်နိုင်အောင် အထစ်ထစ်အငေါ့ငေါ့ဖြင့်ဆိုသည်။

"အဲဒီတော့ မိုးယုက ပန်းချီကားတစ်ချပ်...ငါက ကဗျာတစ်ပုဒ်"

"ဟကောင် မင်းမင်း...မင်း စိတ်အေးအေးထားစမ်းပါကွာ...သူငယ်ချင်း စိတ်ကိုငြိမ်ငြိမ်ထားနော်...မင်းရဲ့စိတ်တွေကို ဘယ်ကိုမှ မလွင့်သွားစေနဲ့...ငါ့ကိုကြည့်စမ်း...ငါ ဘယ်သူလဲ သိတယ်မဟုတ်လား"

"ခွီးတဲ့မှပဲ"

သန်းမောင်က သူ့ပခုံးကိုကိုင်ကာရမ်းရင်း နောက်သော စကားကို အောင်ရဲတို့နှစ်ကောင်က ခွက်ထိုးခွက်လန်ရယ်သည်။ သူပါ ရယ်ချင်လှသည်မို့ ၄င်းတို့နှင့်ရောကာ ရယ်ဖြစ်သည်။

"ငါ့ကောင်··ငါတို့ ဘယ်သူတွေလဲဆိုတာရော မှတ်မိရဲ့ လား···ပြောစမ်းပါဦးကွ···ငါတို့ ဘယ်သူတွေလဲ"


အောင်ရဲက တဝါးဝါးတဟားဟားရယ်ရင်း နောက်တောက် တောက်ဖြင့် သူ့ကိုမေးသည်။ သဘောက သူစိတ်ဖောက်သွားသဖြင့် ၄င်းတို့က ထိန်းကျောင်းကာပေးနေရသည့်သဘော။ သက်နိုင်ကတော့ သူ့ကိုကြည့်ကာ အူကိုနှိပ်၍ရယ်သည်။

"မင်းတို့က ငါလက်တိုလက်တောင်းခိုင်းနေတဲ့လူတွေပဲ··· မမှတ်မိစရာမရှိပါဘူး"

"ကြည့် ကြည့်···သူ့ဆရာတွေကိုတောင် မမှတ်မိတော့ဘူး ···ထင်ရာမြင်ရာတွေ စွတ်ပြောနေပြီ···အဖြစ်ဆိုးလှချည်လား သူငယ်ချင်းရာ··ဟေ မင်းမင်းရဲ့"

"တော်စမ်းပါ သက်နိုင်ရာ···မင်းပြောတဲ့ပုံစံက အသုဘ မှာပြောနေတာကျနေတာပဲ···မင်းလုပ်ပုံနဲ့ ငါက သေပေးရမလို ဖြစ်နေပြီ"

အောင့်သက်သက်ဆိုသောသူ့စကားကြောင့် သကောင့်သား သုံးကောင်က ရယ်ကြပြန်သည်။ ဘာရယ်မဟုတ်။ သူပါ အောင့်သက် သက်ဖြင့် ရောကာရယ်ဖြစ်သည်။



www.foreverspace.com.mm

❝ အဲဒါပဲ စိမ်းနုရေ…နင်တို့ရဲ့ကလောသားကတော့ ကလော ပြန်ရတော့မယ် မထင်ဘူး…အထူးကုနဲ့ ကြပ်ကြပ်မတ်မတ် ပြုမှဖြစ်တော့မယ်…နင်ပဲစဉ်းစားကြည့်လေဟာ …သူ့ကိုယ်သူ ကျတော့ ကဗျာတစ်ပုဒ်တဲ့ …ဟိုတစ်ယောက် ကျတော့ ပန်းချီကား တစ်ချပ်တဲ့…သူတို့နှစ်ယောက်က ဆက်စပ်နေတယ်ဆိုပဲ"

ပြောရင်း အောင်ရဲကရယ်သည်။

"ဘာတဲ့ ပန်းချီကားဆိုတာ စကားလုံးမပါတဲ့ကဗျာတစ်ပုဒ် ဖြစ်သလို ကဗျာဟာလည်း အရောင်မရှိတဲ့ပန်းချီကားတစ်ချပ်ပါပဲတဲ့"

"ခံစားမှုရှိရင် ဆက်စပ်လို့ရတယ်ကွ ငတုံးရ…မင်းတို့က တော့ အနုပညာခံစားမှု အဆင့်နိမ့်တဲ့လူတွေဆိုတော့ ဘယ်ခံစား တတ်မလဲ"

"အာ‥ဒါဆို စိမ်းနုလည်းပါသွားပြီ…စိမ်းနုလည်း ကိုမင်း ရဲ့ဒဿနကို မခံစားတတ်ဘူး"

အောင်ရဲကိုဆိုသော သူ့စကားကိုထောက်ကာ စိမ်းနုကဆို သည်။

"အဲဒီနေ့ကတည်းက ဒီကောင့်ကို အရိပ်တကြည့်ကြည့်နဲ့ကို

www.foreverspace.com.mm

စောင့်ကြည့်ရတော့တာ…နင် စဉ်းစားကြည့်လေ…တော်ကြာ တော်ကြာ သူ့ကိုယ်သူပန်းချီကားတစ်ချပ်ပါဆိုပြီး နံရံမှာတက်ကပ် နေရင် ဘယ်လိုလုပ်မလဲ …နောက်ပြီးတော့ သူ့ကိုယ်သူ ကဗျာ တစ်ပုဒ်ပါ‥လေထဲမှာ လွင့်မျောပါရစေဆိုပြီးတော့ ဝရံတာကနေ ခုန်ချရင် ဘယ်လိုလုပ်မလဲ…ဟုတ်တယ် မဟုတ်လား"

အောင်ရဲ၏ပြောင်ချွတ်ချွတ်စကားကြောင့် စိမ်းနုကရယ် သည်။ ပြီး မျက်နှာကြီးနီကာ ရှက်ရှက်ဖြင့်ခေါင်းကုတ်နေသောသူ့ကို ကြည့်ရင်း ….

"စိမ်းနု‥ဒီအကြောင်းတွေကို မိုးယုသိအောင် ပြောပြလိုက် မယ် သိလား"

"လျှောက်မလုပ်နဲ့နော် စိမ်းနု…နင်သွားပြောလို့ကတော့ ဟိုကိစ္စ နင့်အိမ်သိပြီသာမှတ်"

ရယ်ကျဲကျဲဖြင့်ဆိုနေသော စိမ်းနုကို သူကိစ္စတစ်ခုဖြင့် ခြိမ်း ခြောက်ဖြစ်သည်။ နိုင်ငံခြားသွားသော သူမချစ်သူ၏ကိစ္စမှန်း စိမ်းနု သိသည်။

"နောက်တာပါ"

"အဲဒီလို လိမ္မာမှပေါ့"

'နောက်တာပါ' ဆိုသော စိမ်းနုကို သူ အထက်ပါအတိုင်းဆို ဖြစ်သည်။ စိမ်းနုက …

"တကယ်တော့ စိမ်းနုက အောင်သွယ်တော်ပဲဥစ္စာ… ကိုမင်း အကြောင်းတွေကို မိုးယုဆီအရမ်းသွားပြောပါ့မလား … စိတ်ချ လုံးဝမပြောဘူး…အခုလည်း စိမ်းနုက ကိုမင်းနဲ့မိုးယုဆုံဖို့ အတွက် Plan တစ်ခုချထားတယ်"

"ဘယ်လို Plan လဲ"

"နောက်တော့ သိမှာပေါ့"

ပျာယီးပျာယာပင်မေးသော သူ့အမေးကို စိမ်းနုက ခပ်အေးအေးဖြေသည်။

ပြီး စိမ်ပြေနပြေဖြင့် အအေးဘူးထဲမှအအေးကို ဇိမ်ဆွဲကာ သောက်ပြသည်။

"နင်မပြောပြရင် ငါက ဘယ်လိုသိမှာလဲဟ…စိမ်းနုကလဲ လုပ်တော့မယ်…ငါက နင်ခိုင်းသမျှလုပ်ပေးရဲ့သားနဲ့…နင် Shopping သွားချင်တယ်ဆိုရင် ကားမောင်းသမား၊ Shopping လုပ်ပြီးရင်လည်း နင့်ပစ္စည်းတွေ သယ်ကူတယ်…နင့်ရဲ့အထူးလျှို့ဝှက်ချက်တွေကိုလည်း နင့်အိမ်မသိအောင် ဖုံးထားပေးတယ် …ကဲ ဒီလောက် နင့်အပေါ်ကောင်းတဲ့လူကို နင်က ညှဉ်းပမ်းချင်သေးတာပဲလား"

မျက်နှာကိုငယ်အောင် တမင်လုပ်ရင်းဆိုသော သူ့စကားကြောင့် စိမ်းနုကပြုံးစိစိနှင့်ပင် သူ့ကိုကြည့်သည်။

"ဖားချင်ယောင်ဆောင်မနေပါနဲ့…Shopping သွားဖို့ အဖော်မရှိလို့ခေါ်တော့ မလိုက်ချင်ဘဲနဲ့…သူမလိုက်ချင်လို့ စိမ်းနု မှာ လူကြမ်းကြီးလုပ်ပြီး အန်တီဆီဖုန်းဆက်တိုင်ရတယ်…ရတယ် ဒီကရှေ့ဆို လုံးဝ ကိုမင်းကိုမခေါ်ဘူး…မိုးယုနဲ့အဖော်ရနေပြီဆို တော့ နှစ်ယောက်သား အတူတူသွားလို့ရတယ်…ဒါပဲ"

"တစ်ခါတလေပဲ နင့်ကိုလိုက်မကူတာပါဟာ…နောက်ဆို ငါ အမြဲတမ်း နင်တို့သွားလေရာ လိုက်ကူမယ်..ဟုတ်ပြီလား"


"ရတယ် မလိုက်ကူနဲ့…စိမ်းနုတို့ကလည်း မခေါ်ဘူး"

"ရပါတယ်..ခေါ်ပါ"

"မခေါ်..တာ…"

သူက 'ခေါ်ပါ'ဟုဆိုတိုင်း စိမ်းနုက 'မခေါ်တာ' ဟုနောက်သည်။

တကယ်တော့ စိမ်းနုခေါ်ပါသည်။ သူငယ်ချင်းတစ်ယောက်၏မွေးနေ့ Dinner ကိုသွားရန် မိုးယုနှင့်သူမနှစ်ယောက်တည်းမို့လို့ဟူသော အကြောင်းပြချက်ဖြင့် စိမ်းနု သူ့ကိုဇာတ်ညွှန်းရေး ပေးခဲ့သည်။



www.foreverspace.com.mm



ဟိုတလောကမှ ဒဂုံစင်တာမှဝယ်ထားသော Evening Dress ဆင်တူဖြင့် မိုးယုနှင့်စိမ်းနုတို့ အိမ်ထဲမှထွက်လာကြသည်။

ဒီဇိုင်းတူသော်လည်း အရောင်မတူသော ဂါဝန်များဖြင့် စိမ်းနုတို့နှစ်ယောက် တစ်ယောက်တစ်မျိုးစီလှနေကြသည်။

စိမ်းနုက မိုးယုနားကိုကပ်ကာ ဘာပြောလိုက်သည်မသိ။ မိုးယုက ရက်ဝဲဝဲဖြင့် စိမ်းနုကို ဖျတ်ခနဲလှမ်းရိုက်သည်။ ပြီး သူ့ကို တစ်ချက်လှမ်းကြည့်သည်။

ဆင်စွယ်ရောင် Evening Dress ဖြင့် အလှကြီးလှနေသော မိုးယုကို နတ်သက်ကြွေလာသော နတ်သမီးတစ်ပါးလို လှလွန်းနေသည်မို့ သူမင်သက်စွာပင် ကြည့်နေဖြစ်သည်။

"အဟမ်း အဟမ်း"

စိမ်းနု၏လုပ်ကာဆိုးသော ချောင်းဆိုးသံကြောင့် သူ အာရုံကို ကမန်းကတန်းပြန်၍ စုစည်းဖြစ်သည်။ စိမ်းနုက ကားထဲကို မဝင်သေးဘဲ ကားဘော်ဒီမှာ လက်တစ်ဖက်ကို ဟန်ပါပါထောက်ရင်း

"ကိုမင်း…စိမ်းနုတို့နှစ်ယောက် ဘယ်သူပိုလှလဲ"

စိမ်းနု၏ပြောင်ချော်ချော်အမေးကြောင့် သူ့မျက်နှာ ပူခနဲ

www.foreverstore.com.mm

ဖြစ်သွားရသည်။ သူရှက်သွားမိသလို မိုးယုလည်းရှက်သွားသည်ထင့်။ စိမ်းနုအား လှမ်းဆိတ်လိုက်သည်ကို မြင်နေရသည်။

"မေးစရာလားဟ…ငါက အမှန်အတိုင်းပြောလိုက်ပြန်ရင်လည်း နင်က ခတ်တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်လိမ့်ဦးမယ်"

အားတင်းရင်းဆိုဖြစ်သော သူ့စကားကြောင့် စိမ်းနုက ..

"ကိုမင်းစုတ်"

ဟု ထုံးစံအတိုင်းရေရွတ်သည်။ ပြီး နှစ်ယောက်သား ကားနောက်ခန်းမှာ ဝင်ထိုင်ကြ၏။ အိမ်ရှေ့မှမောင်းထွက်လာသော သူ့ကို စိမ်းနုက မွေးနေ့ပွဲလုပ်သည့် သူငယ်ချင်းအိမ်၏လိပ်စာကို ရွတ်ပြသည်။

"နင်တို့နှစ်ယောက် ပြဿနာအတော်ရှာတာပဲ"

ဆိုင်းမဆင့် ဘုံမဆင့်ပင်ဆိုသော သူ့စကားကြောင့် သူမတို့နှစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားကြရင်းက စိမ်းနုက …

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ…နင်တို့နှစ်ယောက်က နတ်သမီးရှုံးအောင်လှနေတော့ မွေးနေ့ရှင်က နင်တို့လောက်မှမလှရင် ငုတ်ပြီပေါ့ဟ"

"အေးလေ..သူ့အလိုလိုလှနေမှတော့လည်း ဘယ်တတ်နိုင်မလဲ…ဒါတောင် ရုပ်ဆိုးအောင် မနည်းရုပ်ဖျက်လာသေးတာ"

'လှပါတယ်ဆိုနေမှ..ဒါတောင် ရေမချိုးရသေးဘူးဆိုသောသူနှင့်တော့ တွေ့နေပြီ'ဟု သူတွေးဖြစ်သည်။ နောက်ကြည့်မှန်မှနေ လှမ်းခိုးကြည့်တော့ အလှကြီးလှနေသော သူမ၏မျက်ဝန်းနှင့် မှန်ထဲမှဖျတ်ခနဲဆုံသည်။ 'ဟိုက်..ခိုးကြည့်တာ မိပြီဟ'ဟု သူမျက်နှာပူပူဖြင့် တွေးမိသည်။

"အဟမ်း..စကားလေးဘာလေးလည်း ပြောကြဦးလေ

www.foreverspace.com.mm

... တိတ်ဆိတ်နေရင် ပျင်းစရာကြီး...ကဲ ကိုမင်းက ဟိုတစ်နေ့က လို ဟာသလေး၊ ဘာလေးပြောဦးမှပေါ့ ...ကုန်ပြီလား ..အင်တာ နက်ထဲက ဟာသတွေ"

စကားမဆိုဖြစ်ကြဘဲ တိတ်ဆိတ်နေမှုကို စိမ်းနုက စတင် ဖြိုခွဲသည်။

"ငါ့ဦးနှောက်ထဲမှာ ရှိနေတဲ့ဟာသတွေက မိန်းကလေး မကောင်းကြောင်းတွေပဲများတော့ ပြောရမှာအားနာတယ်"

သူ့စကားအဆုံးမှာ ကမန်းကတမ်းနောက်ကြည့်မှန်မှနေ သူမကိုလှမ်းအကြည့် သူမနှုတ်ခမ်းဆတ်ခနဲမဲ့သွားသည်ကို မြင်ရ သည်။

"ရပါတယ်..ပြောပါ...ရယ်ရမယ်ဆိုရင်တော့ အနှိပ်ကွပ် ခံရလည်း မဆိုးဘူးလို့ပဲ သဘောထားရတော့မှာပေါ့...ဟုတ်တယ် မဟုတ်လား မိုးယု"

စိမ်းနုက မိုးယုကို ပခုံးဖြင့်အသာတွန်းရင်းဆိုသည်ကို မှန် မှတစ်ဆင့် သူမြင်နေရသည်။ သူစိတ်ဝင်စားနေကြောင်း စသိရသည့် အချိန်မှစ၍ သူမဘက်မှစကားသိပ်မဆိုတော့။

ဤသည်က မိန်းမမာယာများထဲမှ တစ်ခုလားမသိပါ။ ဣန္ဒြေသိက္ခာများ နေ့ချင်းညချင်းစောင့်စည်းသွားခြင်းက မိန်းကလေး များ၏စတိုင် သို့မဟုတ် လိုအပ်ချက်ဟုဆိုလျှင်တော့ သူ ထိုအချင်း အရာကို စိတ်ပျက်သည်။ ဒါကလည်းသူ့ဘက်မှ တစ်ဖက်သတ်ခံယူ ချက်သာဖြစ်သည်။ ခံစားချက်ဖြစ်သည်။

သူမတို့မိန်းကလေးများဘက်မှနေပြန်လျှင်လည်း ချဉ်းကပ် လာမှန်း အသိသိကြီးနှင့် အရောတဝင်နေပြန်လျှင်လည်း မသင့် တော်လှသည်မို့ ထိန်းထိန်းသိမ်းသိမ်းနေခြင်းဖြစ်လိမ့်မည်။

"ဘယ်လိုလဲ..ဟာသက မစသေးဘူးလား...ဒါမှမဟုတ်

ပြောစရာကိုပဲ မရှိတော့တာလား"

"မဟုတ်ပါဘူး…ဘယ်ကစပြောရမှန်းမသိ ဖြစ်နေလို့"

စိမ်းနု၏အမေးကို သူကမန်းကတမ်းပင် ဖြေဖြစ်သည်။ စကားမဆို တိတ်ဆိတ်နေသောသူမကိုဦးတည်ကာ နည်းနည်းတော့ နှိပ်ကွပ်လိုက်ဦးမည်ဟု သူတွေဖြစ်သည်။

"ဟိုတစ်ခေါက်ကလည်း ပြောပြဖူးပြီးပြီ … မိန်းမနဲ့ ယောကျ်ားနဲ့မတူတဲ့အချက်ကိုပေါ့…အခုလည်း အဲဒါတွေနဲ့ခပ်ဆင်ဆင်ပါပဲ…မိန်းမတွေဟာ မရှိဘဲနဲ့လည်း ကြွားဝါချင်ကြတယ်တဲ့ …တစ်နေ့မှာစုတ်ပြတ်သတ်နေတဲ့ တဲစုတ်ထဲကမိန်းမလုပ်သူက ယောကျ်ားလုပ်တဲ့လူကို လှမ်းခေါ်တယ်…'မောင်ရေ'တဲ့…'ဒီမှာ ဝီစကီနဲ့မြည်းဖို့ ဘဲကင်တွေ၊ ဝက်ပေါက်ခြောက်တွေပြင်ထားပြီးပြီ …လာခဲ့တော့'တဲ့…

မိန်းမရဲ့အော်ခေါ်သံကကျယ်တော့ အိမ်နီးနားချင်းတွေ လည်း မျက်လုံးပြူးကုန်ကြတာပေါ့…သူတို့အသိုင်းအဝိုင်းမှာ ဝီစကီ တို့၊ ဘဲကင်တို့၊ ဝက်ပေါင်ခြောက်တို့ဆိုတာက ကြားရုံပဲကြားဖူးတဲ့ အစားအသောက်တွေကိုး…အဲဒါနဲ့ ယောကျ်ားလုပ်သူကလည်း တဲထဲကိုအံ့အားတသင့်နဲ့ ဝင်ခဲ့တာပေါ့…ပြီးတော့ မိန်းမလုပ်သူကို ခပ်တိုးတိုးမေးတယ်…'မိန်းမ‥မင်း ငါ့ကိုနောက် နေတာလား' ဆိုပြီးတော့…

အဲဒီမှာ မိန်းမကပြန်ဖြေတယ်… 'မောင့်ကို မနောက်ပါ ဘူး' တဲ့…'အိမ်နီးနားချင်းတွေကို နောက်နေတာပါ'တဲ့ … မိန်းမ တွေရဲ့ ကြွားချင်ပုံက အဲဒီလို"

သူ့စကားအဆုံးမှာ စိမ်းနုက ဟက်ခနဲရယ်သည်။ မိုးယုက တော့သူမ၏ ခပ်ဖူးဖူးနှုတ်ခမ်းတို့ကို လက်ဝါးဖြင့်အသာကာရင်း ခပ် တိုးတိုးရယ်သည်။

www.foreverspace.com.mm

စိမ်းနုက ....

"ဒါပဲလား"

ဟု ပွဲတောင်းပြန်သည်။

"အင်း..မိန်းမတွေ အစားသရမ်းတတ်ကြသလောက် ယောကျ်ားတွေ အနုပညာဆန်တတ်ပုံတွေကိုလည်း ပြောပြဦးမယ် ...လသာပြီး ကြယ်တွေလည်းလှပနေတဲ့ ညတစ်ညမှာ လင်မယား နှစ်ယောက်က ကောင်းကင်ကြီးကို မော့ကြည့်နေကြတယ်... ယောကျ်ားလုပ်သူက အဲဒီမှာပြောတယ်...'ဒီလိုလသာတဲ့ညမျိုးမှာ ကောင်းကင်ကိုမော့ကြည့်ရတာ အရမ်းကြည်နူးဖို့ကောင်းပါလား မိန်းမရာ...တစ်ခါတစ်ခါကျတော့ ကောင်းကင်က ဖိုးလမင်းမှာ မင်းရဲ့ပုံရိပ်ကိုတောင်မြင်ယောင်ပြီး ကိုယ်ချစ်စိတ်တွေတက်လို့ လမင်းကိုတောင် တက်ပြီးနမ်းလိုက်ချင်တယ်...အဟုတ်'လို့ သူ့ မိန်းမကိုပြောပြတယ်...သူ့မိန်းမကတော့ 'မောင်ရယ်..ကျွန်မက တော့ ကောင်းကင်မှာ လတွေ၊ ကြယ်တွေကို မမြင်ဘူး...ကျွန်မမြင် နေတာကတော့ ဘဲကောင်လုံးကင်တွေရှင့်...ဒီအချိန်မှာ ကျွန်မ ဖြစ်နိုင်ရင် အဲဒီကောင်းကင်က ဘဲကင်ရဲ့ပေါင်သားကို အားပါးတရ သာ စားပစ်လိုက်ချင်တာပဲ'တဲ့...မိန်းမတွေရဲ့အနုပညာမဆန် တတ်ပုံက အဲဒီလို"

စိမ်းနုက သူ့စကားအဆုံးမှာ ဟက်ဟက်ပက်ပက်ရယ်သည်။ မိုးယုကတော့ ထုံးစံအတိုင်း သူမ၏အရယ်ကို လူမြင်သွားမည်စိုး၍ လားတော့မသိ။ လက်ဝါးဖြင့် ကာကာရယ်သည်။

"ကျန်သေးလား"

"ကျန်ဦးမှာပါ...သူက မိန်းမ,မကောင်းကြောင်းသာ ပြော ရရင် တစ်ထောင့်တစ်ညပုံပြင်ထက်တောင် များလိမ့်ဦးမယ်"

ဒီတစ်ခါတော့ 'ကျန်သေးလား'ဟု သူ့ကိုမေးသော စိမ်းနု၏

www.foreverspace.com.mm

စကားအဆုံးမှာ သက်ရှိလျက်နှင့်ငြိမ်နေခဲ့သော နတ်သမီးက နှုတ်ခမ်းကိုစူလျက် ထ၍စကားဆိုသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး…ခက်တာက ဟာသတွေထဲမှာကိုက မိန်းကလေးကောင်းကြောင်းဟာသကို သိပ်မတွေ့မိဘူးလားလို့"

"ဟုတ်မှာပါ"

သူ့ဆင်ခြေကို သူမက 'ဟုတ်မှာပါ' ဟု ခပ်တိုတိုဆိုသည်။

"ကဲ‥ရောက်ပြီ ရောက်ပြီ…ကိုမင်းမင်းပါ လိုက်ခဲ့လေ"


ကားများစွာရပ်ထားသော ခြံတစ်ခြံရှေ့မှာ ကားကိုရပ်ပေးစဉ်မှာပင် စိမ်းနုကလိုက်ခဲ့ရန် ခေါ်သည်။

"ဟန်ဆောင်ပြီး ရယ်ပြပြုံးပြရတာပင်ပန်းလွန်းလို့ ကားထဲမှာပဲ Game ဆော့ပြီးကျန်ခဲ့တော့မယ်…ဒရိုင်ဘာက ဒရိုင်ဘာလိုနေတာပဲကောင်းပါတယ်"

ခပ်သော့သော့ရယ်ရင်း ဆိုသောစကားကြောင့် ကားပေါ်မှဆင်းသော သူမတို့နှစ်ဦးသား မျက်စောင်းကိုယ်စီထိုးကြသည်။

ဘယ်ဘက်ပါးပြင်ပေါ်၌ ပါးချိုင့်တစ်ခုကို ဆင်ယင်ထား သောသူ၏ချစ်ရပါသော နတ်သမီးလေးကတော့ Evening Dress ကိုမ,ကာ လက်ဆောင်ပါကင်ဗူးကိုကိုင်ရင်း မီးများထိန်ထိန်လင်း နေသောခြံထဲကိုဝင်ကာသွားသည်။

မျက်စိထဲ၌စွဲကာနေသော ဆင်စွယ်ရောင်ဂါဝန်နှင့် သူမကိုမေ့ပျောက်ရန် Game ဆော့ဖို့အတွက် အိပ်ကပ်ထဲမှဖုန်းကို သူထုတ်ယူဖြစ်သည်။



www.foreverspace.com.mm

**မည်** မျှကြာသွားသည်မသိ။ ဒရိုင်ဘာခုံကိုလှန်ချရင်း အိပ်ပျော်သွားသောသူ့ကို သူမတို့နှစ်ဦး ကားတံခါး ထုရင်း နှိုးတော့မှ သူ နိုးလာသည်။ ကားတံခါး Lock ကိုဖွင့်ပေးလိုက်သောအခါ သူမတို့နှစ်ယောက်က ကိုယ်စီဝင်ထိုင်ကြသည်။

"ကြာသွားတယ်နဲ့တူတယ် Sorry.."

"ဒါတောင် စကားဖြတ်ပြီး အမြန်ပြန်ထွက်လာတာ"

စိမ်းနု၏စကားအဆုံးမှာ သူမက 'အမြန်ပြန်ထွက်လာတာ' ဟုဆိုသည်။

"ရပါတယ်…ငါလည်း Game ဆော့ရင်းနဲ့ အိပ်ငိုက်လာတာနဲ့ပဲ အိပ်ချပစ်လိုက်တာ…အခုတလော အင်တာနက်ကြည့် တာ ညဉ့်နက်တော့ အိပ်ရေးတွေပျက်တာလည်းများပြီလေ…အဲဒါ ကြောင့်"

ကားစက်ကိုနှိုးရင်း သူဆိုဖြစ်သည်။

"တစ်ခုခုစားဦးမလား ကိုမင်း"

စိမ်းနုက သူ့ကိုအားနာဟန်ဖြင့်ကြည့်ရင်း ဆိုသည်။

"တော်ပါပြီဟာ…နင်တို့ဒီပုံစံကြီးဝတ်စားထားပြီးတော့ ငါနဲ့

ဆိုင်ထဲလိုက်ထိုင်ကြမလို့လား"

ပွဲနေပွဲထိုင်ဂါဝန်များဖြင့် အနည်းငယ်တောင့်တောင့်ကြီး ဖြစ်နေကြသော သူမတို့ကို သူ အရယ်တဝက်ဖြင့်ဆိုဖြစ်သည်။

"ကားထဲမှာ Game ဆော့ပြီးစောင့်မှာပေါ့"

ရုတ်တရက်ထဆိုသော သူမ၏စကားကြောင့် သူရော၊ စိမ်းနုပါ ရယ်ဖြစ်ကြသည်။ ကလေးတစ်ယောက်လို မှတ်ထားတတ်သော သူမ၏ဉာဉ်က ချစ်စရာတော့ကောင်းသည်။

"ဘာလိုလိုနဲ့ ညကိုးနာရီတောင်ထိုးသွားပြီနော်…တော်သေးတယ် ကိုမင်းပါလာလို့…မဟုတ်ရင် စိမ်းနုကလည်း ကြောက်တတ်၊ မိုးယုကလည်း ကြောက်တတ်နဲ့ တွေ့တော့မှာပဲ"

စိမ်းနုက ပခုံးကိုကျုံ့ရင်းဆိုသည်။ ဟုတ်တော့လည်း ဟုတ်သည်။ စိမ်းနုက ငယ်စဉ်ကတည်းက ကြောက်တတ်သည်။

'ကြောက်ပါတယ်ဆိုမှ ကြောင်နဲ့တို့' ဆိုသလို ကြောက်တတ်သော သူမတို့နှစ်ယောက်ကို သရဲဟာသပြောပြရင်း ခြောက်ဦးမှဟု သူတွေးရင်းပြုံးမိသည်။

"ကားမောင်းရင်းနဲ့ ဘာရယ်တာလဲ"

အပြုံးလွန်ကာ ဟက်ခနဲရယ်ဖြစ်သွားသောသူ့ကို စိမ်းနုက နောက်မှနေ၍ လှမ်းကာမေးသည်။

"သြော်..နင်တို့နှစ်ယောက် ကြောက်တတ်တယ်ဆိုတော့ ဟိုဟာသကို တွေးမိလို့ပါ…နားထောင်မလား ပြောပြမယ်"

"နားထောင်မယ်"

စိမ်းနုက ခပ်သွက်သွက်ပင်ဖြေသည်။ နောက်ကြည့်မှန်မှ တစ်ဆင့်လှမ်းကြည့်တော့ ဖျတ်ခနဲ သူမနှင့်အကြည့်ချင်းဆုံသည်။ သူမက ဆတ်ခနဲမျက်လွှာချကာသွားသည်။

စိမ်းနုက ….

"အဟမ်း အဟမ်း"

ဟု ပြောင်ချော်ချော်အမူအရာဖြင့် ချောင်းကိုလုပ်ကာဆိုး သည်။ မိုးယုက စိမ်းနုကိုလှမ်းဆိတ်လိုက်သည်ကို သူမြင်နေရသည်။

"ဟာသက ဒီလိုဟ…တစ်ရက်မှာ တက္ကစီတစ်စီးကို ခရီးသည်တစ်ယောက်က စီးလာသတဲ့…ဒီလိုနဲ့ တစ်နေရာရောက်တော့ ခရီးသည်က တစ်ခုခုမေးချင်တာနဲ့ တက္ကစီဒရိုင်ဘာရဲ့ပခုံးကို လှမ်းပုတ်လိုက်တယ်တဲ့…အဲဒီမှာ ဒရိုင်ဘာက အကြီးအကျယ်လန့်ပြီး 'အောင်မလေးဗျ' လို့ ကြောက်လန့်တကြားအော်ပြီး ကားဘရိတ်ကို ဆောင့်အုပ်မိသွားတယ်…

ကံကောင်းလို့ နောက်ကားက ဝေးနေတော့ သူတို့ကားကိုမတိုက်မိလိုက်ဘူး‥ကားပေါ်မှာ စက္ကန့်ပိုင်း လောက်တော့ တိတ်ဆိတ်သွားတယ်…ကားသမားက ခြောက်ကပ် ကြောက်လန့်နေသေး တဲ့ အသံနဲ့ 'ဟေ့လူရာ‥ကားချင်းမတိုက်မိတာ ကံကောင်း… နောက်ကို ဒီလိုလှမ်းမပုတ်နဲ့ဗျ' လို့ ပြောသတဲ့… ဒီတော့ အပြောခံရတဲ့ခရီးသည်ကလည်း နည်းနည်းတော့ စိတ်ကသိကအောက်ဖြစ်သွားတာပေါ့…

ဒါနဲ့ပဲ 'အေးဗျာ‥ကျွန်တော် တောင်းပန်ပါတယ်…ပခုံး ကို အသာလေးပုတ်ရုံနဲ့ ခင်ဗျားဒီလောက်ထိ လိပ်ပြာလွင့်မတတ် လန့်သွားမယ်လို့မှ ထင်မထားပဲ' လို့ ပြန်ပြောသတဲ့…

ခရီးသည်က တောင်းပန်မှတော့ ကားသမားလည်း သူလန့်ရတဲ့အကြောင်းရင်းကို လေပြေထိုးပြီးရှင်းပြရတော့တာပေါ့ … အဲ‥သူရှင်းပြတာက ဒီလို‥'တကယ်တမ်းတော့ဗျာ‥ ကျွန်တော် က ဒီနေ့မှ တက္ကစီမောင်းတဲ့လူဆိုတော့ ခင်ဗျားကိုလည်း အပြစ်ပြော လို့ မရပါဘူး…ကျွန်တော်ကိုယ်၌ကလည်း အနှစ်နှစ်ဆယ်လောက် အသုဘယာဉ်ကိုပဲ မောင်းဖူးတာကိုး' တဲ့"

"အာ..ကိုမင်းရဲ့ဟာသကလည်း ရယ်လည်းမရယ်ရဘူး"

"ဟုတ်ပ..အမလေး...ကြက်သီးထလိုက်တာ"

ကြောက်ကြောက်ဖြင့် တစ်ယောက်ကိုတစ်ယောက်ဖက်ထားသော သူမတို့နှစ်ယောက်ကိုကြည့်ရင်း သူပို၍ခြောက်ချင်လာသည်။

"နင်တို့နှစ်ယောက်လည်း ပခုံးအပုတ်ခံရရင် ငါ့ကိုပြောသိလား"

"အား..ကိုမင်းနော်"

သူ့စကားကြောင့် မိုးယုက စိမ်းနုကို ခေါင်းမဖော်တမ်းဖက်ထားရာက သူ့ကိုလှမ်း၍ 'ကိုမင်းနော်' ဟု ကြောက်ကြောက်ဖြင့်ဟန့်သည်။

"တကယ်တမ်းကျတော့ ဖြစ်သင့်တာကက တက္ကစီဒရိုင်ဘာက ပခုံးအပုတ်ခံရလို့ လှမ်းကြည့်လိုက်တဲ့အချိန်မှာ လူကိုမတွေ့ရဘဲနဲ့ ခေါင်းပြတ်ကြီးကိုပဲ ဘွားခနဲတွေ့ရရင် ဇာတ်ကွက်က ပိုလှသွားမယ်ထင်တယ်ဟ..နော်"

"တော်ပြီကွာ...ကြောက်ပါတယ်ဆိုမှ"

မိုးယုထံမှ တုန်တုန်ရင်ရင်ဖြင့် ထွက်လာသောအသံကြောင့်သူ ဟက်ခနဲရယ်ဖြစ်သည်။

"ကဲ ကဲ..ရပ်ကွက်ထဲပြန်ရောက်လာပြီ...ဘယ်သူ့အိမ် ကိုအရင်ပို့ရမလဲ"

"မိုးယုအိမ်ကိုပဲ ပို့တော့...စိမ်းနု နင် ဒီည ငါနဲ့ပဲလိုက်အိပ်တော့ဟာ...ငါ တစ်ယောက်တည်း အိပ်ပျော်မှာမဟုတ်ဘူး"

"အေး..ငါလည်း အဲဒီလိုပြောမလို့"

တစ်ယောက်ကိုတစ်ယောက် ဖက်၍ ကတုန်ကရင်ဖြင့်ဆိုနေသော သူမတို့နှစ်ယောက်ကိုကြည့်ရင်း သူ မိုးယုတို့ခြံရှေ့မှာ ကား

www.foreverspace.com.mm

ကိုရပ်ပေးလိုက်သည်။ ဒီနေ့ မိုးယုတို့အိမ်မှကားကော၊ စိမ်းနုတို့အဒေါ်အိမ်မှ ကားပါ မအားသည်မို့ သူ့ကားဖြင့်လိုက်ပို့ရခြင်းဖြစ်သည်။ ခြံတံခါးက ပိတ်ထားသည်မို့ ခြံရှေ့မှာသာ ရပ်ဖြစ်ခြင်းဖြစ်သည်။

"ကိုမင်း…ခြံစောင့် တံခါးလာမဖွင့်ပေးသေးခင်အထိ တံခါးရှေ့မှာ လိုက်ရပ်ပေးဦး"

အနည်းငယ်မှောင်နေသော အရိပ်ခပ်ကျကျ တံခါးရှေ့မှာ ရပ်စောင့်ရဲဟန်မတူသော သူမက သူ့ကိုအကူအညီတောင်းသည်မို့ သူ တံခါးရှေ့မှာရပ်ကာ စောင့်ကူဖြစ်သည်။

မိုးယုက တုန်ရင်သောလက်ဖြင့် လူခေါ်ဘဲလ်ကိုအနှိပ် ..

"ညောင်"

အုတ်တံတိုင်းပေါ်မှ ကြောင်တစ်ကောင်က 'ညောင်'ခနဲ အကျယ်ကြီးအော်ရင်း မြေပြင်ပေါ်ကိုခုန်ချသည်။ ရုတ်တရက်ဖြစ်သွားသည်မို့ သူပင် ထိတ်ခနဲလန့်သွားရသည်။

ရှေ့မှနေ၍ လူခေါ်ဘဲလ်ကိုနှိပ်နေသော မိုးယုကပို၍လန့်သည်။ ရုတ်တရက် သူ့ဘက်လှည့်ကာ သူ့ကိုတင်းကျပ်စွာ လာ၍ဖက်သည်။ စိမ်းနုသည်လည်း ကြောက်ကြောက်ဖြင့် ကျောဘက်မှာရှိနေရာက သူ့ကျောမှ အင်္ကျီကိုလာ၍ဆွဲထားသည်။

ကြောက်ကြောက်ဖြင့် သူ့ကို အားကုန်ဖက်တွယ်ကာထားသော မိုးယုကို သူညင်သာစွာပြန်လည်ဖက်ထားရင်း …

"မကြောက်နဲ့..မကြောက်နဲ့"

ဟု အားပေးဖြစ်သည်။

ပြီး အုတ်တံတိုင်းပေါ်မှခုန်ချသွားသော ကြောင်ကို ကြံဖန်၍ ကျေးဇူးတင်နေဖြစ်သည်။ ခုကြည့်ဦး…၄င်း၏ကျေးဇူးဖြင့် သူ့ရင်ခွင်ထဲမှာ သူချစ်ရသောမိန်းကလေးက ခန့်ခန့်ကြီးရောက်ကာနေ

www.foreverspace.com.mm

သည်မို့ သူ မိန့်မိန့်ကြီးဖက်ထားခွင့်ရနေသည်။

'မကြောက်နဲ့'ဟု ခပ်ဖွဖွရွတ်ရင်း အားပေးနေသော သူ၏ နှုတ်ခမ်းသားတို့က မိုးယု၏နဖူးပြင်နုနုနှင့် ဖိကပ်ကာနေသည်။

သူမ၏နဖူးပြင်ကို မသိမသာဖြင့် ဖိကပ်ကာနမ်းနေမှန်း သိဟန်မတူသော သူမကတော့ သူ့ကိုခပ်တင်းတင်းဖက်ထားဆဲ။ သူက လည်း သူမကို ပြန်လည်သိုင်းဖက်ကာ သူမ၏နဖူးပြင်ကို သူ၏ နှုတ်ခမ်းဖြင့် ဖိကပ်ကာထားဆဲ။

သူ့ရင်ထဲမှာ ထူးဆန်းသောရင်ခုန်သံတို့က တဝုန်းဝုန်းရိုက်ခတ်နေကြသည်။ တကယ်တော့ ထိုအခိုက်အတန့်သည် စက္ကန့်ပိုင်းမျှသာဖြစ်သည်။ အခြေအနေက ပုံမှန်ပြန်ဖြစ်ကာ ကြောင်ခုန်ချမှန်း သိသွားသောအခါ စိမ်းနုက ကျောမှနေ သူ့အင်္ကျီစကိုဆွဲထားရာက သူနှင့်မိုးယု၏အနေအထားကိုကြည့်ရင်း မျက်လုံးကြီးပြူးပြသည်။ 'လွှတ်လိုက်တော့လေ' ဆိုသည့်သဘော။ သူကတော့ 'အသာနေ' ဟူ သောသဘောဖြင့် မျက်လုံးတစ်ဖက်ကို အသာမှိတ်ပြဖြစ်သည်။

ဖြစ်နိုင်လျှင် ရင်ခွင်ထဲမှာရှိနေသော မိုးယုကို သူဆက်၍ ဖက်ထားချင်သေးသည်။ သို့သော် အခြေအနေက ဆက်၍ခွင့်မပြုတော့။ ချောင်းဆိုးသံသဲ့သဲ့နှင့်အတူ ခြံစောင့်၏ခြေသံကိုကြားလိုက်ရသောကြောင့်ဖြစ်သည်။

သတိဝင်လာဟန်တူသော သူမက ရုတ်တရက် ရှက်ရှက်ဖြင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းကာ ရုန်းထွက်သည်။ ပထမတော့ သူ မလွှတ်ပေးဘဲ ခပ်တည်တည်ဖြင့်ဖက်ထားဖြစ်သေးသည်။ သူမ ရုန်းလွန်းမက ရုန်းတော့မှ အူကြောင်ကြောင်ဖြင့် ရှုးချင်ယောင်ဆောင် ကာ လွှတ်ပေးလိုက်သည်။

သူလွှတ်ပေးလိုက်သည်နှင့် မိုးယုက အနီးမှစိမ်းနုကို ဆွဲဖက်ထားပြန်သည်။ ရှက်သွား၍လားတော့ မသိ။ ခေါင်းပင် မဖော်တော့။

www.foreverspace.com.mm

မိုးယုကိုဖက်ထားရင်းက စိမ်းနုက သူ့ကိုမျက်စောင်းထိုးသည်။ သဘောက 'လူလည်'ဆိုသည့်သဘော။

သူကတော့ ရယ်ကျဲကျဲနှင့်ပင် ပခုံးကိုတွန့်ပြဖြစ်သည်။

"ပြန်လာပြီလားကွယ့်"

မေးရင်း နှုတ်ဆက်ရင်းဖြင့် ခြံစောင့်ဦးလေးက တံခါးသော့ကိုဖွင့်ပေးသည်။ တံခါးဖွင့်ဖွင့်ချင်း မိုးယုက စိမ်းနုလက်ကိုဆွဲကာ ဝင်လို့သွားသည်။ စိမ်းနုက သွားပြီဟူသောသဘောဖြင့် လက်ပြသွားသည်။

သူကားပေါ်ပြန်တက်ရင်း သူ၏ကွန်ဒိုရှိရာဆီ ပြန်မောင်းလာရာမှ ခုန်ကာနေသေးသော သူ၏ဘယ်ဘက်ရင်အုံကို ခပ်ဖွဖွဖိထားဖြစ်သည်။

ဘာရယ်မဟုတ်။ နူးညံ့သောသူမ၏နဖူးပြင်ကို သူလွမ်းသွားမိသည်။ ပြီး နူးညံ့နွေးထွေးသော သူမ၏ပွေ့ဖက်ထားမှုကိုပါ ပြန်၍တမ်းတနေမိသည်။


စက္ကန့်ပိုင်းမျှသာကြာခဲ့သော ထိုအချိန်လေးသည် သူ့အတွက်တော့ တစ်သက်စာ မေ့ရတော့မည်မဟုတ်။

သူမေ့လို့မရသော ထိုအခိုက်အတန့်ကို သူမကော မည်သို့သဘောထားမည်မသိ။ သူ့ရင်ထဲမှာတော့ ခုထိ သူမကိုယ်၏နွေးထွေးမှု ရှိန်းမြမြက ကျန်ရစ်နေဆဲ။

ပြီး ....

သူမ၏နူးညံ့သောနဖူးပြင်၏ အထိအတွေ့ကလည်း သူ၏နှုတ်ခမ်းသားများအပေါ်တွင် တရှိန်းရှိန်းဖြင့် မွှေးမြနေဆဲ။

မျက်လွှာချလိုက်ရုံဖြင့် အားလုံးတို့က ပြန်ပြန်၍ခံစားသိရှိနေသည်။ သူ၏ဘယ်ဘက်ရင်အုံအောက်မှ နှလုံးခုန်သံတို့ကလည်း ဝုန်းဒိုင်းကျဲရိုက်ခတ်ကာနေဆဲ...။



www.foreverspace.com.mm

ငါဆိုတဲ့ကောင်က

အချိန်တွေကိုသာ ငွေပေးပြီး

ဆွဲဆန့်ထားလို့ရခဲ့ရင်

အခိုက်အတန့်လေးပဲကြာတဲ့

အဲဒီအနမ်းတစ်ခါကို

သန်းတစ်ရာဆိုလည်း

ပေးချင်ခဲ့တဲ့ကောင်ပါ

ကောင်မလေး

www.foreverspace.com.mm

" အေး စိမ်းနု…ဘယ်လိုလဲဟ…ဖုန်းမဆက်ဘာမဆက်နဲ့"

သုံးရက်လောက်နေသည်အထိ သူမတို့ဘက်က ဘာအဆက်အသွယ်မှမရှိခဲ့သည်မို့ နေမထိထိုင်မသာဖြင့် သူဖုန်းဆက်ဖြစ်ခြင်းဖြစ်သည်။

"ဆက်မလို့ပဲ"

စိမ်းနုက သူ့အမေးကို ခပ်အေးအေးပင်ဖြေသည်။

"ဒါနဲ့..နင်တို့ ဘယ်မှမသွားဖြစ်ကြဘူးလား"

"သွားဖြစ်တယ်…နှစ်ယောက်တည်း သွားတာ"

"ငါ့ကို ဘာဖြစ်လို့မခေါ်တာလဲ"

"အာ ကိုမင်းကလဲ…မိုးယုက ဟိုကိစ္စကိုအရမ်းရှက်နေတာ…အသားမကျသေးဘဲနဲ့ ကိုမင်းနဲ့ဆုံလို့ကတော့လား…သူရှက်ပြီးတော့တောင် သေသွားနိုင်တယ် အဟုတ်"

"ဟ..ဘာရှက်စရာလိုလဲ…ငါတောင် မရှက်တဲ့ဥစ္စာ …ပြောလိုက်စမ်းပါဟာ..အဲဒီနေ့ကကိစ္စကို ငါဘယ်လိုမှသဘောမထားပါဘူးလို့…သာတယ်၊ နာတယ်လည်း မအောက်မေ့ပါဘူးလို့…အဟဲ ဟဲ"

"တကယ်ပြောလိုက်ရမလား..သူ စိတ်ဆိုးသွားလို့ကတော့ ကိုမင်း သူနဲ့ နောင်ဘယ်တော့မှဆုံလို့ရတော့မှာ မဟုတ်ဘူးနော်"

"အာ နောက်တာပါဟာ...နင်ကလဲ"

စိမ်းနု၏ကျွတ်ဆတ်ဆတ်အဆိုကို ပျာပျာသလဲပင် သူ ဖာထေးဖြစ်သည်။ မဖာလို့ကလည်း မဖြစ်။ တော်ကြာ အဟုတ်သွား ပြောနေမှ 'ဟုတ်ပေ့'ဖြစ်နေဦးမည်။

"သူ့အသံလေးတောင်မှ မကြားရတော့လည်း ငါလွမ်းတယ် ဟ"

"အမလေး..ပိုတာ"

"တကယ်ပါဟာ...နင် သူ့ဟန်းဖုန်းနံပါတ် ငါ့ကိုပေးပါ လား"

"ရတယ်လေ...ဒါပေမဲ့ ဒီရက်ပိုင်းအတွင်းတော့ မဆက် သေးနဲ့ဦး...နောက်တစ်ပတ်လောက်မှ ဆက်"

"အာ"

"မအာနဲ့လေ..မဟုတ်ရင် ဖုန်းနံပါတ်မပေးဘဲနေမှာနော်"

"အဲဒီလိုတော့ မလုပ်ပါနဲ့ စိမ်းနုရာ"

"ကတိပေး"

"အေးဟာ..ကတိ ကတိ"

စိမ်းနုဘက်မှ ညစ်ကျယ်ကျယ်ရယ်သံကိုနားထောင်ရင်းနှင့် ပင် သူကတိပေးဖြစ်သည်။

"သူ့ရဲ့ဟန်းဖုန်းနံပါတ်က × × × × × × × × ×"

စိမ်းနုပြောပြသော မိုးယု၏ဖုန်းနံပါတ်ကို သူမှတ်ထားဖြစ် သည်။ စိမ်းနုပြောသလို အခုရက်ပိုင်းအတွင်း ခေါ်လို့အဆင်ပြေမည် မထင်။

မတတ်နိုင်။

www.foreverspace.com.mm

လွမ်းလွမ်းနှင့်ပင် အောင့်အည်းကာနေရလိမ့်ဦးမည်။

"ကျေးဇူးပါပဲ စိမ်းနုရာ…ဒီ မတွေ့ရတဲ့သုံးရက်က ငါ့အတွက် သုံးသက်စာလောက်ကြာသလား အောက်မေ့ရတယ်… လွမ်းလိုက်တာဟာ"

"အေးပါ ကိုမင်းကလဲ…ယောကျ်ားကြီးတန်မဲ့ ဖြစ်နေလိုက်တာ…ဒါနဲ့ စိမ်းနုကလောပြန်မလို့ အန်တီ့ဆီ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူးဟာ‥တောက်လျှောက် ဖုန်းဆက်ဖြစ်နေတာဆိုတော့…စကားမစပ် နင်ဘယ်နရက်လောက် ကြာမှာလဲ"

"အင်း‥သုံးရက်၊ လေးရက်လောက်ပါပဲ…ဘာဖြစ်လို့ လဲ"

"သြော်‥နင်ရှိမှ ငါက မိုးယုနဲ့တွေ့ဖို့က ပိုအဆင်ပြေမှာလေဟာ…မြန်မြန်ပြန်လာခဲ့နော်‥မေမေ့ကိုလည်း ပြောခဲ့လိုက် … ငါ့မှာ ချစ်ရမယ့်ကောင်မလေးတွေ့နေပြီလို့"

"အမလေး‥အဲဒါတော့ မပြောရဲဘူး ကိုမင်းရေ…ပြောချင်သပဆိုရင်လည်း ကိုယ့်ဘာသာကိုယ်ပဲ ပြောတော့"

စိမ်းနုစကားကြောင့် သူပါရောပြီးရယ်ဖြစ်သည်။ စိမ်းနုကလောကပြန်လာမှ မိုးယုနှင့်တွေ့ဖို့ကိစ္စ အဆင်ပြေမည်ထင်သည်။ ဒီကြားထဲမှာတော့ ဖုန်းမဆက်ဖြစ်တောင် Message လောက်တော့ ပို့မည်ဟု သူ့စိတ်မှာတေးထားဖြစ်သည်။

www.foreverspace.com.mm

"မင်းတို့ကို ငါတိုင်ပင်စရာရှိတယ်ကွ"

သူ့စကားကြောင့် အောင်ရဲတို့သုံးကောင်က သူတို့အချင်း ချင်း စကားစမြည်ပြောနေရာမှ သူ့ဘက်လှည့်လာသည်။

"ကဲ ဆို..ဘာတိုင်ပင်မလို့လဲ"

သက်နိုင်က မေးငေါ့ရင်း 'ကဲ ဆို'ဟု မေးသည်။

"ပြောရမှာလည်း ခပ်ရှက်ရှက်ပဲကွ"

"လူမှုရေးကိစ္စလား၊ စီးပွားရေးကိစ္စလား၊ ကျန်းမာရေးကိစ္စ လား..ဘာကိစ္စမှာ ဘယ်လိုဖြစ်နေလို့ ရှက်နေရတာလဲ"

သန်းမောင်က မျက်ခုံးကိုပင့်ရင်းဆိုသည်။

"ကျ..ကျန်းမာရေးကိစ္စကွ"

သူ၏အထစ်ထစ်အငေါ့ငေါ့အဖြေကြောင့် သကောင့်သား များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

"အေး..ငါ အခုမှမင်းကို သေသေချာချာကြည့်ဖြစ်တယ် ...ကြည့်စမ်း မင်းကိုကြည့်ရတာ မျက်နှာနည်းနည်းချောင်သွား သလိုလိုပဲ...မင်း သွေးတွေဘာတွေစစ်ပြီးပြီလား"

"ဘာလဲ မင်းဟိုရောဂါရှိနေလို့လား…ဟုတ်ပကွာ… သက်နိုင်ပြောမှ ငါသတိထားကြည့်မိတယ်…ဒီကောင့်ရဲ့မျက်နှာ နည်းနည်းတော့ချောင်သွားတယ်ကွ"

အရေးထဲ အတွေးတွေနှင့် ထကြောင်နေသော သက်နိုင်နှင့် သန်းမောင်တို့ကိုကြည့်ရင်း သူခေါင်းကုတ်ဖြစ်သည်။

"ကာယကံရှင်ကိုလည်း မေးကြပါဦးဟ…ဒီကောင် နောက်နေတာမဟုတ်ဘူး…ကြည့်ပါလား‥မျက်နှာက ဆီးရွက်လောက်ပဲရှိတယ်…မင်းတို့ထင်ရာမြင်ရာတွေ လျှောက်ပြောနေကြတယ် …ပြော မင်းမင်း…ဘာမှအားမငယ်နဲ့…အိုကွာ ကုန်ကုန် ပြောမယ်…ဒီကောင်တွေပြောသလို HIV ပိုးရှိတယ်ဆိုရင်တောင် မင်းနောက်ထပ် နှစ်သုံးဆယ်လောက်နေလို့ရသေးတယ်‥အခုက ကုထုံးနည်းသစ်တွေ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာလို့ လူနာတွေ ရဲ့သက်တမ်းကို ဆွဲဆန့်နိုင်လာကြပြီ…ကဲ ပြော‥HIV လား"

"ဖွ‥ဖွ‥လွဲပါစေ ဖယ်ပါစေဗျာ…ငါ့လောက်သန့်တဲ့ လူ…ငါ့လို စာရိတ္တကောင်းတဲ့လူက HIV ပိုးရှိစရာလား"

"မဟုတ်ဘူးလေ…မင်းဟာမင်း ဘယ်လောက်ပဲသန့်သန့် ‥အကြောင်းတစ်ခုခုကြောင့်…"

"ဟ ဇွတ်ကြီးပါလား…ငါက သွေးအကြိမ်ကြိမ်စစ်ထားပြီးသား…ဘာ HIV မှမရှိဘူး"

ဇွတ်ကြီး လူကို HIV ပိုးရှိခိုင်းနေသော အောင်ရဲကို သူ ထအော်ပြန်သည်။

"ကဲ ကဲ‥ဒါဆို‥အသည်းရောင် အသားဝါ B ပိုး၊ C ပိုး"

"မဟုတ်ဘူး"

"ဒါဖြင့် ကင်ဆာ"

"ဖွ..ဖွ..လွဲပါစေ ဖယ်ပါစေဗျာ...တစ်ခုမှ မဟုတ်ဘူးကွ"

ရောဂါမျိုးစုံကိုရွတ်လျက် စွပ်စွပ်စွဲစွဲဆိုနေသော အောင်ရဲ ကို သူဒုတိယမ္ဘ ထအော်ဖြစ်ပြန်သည်။

"အောင်ရဲ မင်းအသာနေစမ်းပါ...စောစောက ဒီကောင်ပြောတဲ့အထဲမှာ ရှက်တယ်ဆိုတဲ့ကိစ္စပါတယ်...ကဲ မင်းမင်း..ဘာမှရှက်မနေနဲ့...မင်းရဲ့ရောဂါက ဘာလဲ ပြော...မပြောချင် ရင်ပြ"

သက်နိုင်၏စကားကြောင့် သူခေါင်းကိုသာ ခပ်ကြမ်းကြမ်း ကုတ်ဖြစ်သည်။

"ဒီမှာ ငါ့ကောင်...မင်း ဘာကိုရှက်နေတာလဲ...ရှက်တယ်ဆိုတဲ့ကိစ္စက အကန့်အသတ်ရှိတယ်...အတိုင်းအတာရှိတယ်...ကျန်းမာရေးနဲ့ပတ်သက်ပြီး ရောဂါအကြောင်းပြောတဲ့နေရာမှာ အရှက်ဆိုတာ အန္တရာယ်ပဲကွ...

ဥပမာကွာ..အမျိုးသား OG ဆီမှာလာပြပြီး ရှက်လို့ ဟိုအကြောင်းထိန်ချန်၊ ဒီအကြောင်းထိန်ချန်လုပ်လို့ ရင်သားကင်ဆာတွေ၊ သားအိမ်ကင်ဆာတွေ၊ မိန်းမကိုယ်ကင်ဆာတွေ မဖြစ်သင့်ဘဲဖြစ်ပြီး မသေသင့်ဘဲ သေသွားကြတာ ကြားဖူး၊ ဖတ်ဖူးတယ်မဟုတ်လား ...အဲဒါ မရှက်သင့်တဲ့ကိစ္စကို မလိုအပ်ဘဲ ရှေ့တန်းတင်လို့...

ဥပမာကွာ..ငါ့မှာ မမျှော်လင့်ဘဲ ကာလသားရောဂါဖြစ်ပြီဆိုပါစို့...ပြစရာဆရာဝန်ကလည်း အမျိုးသမီးဖြစ်နေတယ်...အမျိုးသားဆရာဝန် မရှိဘူးဆိုပါတော့ ...ငါကတော့ ရှေ့မျက်နှာနောက်ထားပြီး ပြောရပြရမှာပဲ...

ကျန်းမာရေးနဲ့ပတ်သက်လာရင်တော့ ရှက်စရာကိစ္စဆိုတာ

www.foreverspace.com.mm

မလိုအပ်ရင် ဘောင်မခတ်ထားရဘူး··မှတ်ထား''

သန်းမောင်က သူ့ကို အကျယ်တဝင့်ရှင်းပြရင်း တစ်ဆက်တည်းမှာပင် ····

''ကဲ ပြော··မင်းရဲ့ရှက်စရာဆိုတဲ့ရောဂါက ဘာလဲ''

ဟု မေးသည်။

သူ ခေါင်းကိုငုံ့ထားရင်းကနေ ရှက်ရှက်ဖြင့်ပင် ···

''ငါ့မှာ လိပ်ခေါင်းလို့ယူဆရတဲ့ အသားပိုရှိနေတယ်ကွ''

သူ့စကားအဆုံးမှာ သကောင့်သားသုံးကောင်က တစ်ယောက်မျက်နှာတစ်ယောက် ရယ်ချင်ပက်ကျိဖြင့်ကြည့်ကြသည်။ အော်ရယ်ချင်စိတ်ကို ဇွတ်ကြီးဖုံးဖိကာ ကျားကန်ထားကြသော သကောင့်သားများကိုကြည့်ရင်း သူ့မျက်နှာတွေ စပ်ဖျင်းဖျင်းဖြင့် ပူကာနေသည်။ သကောင့်သားသုံးကောင်အနက်မှ အောင်ရဲက မျက်နှာကို ဆတ်ခနဲတည်သည်။ ပြီး ···

''ဒါများ အဆန်းလုပ်လို့ကွာ···ငါတို့အမျိုးထဲမှာဆို အဲဒီရောဂါဖြစ်တဲ့လူတွေ အများကြီး···မင်းပြောပုံအရဆိုရင် ငါသဘောပေါက်နေပြီ···အသားပိုက ဝမ်းသွားရင်ထွက်လာတယ် ···ဝမ်းသွားပြီးရင် ပြန်ဝင်သွားတယ်···ဟုတ်တယ် မဟုတ်လား''

''အေး''

တစ်လုံးတည်းဖြေသော သူ့အဖြေအဆုံးမှာ အောင်ရဲက ··

''ဖြစ်ရမယ်''

ဟု ဆရာကြီးလေသံဖြင့်ဆိုသည်။ ပြီး ···

''ပြောရမယ်ဆိုရင် ငါ့အဖေလည်းရှိတာပဲ···ဒီလိုလုပ် ရှေ့တလောက ငါ့အစ်ကိုတစ်ဝမ်းကွဲပြတဲ့ဆေးခန်းကို သွားပြကြည့်လိုက်···အဲဒီဆေးခန်းက အဲဒီလိုလိပ်ခေါင်းအမျိုးမျိုးနဲ့ အူလမ်းကြောင်းဆိုင်ရာတွေကိုပဲ သီးသန့်ကုတာဆိုတော့ ···မင်း အဲဒီ

www.foreverspace.com.mm

ဆေးခန်းမှာ မင်းရဲ့အသားပိုက လိပ်ခေါင်းလား၊ ဒါမှမဟုတ် ရိုးရိုးအသားပိုလားဆိုတာ ပြကြည့်လိုက်…ပြီး စောစောစီးစီး ဆေး ကုသမှုခံယူလိုက်ပေါ့ကွာ…တော်ကြာ ကင်ဆာကျိတ်တွေဘာတွေ ဖြစ်နေမှ မင်း HIV ရောဂါသည်လောက်တောင် သက်တမ်းရှည်ရှည် မနေရဘဲဖြစ်နေမယ်…ကဲ ဒီလိုလုပ်…ညနေခင်းကျရင် ငါတို့ မင်းကို လိုက်ကူမယ်…အဲဒီဆေးခန်းက ညနေခင်းရောက်ရင် သွားကြတာပေါ့"

အောင်ရဲ၏စကားအဆုံးမှာ သက်နိုင်တို့နှစ်ယောက်က ..


"အဲဒါကောင်းတယ်"

ဟု ထောက်ခံသည်။

"ငါကြောက်တယ်ကွ…သူတို့က ဘယ်လိုကုမှာလဲ မသိဘူး"

"မင်းကလဲကွာ…ကြောက်စရာမရှိ ကြောက်နေတယ်…ငါ့အစ်ကိုတုန်းကတော့ အေးအေးဆေးဆေးပဲပျောက်သွားတယ်…အဲဒီဆေးခန်းကြော်ငြာမှာက မနာမကျင်၊ မခွဲစိတ်လို့ဆိုတာပဲ"

အောင်ရဲ၏အဆိုကြောင့် နည်းနည်းတော့ သူစိတ်သက်သာရာရသွားသည်။ မနာဘူးဆိုလျှင်တော့ မဆိုးဟု သူတွေးဖြစ်သည်။



www.foreverspace.com.mm



ည နေခင်းရောက်တော့ သူတို့လေးကောင်သား အောင်ရဲ ပြောသည့်ဆေးခန်းဆီချီတက်ခဲ့ကြသည်။

'လိပ်ခေါင်း' အထူးကုဆေးခန်းဆိုသော ဆိုင်းဘုတ်အောက် ရောက်သောအခါ အောင်ရဲက ပြုံးဖြီးဖြီးဖြင့် ...

"ကဲ..ရောဂါသည်က ရှေ့ဆုံးကကြွ"

ဟုဆိုသည်။

"ဒီကောင့်ကို ရောဂါသည်လို့မခေါ်ပါနဲ့ကွာ...မင်းတို့ မကြားဖူးဘူးလား မြွေမင်းသားတို့ ဘာတို့..ခေါ်ခြင်းခေါ် ဒီကောင့်ကို လိပ်ခေါင်းမင်းသားလို့ခေါ်ရမှာ"

"အာ..လိပ်ခေါင်းမင်းသားဆိုရင် လူတွေရိပ်မိသွားမှာပေါ့ကွ...လိပ်မင်းသားလို့ပဲ ခေါ်...ဒါဆို ငါတို့ကလွဲပြီး ဘယ်သူမှ မသိတော့ဘူး"

သက်နိုင်ဏ်၏စကားအဆုံးမှာ သန်းမောင်က ဝင်၍နောက် သည်။

"ငါကြားဖူးတာတော့ လိပ်ဘိုးဘိုးနဲ့ လိပ်မြေးလေးပဲကြားဖူးတယ်...လိပ်မင်းသားလို့ မကြားဖူးပေါင်...ကဲ ကဲ..မင်းတို့

www.foreverspace.com.mm

လုပ်နေတာနဲ့ ဆေးခန်းထဲရောက်တော့မှာမဟုတ်ဘူး…လာ လာ ‥ငါ့နောက်လိုက်ခဲ့ကြ"

အောင်ရဲက ပြောပြောဆိုဆိုဖြင့် ရှေ့ဆုံးမှဝင်ကာသွား သည်။ သူနှင့် သန်းမောင်တို့နှစ်ကောင်က နောက်မှလိုက်ကြသည်။

ဆေးခန်း၏ကောင်တာရှေ့ ရောက်သောအခါ သူတို့လေးယောက်ကိုကြည့်ပြီး ကောင်တာမှစာရေးမနှစ်ယောက်က …

"ထိုင်ပါရှင့်‥ထိုင်ပါ"

ဟု လောကွတ်ပြုသည်။

စာရေးမနှစ်ယောက်အနက်မှ ခပ်ဝဝနှင့်သဘောကောင်းပုံရသောတစ်ယောက်က သူတို့လေးယောက်စလုံးကိုကြည့်ပြီး …

"အစ်ကိုတို့လေးယောက်စလုံး ပြမှာလား"

စာရေးမ၏အမေးကြောင့် ရှေ့ဆုံးမှာရှိသော အောင်ရဲက နောက်ကိုပင် လှည့်မကြည့်ဘဲ ပျာပျာသလဲဖြင့် သူ့နောက်မှကပ်လျက်ပါလာသော သန်းမောင်ကို သူဟုထင်ပြီး ….

"သူတစ်ယောက်ပဲ ပြမှာ"

ဟု နောက်ကိုလက်ပြန်ကြီးဖြင့် လက်ညှိုးထိုးပြသည်။ သန်းမောင်က အောင်ရဲ သူ့ကိုလက်ညှိုးမှားထိုးပြချိန်မှာ စာရေးမနှစ်ယောက်က ကြည့်လာသည်မို့ ရှက်ရမ်းရမ်းသွားသည်ထင့်။

"အာ‥ငါပြမှာ မဟုတ်ဘူး‥မင်းရဲ့လိပ်ခေါင်းကို ပြမှာလေ"

ဟု အယောင်ယောင်အမှားမှားဖြင့် အောင်ရဲကိုလက်ညှိုးပြန်ထိုးရင်းဆိုသည်။

လက်ညှိုးပြန်အထိုးခံရသော အောင်ရဲက ထိုအခါမှနောက်ပြန်လှည့်ကြည့်ပြီး သန်းမောင်၏လက်ညှိုးကိုဆွဲဖမ်းကာ လိမ်၍ချိုးသည်။ ပြီး …

"ဘာ မင်းရဲ့လိပ်ခေါင်းလဲ…ငါ့ကို လက်ညှိုးမထိုးနဲ့… ငါ့မှာ

ဘာလိပ်ခေါင်းမှမရှိဘူး''

ဟု မျက်နှာနီကြီးနှင့် အောင့်သက်သက်ဆိုသည်။ ထို့နောက် လိမ်ချိုးထားသော သန်းမောင်၏လက်ညှိုးကို ပြန်လွှတ်ပေးရင်း မကျေမချမ်းဖြင့် သန်းမောင်ကိုကြည့်သည်။ သန်းမောင်ကလည်း အောင်ရဲကို ဘုကြည့်ပြန်ကြည့်ရင်းက ....

''ငါလက်ညှိုးမထိုးခင် မင်းကအရင်ထိုးတာကွ''

ဟု ခပ်ဆတ်ဆတ်ဆိုသည်။ ပြီး နောက်ကိုလှည့်ကြည့်ကာ

''ဟကောင်..လိပ်မင်းသား...ဒီရှေ့ အမြန်လာ...မင်းလုပ်ပုံနဲ့ ကြားထဲကနေ ငါနဲ့အောင်ရဲနဲ့က လူနာဖြစ်တော့မှာပဲ... လာ ဒီကို''

ရှေ့သို့ ခပ်ဆောင့်ဆောင့်ဆွဲသော သန်းမောင်ဆွဲခေါ်ရာဆီ သူပါသွားဖြစ်သည်။

''ဒီမှာကြည့် ညီမလေး..လိပ်ခေါင်းဖြစ်နေတာက သူ... ရောဂါကုမှာက သူ...ကဲ ရှင်းပြီလား...ဟကောင် သွား... စာရင်းပေးလိုက်''

အောင်ရဲက ဘာစိတ်ကူးပေါက်သည်မသိ။ ဆေးခန်းမှ စာရေးမကိုရှင်းပြရင်း သူ့ကိုဝေါက်၍စာရင်းပေးခိုင်းသည်။

''ဒီမှာ ဆေးမှတ်တမ်းစာအုပ်ယူမယ်နော် အစ်ကို... စာအုပ်အတွက် နှစ်ထောင်ကျပါတယ်...ဆရာဝန်ရဲ့စမ်းသပ်ခ ပေးဖို့မလိုဘူး သိလား''

သူ့ကိုကြည့်ရင်း ဆိုသောစာရေးမကို သူခေါင်းညိတ်ပြဖြစ်သည်။

''အစ်ကို့ နာမည်လေးတစ်ချက်လောက်''

ဆေးမှတ်တမ်းစာအုပ်ပေါ်မှာ ရေးမှတ်ရန်အတွက် စာရေး မက သူ့ကိုကြည့်ရင်းမေးသည်။

www.foreverstore.com.mm

"မင်းမင်း"

ဟု သူဖြေလိုက်သည်။

"အသက်"

"နှစ်ဆယ့်နှစ်နှစ်"

"လိပ်စာ"

"........"

"ဖုန်းနံပါတ်"

"........."

"ရပြီ အစ်ကို...ဟိုမှာ ခဏလေးထိုင်စောင့်ပေးနော်... အစ်ကို့အလှည့်ကျလာရင် သူတို့လှမ်းခေါ်ပေးလိမ့်မယ်"

စာရေးမက ထိုသို့ဆိုကာ သူ့ဆေးမှတ်တမ်းစာအုပ်ကို သွားထပ်ပေးသည်။ သက်နိုင်က ...

"လာ မင်းမင်း"

ဟုခေါ်၍ စမ်းသပ်ခန်း၏ရှေ့မှ ထိုင်ခုံတစ်ခုမှာထိုင်စေသည်။

"မင်းမင်း..ဟကောင်"

အောင်ရဲက သူ့ဘေးမှာကပ်ထိုင်ရင်း လေသံတိုးတိုးဖြင့် သူ့ကိုခေါ်သည်။ သန်းမောင်ကလည်း သူတို့အနီးမှာ ဝင်ထိုင်ကာ အောင်ရဲကိုကြည့်ရင်း ....

"မင်းဘာပြောမယ်ဆိုတာ ငါသိတယ်ကွ..ငါးဆယ်လောက်ပဲတန်တဲ့ စာအုပ်ဝါညစ်ညစ်ကြီးကို နှစ်ထောင်နဲ့ဝယ်ခိုင်းပြီး ... ဆရာဝန်စမ်းသပ်ခကို မယူဘူးဆိုပြီးတော့ စာအုပ်ဖိုးငွေကို တစ်ဖက်လှည့်နဲ့ ဆရာဝန်စမ်းသပ်ခအဖြစ်ယူတာကို ပြောမလို့မဟုတ်လား"

"အေး"

သန်းမောင်၏အဆိုကို အောင်ရဲက 'အေး' ဟု ဆိုသည်။

"အဲဒါ ပုဂ္ဂလိကဆေးရုံတွေရဲ့ စီးပွားရေးဗျူဟာတွေပေါ့ကွ

..စမ်းသပ်ခ လုံးဝမယူဆိုပြီးတော့ နားလှည့်ပါးရိုက်လုပ်တဲ့သဘောပဲ"

"ထားလိုက်ပါကွာ..ဒါလည်း သူတို့စီးပွားပြိုင်ဘက် အချင်းချင်း ဖောက်သည်ပိုရအောင် ကြိုးစားကြတဲ့အကွက်တွေပဲ ဥစ္စာ... သူတို့စေတနာက တစ်နေ့အကျိုးပေးမှာပါ"

"အကျိုးပေးမှာက နောက်ကွ..လောလောဆယ် စေတနာယောင်ယောင် ဘာယောင်ယောင်နဲ့ ကိုယ့်ဆေးခန်းကလူနာတွေအပေါ်မှာ ဒီလိုနားလှည့်ပါးရိုက်လုပ်တာတော့ မကောင်းဘူးပေါ့ကွာ"

အောင်ရဲ၏စကားကြောင့် သက်နိုင်က ဟက်ခနဲရယ်သည်။ ပြီး ....

"စိတ်ကိုလျှော့ ငါ့ကောင်..စိတ်ကိုလျှော့...မဖြစ်စလောက်ငွေလေးနဲ့ ဒေါသဖြစ်မနေနဲ့...ပြီးတော့ ဒီဆေးခန်းကို မင်းပဲခေါ်လာတာလေကွာ"

သက်နိုင်၏ရယ်ကျဲကျဲအဆိုကြောင့် အောင်ရဲတစ်ယောက် အောင့်သက်သက်ကြီးဖြစ်သွားဟန်ဖြင့် ခေါင်းကိုကုတ်သည်။ ပြီး ..

"အေးကွာ"

ဟု မသက်မသာဖြင့်ရေရွတ်သည်။

"ကိုမင်းမင်း ဝင်လို့ရပါပြီ"

စမ်းသပ်ခန်းတံခါးဝမှနေ လှမ်းခေါ်သော နာ့စ်မလေး၏ အသံကြောင့် သူတို့လေးကောင်စလုံး ခေါင်းကိုယ်စီထောင်သွားကြသည်။

"ကဲ ကဲ..သွား..မင်းမင်း...ငါတို့ကစမ်းသပ်ခန်းထဲ လိုက်ဝင်လို့ရမှာမဟုတ်ဘူး"

သက်နိုင်၏စကားအဆုံးမှာ သူစမ်းသပ်ခန်းဆီဝင်လာဖြစ်သည်။ ဆရာဝန်က သူ့ကိုစမ်းသပ်ပေးပြီး အသားပိုတို့၊ ကင်ဆာကျိတ်တို့မဟုတ်ဘဲ လိပ်ခေါင်းသာဖြစ်ကြောင်း ရှင်းပြသည်။ ရောဂါနှနေ

www.foreverspace.com.mm

တုန်းမှာ ဆေးကုသမှုခံယူသင့်ကြောင်းနှင့် ရောဂါရင့်လာပါက ဘေးထွက်ဆိုးကျိုးတွေဖြစ်လာနိုင်ကြောင်း ရှင်းပြသည်။ အကယ်၍ကုသမည်ဆိုပါကလည်း ဆေးရုံတက်စရာမလိုဘဲ ကုသချိန်နာရီဝက်၊ မိနစ်လေးဆယ်ခန့်သာ ဆေးရုံမှာနေရန်လိုပြီး ဆေးကုသမှုပြီးစီးပါက ချက်ချင်းအိမ်ပြန်နိုင်ကြောင်း အလုပ်အကိုင်မပျက်စေနိုင်ကြောင်း အသေအချာရှင်းပြသည်။

အကယ်၍ ဆေးရုံတက်ရမည်ဆိုပါကလည်း သူအားမည်မဟုတ်။ ဖိန်းနွဲခါမှာ သူအလုပ်ကိစ္စအတော်များများနဲ့ ချိန်းထားမိလျက်သားဖြစ်နေသည်ကိုး။

သို့နှင့် မနက်ဖြန်ညနေ သုံးနာရီတွင် ဆေးကုသရန် Booking လုပ်ပြီး သူစမ်းသပ်ခန်းထဲမှထွက်လာခဲ့သည်။

သူထွက်လာသည်နှင့် သကောင့်သားသုံးကောင်က ပြိုင်တူထရပ်ရင်း သူ့ကို 'ဘယ်လိုလဲ'ဟူသောသဘောဖြင့် ဝိုင်းကြည့်ကြသည်။

"လိပ်ခေါင်းတဲ့ကွ…မနက်ဖြန်ညနေ သုံးနာရီမှာ ဆေးကုသမှုခံယူဖို့ ငါ Booking လုပ်ခဲ့လိုက်တယ်…ဆေးကုသရာမှာ ဆေးရုံတက်စရာမလိုဘဲ ကုသချိန်နာရီဝက်လောက် ပြီးတာနဲ့ ပြန်လို့ရတယ်တဲ့…နောက်ရက်တွေမှာ ပုံမှန်ဆေးခန်းကိုလာပြီး အနာကိုဆေးထည့်တာတို့..နောက် ပိုးသတ်ဆေးသွင်းပေးတာတို့ကို အဆင်ပြေတဲ့အချိန်မှာ လာလုပ်လို့ရတယ်တဲ့"

"တော်သေးတာပေါ့"

အောင်ရဲက အထက်ပါအတိုင်း သက်မကိုချသည်။ ထိုစဉ်မှာပင် ကောင်တာမှစာရေးမက ....

"ကိုမင်းမင်း"

ဟု လှမ်းခေါ်နေသဖြင့် သူကောင်တာရှိရာလာဖြစ်သည်။

www.foreverspace.com.mm

“ကိုမင်းမင်း..မနက်ဖြန် သုံးနာရီမှာကုသဖို့ ရက်ချိန်းယူထားတယ်နော်”

“ဟုတ်ကဲ့”

“အဲဒါ ကိုမင်းမင်းဘက်ကသေချာတယ်ဆိုရင် စရံတင်ခဲ့ပါရှင့်”

‘ပုဂ္ဂလိကဆေးခန်း တယ်ပီသတာကိုး’ ဟု သူတွေးဖြစ်သည်။

“ဒါနဲ့ ကုသမှုရဲ့ကုန်ကျစရိတ်က အားလုံးပေါင်းဘယ်လောက်ကျမလဲ မသိဘူး…ပြီးတော့ စရံက ဘယ်လောက်တင်ခဲ့ရမလဲ”

သူ့အမေးကြောင့် ကောင်မလေးက ….


“ပျမ်းမျှ တစ်သိန်းကျော်ကျော်က ဆရာဝန်ရဲ့လက်ခပါ… အနာရဲ့အခြေအနေပေါ်မူတည်ပြီး လျှော့ယူပါတယ်…ကုသပြီး တာနဲ့ နေ့စဉ်ပိုးသတ်ဆေးနဲ့ အနာကျက်ဆေး ပုံမှန်လာသွင်းပြီးတော့ အနာကိုဆေးထည့်ရပါမယ်…တစ်သိန်းခွဲလောက်တော့ ကုန်မယ်ရှင့်…စရံကတော့ ငါးသောင်းလောက် စတိတင်ခဲ့ရင်ရပါပြီ”

စာရေးမ၏ရှင်းပြမှုအပြီးမှာ သူ စရံငါးသောင်းတင်ပေးလိုက်သည်။ မနက်ဖြန်ညနေခင်း သုံးနာရီမှာ အရောက်လာခဲ့ဖို့ စာရေးမလေးက ထပ်၍မှာသည်။

အပြန်လမ်းမှာ အောင်ရဲက …

“ပြလိုက်တော့လည်း ပြီးသွားတာပေါ့ကွာ…တော်ကြာ မပြဖြစ်ဘဲ ပိုပြီးရောဂါရင့်လာချိန်မှကုမယ်ဆိုရင် ပိုဆိုးသွားလိမ့်မယ်”

အောင်ရဲ၏စကားတို့က နားထဲမဝင်တစ်ချက်၊ ဝင်တစ်ချက် ဖြစ်ကာနေသည်။ သူ့စိတ်ထဲမှာ ဖိန်းနွဲ့ခါချိန်းထားသည့်အလုပ်ကိစ္စများအပေါ်မှာသာ အာရုံရောက်လို့နေသည်။ ကြိုတင်ချိန်းထားသည်မို့ သူ့ဘက်ကတော့ ပျက်ကွက်လို့မဖြစ်ဟု သူတွေးဖြစ်သည်။



www.foreverspace.com.mm

**ဆေး** ခန်းကို သူတို့ရောက်ချိန်မှာ သုံးနာရီနှင့်ဆယ့်ငါး ရှိသွားပြီဖြစ်သည်။ သုံးနာရီတွင်ချိန်းထားသောသူ မရှိသည်မို့ နောက်လူကို အရင်ကုပေးနေပြီဖြစ်ကြောင်း စာရေးမလေးက အားနာနာဖြင့်ဆိုသည်။ ကိုယ့်အမှားနှင့် ကိုယ်မို့ မတတ်နိုင်။ နာရီဝက်ခန့်စောင့်ရမည် ဖြစ်သည်။

နာရီဝက်ခန့်အကြာမှာ ကုသခန်းထဲမှ လူနာထွက်လာသည်။ လူလတ်ပိုင်းအရွယ် ထိုလူနာကို သူ၏ဇနီးဖြစ်ဟန်တူသူက တွဲကာ ဆေးသွင်းရမည့်နေရာသို့ခေါ်သွားသည်ကို တွေ့ရသည်။ မျက်နှာကြီးရှုံ့မဲ့နေသောထိုလူကို လှမ်းကြည့်ရင်း သူကုသခန်းထဲဝင်ရမှာ ကြောက်လာသည်။

“ဟိုလူ့ကြည့်ရတာ တော်တော်နာနေပုံရတယ်”

ထိုလူနာကို မေးငေါ့ပြရင်းမေးသော သူ့အမေးကြောင့် ကောင်တာရှိစာရေးမများက ပြုံးသည်။

“ထုံဆေးပြယ်တဲ့အချိန်တော့ နည်းနည်းလေးနာမှာပေါ့”

“ထုံဆေး…ထုံဆေးက ဘာလို့ထိုးရတာလဲ”

အူကြောင်ကြောင်ဖြစ်သွားသော သူ့အမေးကြောင့် စာရေးမက …

"ဩော်..အစ်ကို့ရဲ့လိပ်ခေါင်းကိုဖြတ်ဖို့က မနာမကျင် အောင် ထုံဆေးထိုးပြီးမှဖြတ်တာလေ"

"ဗျာ..ဖြတ်..ဖြတ်..တယ်...မနေ့ကဆရာဝန်ပြော တော့ ကွန်ပျူတာစက်အသစ်ကြီးနဲ့ကုပေးမှာမို့လို့ မနာမကျင်မခွဲစိပ် ပါဘူးဆို"

အလန့်တကြားထမေးသော သူ့ကိုကြည့်ရင်း စာရေးမက 'ကြောက်တတ်လိုက်တာ' ဟူသောသဘောဖြင့် သူ့ကိုပြုံးကာကြည့် သည်။ ပြီး ...

"ဟုတ်တယ်လေ...မခွဲစိတ်ဘူးလို့ ပြောတာလေ... မဖြတ်ဘူးလို့မှ မပြောတာ...ဒါပေမဲ့ စိတ်ချပါ...ကွန်ပျူတာစက် နဲ့ဖြတ်မှာဆိုတော့ မြန်ပါတယ်...နာလည်း ခဏပေါ့...အမျိုး သမီးတွေတောင်မှ လာကုနေကြတာ အများကြီးပဲ...သူတို့တောင် ခံနိုင်ရည်ရှိတယ်ဆိုတော့ အစ်ကိုကလူငယ်ပဲဥစ္စာ..ကောင်းကောင်း ကြီး ခံနိုင်မှာပါ"

စာရေးမ၏အားပေးစကားက သူ့ကိုကျောကျိန်းသွားစေ သည်။ ခဏအကြာမှာ ခွဲစိတ်ခန်းထဲမှ ...

"ကိုမင်းမင်း ဝင်လို့ရပါပြီ"

ဆိုသောအသံကို သူကြားရသည်။ သွေးပျက်ချင်ချင်ဖြစ်နေ သောသူ့ကို ဘော်ဒါများက သနားကြည့်၊ အားပေးကြည့်တို့ဖြင့် ဝိုင်း ကြည့်ကြသည်။

သူ ခွဲစိတ်ခန်းထဲရောက်သွားသောအခါ ဆရာဝန်နှင့် အကူ နာ့စ်မက ခုတင်ပေါ်မှာလှဲစေသည်။ နာ့စ်မက ...

"မောင်လေး..ထုံဆေးထိုးရင် နည်းနည်းတော့နာမယ် နော်"

နာ့စ်မ၏ချိုအီနေသော သတိပေးသံအဆုံးမှာ ထိုးထည့်

လိုက်သော ထုံဆေးထိုးအပ်၏အရှိန်က နာ၊ မနာတော့ သူမသိ။ သူ့နှုတ်ကတော့ 'အား'ခနဲ ကမ္ဘာပျက်လောက်အောင်ကို အော်ဖြစ်သွားသည်။

"အား…"

"မောင်လေးက ယောကျ်ားပဲဥစ္စာ…အားတင်းထားမှပေါ့ …မိန်းကလေးတွေတောင် ဒီလိုအော်တာမကြားဖူးဘူး… ခဏ လေး ကြိတ်ခံနော်…ဒီတစ်ချက် ထိုးပြီးရင် ပြီးပြီ…မနာဘူး မနာဘူး …ကဲ ထိုးပြီ…ဖြည်းဖြည်းလေး"

"အား…"

မခံမရပ်နိုင်လွန်းသည်မို့ သူငယ်သံပါအောင်ပင် အော်ဖြစ်သည်။ နာ့စ်မက ….

"ယောကျ်ားလေးပဲ..ကြိတ်ခံ"

ဟုဆိုသော်လည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်မို့ ယောကျ်ားလည်း နာသည်ပဲဖြစ်သည်။ တင်ပါးကိုထိုးသည်မဟုတ်ဘဲ ခွဲစိတ်ဖြတ်တောက်မည့် အသားနုနေရာကိုထိုးသည်မို့ မည်သို့ပင်အံကြိတ်ကာ တောင့်ခံထားသည်ဖြစ်စေ၊ နာသည်ကတော့ နာသည်ပဲဖြစ်သည်။

"အား…"

ထုံဆေးပေးထားသည်ဆိုသော်လည်း ဖြတ်သောအခါ နာသည်ပဲဖြစ်သည်မို့ တတိယမွိ သူအော်ဖြစ်ပြန်သည်။ နာ့စ်မက ထုံးစံအတိုင်း …

"ယောကျ်ားပဲကွယ်…ကြိတ်ခံမှပေါ့"

ဟု ဆိုသည်။ ပြီး သူမပြောနေကျအတိုင်း ….

"ပြီးပြီ..ပြီးပြီ…ဒီတစ်ခါ ဖြည်း..ဖြည်း..လေး"

ဟု ချိုအီသောလေသံဖြင့် အားပေးသည်။ သို့သော် သူမ၏



www.foreverspace.com.mm

အားပေးမှုက နာကျင်မှုကိုမသက်သာစေသည်ကတော့ သေချာသည်။

"ပြီးတော့မယ် မောင်လေးရေ…ပြီးပြီ..ဖြည်း..ဖြည်း ..ဆိုမှ ဖြည်း..ဖြည်း..လေး.."

"အား.."

ဖြည်းတာမဖြည်းတာကတော့ သူမ၏အပိုင်းဖြစ်ပြီး နာလွန်း သည်မို့ အော်ရမည်က သူ့အပိုင်းပင်ဖြစ်နေသည်။ ထုံဆေးသာမပေး ဘဲ အစိမ်းလိုက်သာ ခွဲစိတ်ဖြတ်တောက်ပြီး ပြန်အချုပ်ခံလို့ကတော့ အသက်ပင် အတောင့်လိုက်ထွက်သွားနိုင်သည်ဟု သူတွေးသည်။

"ပြီးပြီနော် မောင်လေး…ဖြတ်ပြီးသွားပြီ…ဒီမှာ အခု ချုပ်ပေးနေတာ…ပြီးတော့မယ်နော်…ဒီတစ်ခါ..ဖြည်း.. ဖြည်း ..လေး"

"အား…ဟာ..အား…"

ခံရဖန်များတော့ သူမ၏'ဖြည်းဖြည်းလေး'ဆိုသည်ကို အယုံ အကြည်မရှိတော့။ သူမက 'ဖြည်းဖြည်းလေး'ဟုဆိုလာတိုင်း အံက အလိုလိုကြိတ်ပြီးသားဖြစ်ကာနေသည်။ 'ပြီးပြီ..ပြီးပြီ'ဆိုသော သူမ ၏စကားကိုလည်း သူစိတ်သက်သာအောင်ညာပေးနေမှန်း သိသိနှင့် ယုံချင်နေမိသည်။

"ဒီတစ်ခါတော့ တကယ် ဖြည်း..ဖြည်းလေးပါ မောင်လေး ရယ်"

"အ.."

ဒီတစ်ခါတော့ 'အား'ဟုပင် မအော်နိုင်တော့ 'အ'ဟုသာ အသံထွက်နိုင်တော့သည်။ ဆရာဝန်ကပါ …

"ပြီးပြီ..ပြီးပြီ"

ဟု နှစ်မပြောသလို လိုက်ပြောကူသည်။ သို့သော် သူတို့ နှစ်ဦး၏ 'ပြီးပြီ..ပြီးပြီ'ဆိုသည့်စကားကို သူမယုံတော့။ သူတို့၏ပြီးပြီ

www.foreverspace.com.mm

သည် ကိုးရီးယားကားထက်ပင် အခန်းဆက်ရှည်ကြာချင်နေသေးသည် ဟု သူထင်နေမိသည်။

"ဖြည်း…ဖြ..ည်း…ေလး…"

"အီး.."

"ပြီးပြီ..ပြီးပြီ"

"အင်း…"

"ဖြ..ည်း…ဖြည်း…ေလး"

"အ…"

"ပြ..ီး…ပြီ..ပြီး..ပြ..ီ"

"အား လား လား"

"ဒီတစ်ခါတော့ တကယ်ကိုပြီးသွားပြီ မောင်လေးရေ…ကဲ ..ထထိုင်တော့ ရပြီ"

Air Con ခန်းထဲမှာပင် ချွေးသီးချွေးပေါက်များကြားမှ သူထထိုင်ဖြစ်သည်။ ဒီတစ်ခါတော့ အမှန်အကန်ပြီးပြီကိုးဟု သူစိတ်ပေါက်ပေါက်ဖြင့်တွေးမိသည်။

"ကဲ မောင်လေး…ပိုးသတ်ဆေးနဲ့ အနာကျက်ဆေး သွင်းလိုက်ဦးနော်"

ခွဲစိတ်ခန်းအပြင် ရောက်ရောက်ချင်းမှာပင် ဆီးကြိုနေသော နာ့စ်မတစ်ဦးက 'ပိုးသတ်ဆေးနှင့် အနာကျက်ဆေး' သွင်းရန်ဆိုသည်။

ခုတင်တစ်လုံးမှာ ပိုးသတ်ဆေးပုလင်းချိတ်ကာ ပက်လက်ကလေးဖြစ်နေသော သူ့နားကို အောင်ရဲတို့သုံးကောင်ရောက်ချလာသည်။

"မင်းရှေ့ကတစ်ယောက်ခွဲနေတုန်းက အော်သံမကြားလိုက်ရသလိုပဲကွ…မင်းအလှည့်ကျမှ အော်လိုက်တာလွန်ရော"

www.foreverspace.com.mm

အောင်ရဲက ခပ်တိုးတိုးဖြင့်ဆိုရင်း ရယ်သည်။

"တော်သေးတာပေါ့ကွာ…မနာမကျင်ဆိုတဲ့ ကွန်ပျူတာစက်နဲ့ ဖြတ်ပေလို့ပဲ…တောက်‥နာချက်ကတော့ ပြောပြစရာ စကားလုံးတောင်မရှိဘူး"

သူ့စကားကြောင့် သကောင့်သားသုံးကောင်ကရယ်သည်။

"ဒါနဲ့ ဖြတ်လိုက်တဲ့ မင်းရဲ့လိပ်ခေါင်း ယူမလာဘူးလား"

"ဘာဖြစ်လို့လဲ"

သက်နိုင်ကမေးသောအမေးကို သူ့အစား တန်ပြန်မေးခွန်းထုတ်သည်။

"အောင်ရဲက ငါးခေါင်းချဉ်ရည်တို့ ဘာတို့ကြိုက်တယ်လေ…အဲဒါကြောင့် ဒီကောင့်ကို ငါးခေါင်းဟင်းရည်အစား အပြောင်းအလဲဖြစ်အောင် လိပ်ခေါင်းဟင်းရည်ချက်ကျွေးမလို့"

သက်နိုင်၏စကားကြောင့် အောင်ရဲ၏မျက်နှာကြီး ရှုံ့မဲ့သွားပြီး သက်နိုင်ကို …

"ခွေးကောင်"

ဟု ရေရွတ်သည်။

"သူများကျ လျှောက်ပြောနေ…မင်းလည်း Sea food ကြိုက်တာပဲမဟုတ်လား…တောင်းမယ့်တောင်းရင် မင်းပဲတောင်းရမှာ"

သန်းမောင်က သက်နိုင်ကို အရယ်တဝက်ဖြင့်နှိပ်ကွပ်သည်။

ပိုးသတ်ဆေးသွင်းအပြီး အနာကျက်ဆေးဟုဆိုသော ဆေးပုလင်းချိတ်နေစဉ်မှာပင် ထိုဆေးကပြယ်လာသည်မို့ အနာက တဆစ်ဆစ်နာကျင်ကာလာသည်။ သူ အံကိုသာတင်းတင်းကြိတ်ထားဖြစ်သည်။

ဆေးများအားလုံး သွင်းပြီးပြီမို့ ကောင်တာမှာ ငွေရှင်းသော

www.foreverspace.com.mm

အခါ နာ့စ်မလေးတစ်ယောက်က ...

"အစ်ကို..အစ်ကို့ကို ပြောဖို့မေ့နေတယ်...အနာက ခွဲထားဖြတ်ထားတာဆိုတော့လေ...အနာမကျက်ခင်စပ်ကြား အထူးသဖြင့် ဆယ်ရက်တစ်ပတ်လောက်တော့ အနာကနေ သွေးရည်ကြည်တွေ၊ သားနံရည်တွေ ထွက်နေမှာဆိုတော့ ဖြစ်နိုင်ရင် ကန်တော့နော် အစ်ကို...ဟို..ဖြစ်နိုင်ရင်..အမျိုးသမီးတွေ လစဉ်သုံးတဲ့ဂွမ်းထုပ် ကို သုံးပေးရင်ကောင်းမယ်..အနာလည်း ခြောက်ခြောက်သွေ့သွေ့လေးဖြစ်အောင်ပေါ့...မဟုတ်ရင် ဘောင်းဘီတွေ၊ ပုဆိုးတွေမှာ ကွက်ကွက်သွားတတ်တော့ ရုပ်ဆိုးတယ်လေ...တစ်ရှူးနဲ့ကျတော့လည်း အမြဲတမ်းသတိတရနဲ့ သန့်ရှင်းရေးလုပ်ပေးဖို့ကလည်း မလွယ်ဘူးမဟုတ်လား"

"ဟုတ်ကဲ့"

သူ မျက်နှာပူပူဖြင့် 'ဟုတ်ကဲ့'ဖြစ်သည်။ ငွေရှင်းတော့ ဆရာဝန်လက်ခက တစ်သိန်းကျော်၊ ပစ္စည်းဖိုး၊ ပိုးသတ်ဆေး၊ အနာကျက်ဆေးဖိုး စသည်ဖြင့် စုစုပေါင်း တစ်သိန်းနှင့်လေးသောင်းနီးပါးကျသည်။

"မနက်ဖြန်မနက် ကိုးနာရီကနေ ညနေခြောက်နာရီအထိ အဆင်ပြေတဲ့အချိန်မှာ အနာကိုဆေးထည့်ဖို့နဲ့ ပိုးသတ်ဆေးအနာကျက်ဆေးသွင်းဖို့ လာခဲ့နော်"

ကောင်တာမှစာရေးမက သူ့ကိုကြည့်ရင်းဆိုသည်မို့ သူ ခေါင်းညိတ်ပြဖြစ်သည်။

ကားပေါ်သို့ရောက်သောအခါ ဆေးခန်းမှဆေးဘောင်ချာကိုကြည့်ရင်း သန်းမောင်က မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် ...

"ရိုက်ချက်ကတော့ ကမ်းကုန်ပဲဟေ့"

ဟုဆိုသည်။

"ဘာဖြစ်လို့လဲကွ"

သက်နိုင်က သန်းမောင်ကိုမေးသည်။

"ဒီမှာ ပိုးသတ်ဆေးဗူးငယ်လေးတစ်ဗူးကို တစ်သောင်း တောင်ယူထားတယ်...ကြည့်စမ်း...ဒီဆေးက နယ်ကငါတို့ဆိုင် မှာရောင်းတာ တစ်ထောင်တောင် မပြည့်ဘူး"

"အာ..အမျိုးအစားမတူလို့နေမှာပေါ့...စျေးက ဆယ်ဆ လောက်ကွာပါ့မလား"

သန်းမောင်၏အဆိုကို အောင်ရဲက သူ့အမြင်ဖြင့် ဝင်၍ ပြောသည်။

"ဆေးရောင်းစားလာတာ ဆယ်နှစ်ကျော်ပြီ...မှားစရာ အကြောင်းကိုမရှိဘူး...ပြီးတော့ သူတို့အနာကျက်ဆေးဆိုပြီး သွင်း ပေးတဲ့ အမိုင်နိုအက်ဆစ်က ငါသိသလောက်တော့ အားဆေးတစ်မျိုး ပဲကွ...သူလည်းပဲ နယ်ကငါတို့ဆိုင်မှာ နှစ်ထောင်ထက်မပိုဘူး... ဒီမှာ သူတို့ဆေးခန်းက တစ်သောင်းခွဲတောင်ယူထားတယ်...ဘာ ပြောပြော အဲဒီဆေးနှစ်မျိုး နှစ်သောင်းခွဲမှာ တကယ်ကျသင့်တာက သုံးထောင်လောက်ပဲရှိရမှာ...မဟားတရားကြီးကို ရိုက်တာပါလား ကွ"

အံ့သြဘနန်းဖြစ်နေသော သန်းမောင်၏အဆိုကြောင့် အောင်ရဲနှင့်သက်နိုင်တို့နှစ်ကောင်က တစ်ယောက်မျက်နှာကိုတစ် ယောက်ကြည့်သည်။

"သူတို့က ဝန်ဆောင်မှုစရိတ်တွေ၊ ဘာတွေ သီးသန့်မယူဘဲ နဲ့ ရောယူလိုက်တာနေမှာပေါ့ကွာ"

"အာ..မင်းမင်း...မင်းကလည်း ကြောင်ပြန်ပြီ...ဘာ ဖိုးပဲယူယူ ဒီလောက်ကြီးကျတော့ များလွန်းတယ်ကွ"

သူပြောသောစကားကို သန်းမောင်က လက်မခံ။

www.foreverspace.com.mm

"ပြီးတော့ မင်းစဉ်းစားကြည့်…မနက်ဖြန်ကစပြီး ငါးရက် တိတိ‥ပိုးသတ်ဆေးနဲ့ အနာကျက်ဆေးက သွင်းရဦးမှာ…ဆေး လည်း ထည့်ရဦးမှာ…သူတို့ကို အစအဆုံးကုန်ကျစရိတ်ခန့်မှန်း တုန်းကတော့ တစ်သိန်းခွဲလောက်ပါပဲတဲ့…ဒီပုံစံအတိုင်းဆို သူတို့ ဟာက သုံးသိန်းပတ်ချာလည်လောက်ကုန်မယ့်သဘော ဖြစ်နေပြီ"

"လုပ်မိပြီဆိုတော့လည်း ဘယ်တတ်နိုင်မလဲကွာ"

သက်နိုင်က လေသံဖြင့်ဆိုသည်။ သန်းမောင်က ‥

"ဒါပေမဲ့ ငွေရေးကြေးရေးချို့တဲ့တဲ့လူနာတွေက သူတို့စကား ကို ယုံစားပြီးတော့…ရှိတာလေးတွေပေါင်နှံထုခွဲပြီး လာကုတဲ့အခါ ကုန်ကျတဲ့ငွေက နှစ်ဆလောက်ဖြစ်နေရင် ဗျာများနေရတော့မှာပေါ့ …ပြီးတော့ ငါသတိထားမိသလောက် တချို့ဆို နယ်ကနေလာပြီး ဘုန်းကြီးကျောင်းတွေ ဘာတွေမှာတည်းပြီး ရောဂါလာကုကြတာ… သူတို့က ဒီလိုလုပ်တော့ မကောင်းဘူးပေါ့"

"ဒီလိုနေမှာပေါ့ သန်းမောင်ရာ…တကယ်လို့ သူတို့က အမှန်အတိုင်းပြောလိုက်ရင် ငွေမတတ်နိုင်တော့ ကုဖြစ်တော့မှာ မဟုတ်ဘူး…ဒီတော့ ကုဖြစ်ပါစေတော့ဆိုတဲ့စေတနာနဲ့ ဖြီးလိုက် တာနေမှာပေါ့ကွာ…ငါလည်း ဟိုကောင်ခွဲခန်းဝင်နေတုန်းက သတိ ထားမိပါတယ်…တချို့နွမ်းပါးတဲ့လူနာတွေကိုဆိုရင် သူတို့က ပိုး သတ်ဆေးသုံးရက်ပဲသွင်းပေးပြီး အနာကျက်ဆေးကို မသွင်းပေးတော့ ဘူး…စရိတ်ကို ချို့ပေးတဲ့သဘော"

အောင်ရဲက အကောင်းဘက်ကနေစဉ်းစားသည်။

"နောက်ပြီးတော့ သူတို့လုပ်တာ မကြိုက်တဲ့တစ်ချက်ရှိသေး တယ်…နယ်ကလူနာတွေလာမေးရင် ခွဲခန်းဝင်ပြီးတော့ သုံးရက် ဆိုရင် နယ်ကိုပြန်လို့ရတယ် ဘာညာဆိုပြီးတော့ နယ်ကလာသမျှကို ပြောပြောနေတယ်…ငါ့ဘေးမှာထိုင်နေတဲ့အစ်မကြီး ပြောနေတာ

www.foreverspace.com.mm

ကြားရသလောက်တော့ သူတို့အသိတစ်ယောက်က ဆေးခန်းကပြောသလိုပဲ··သုံးလေးငါးရက်နဲ့ပြန်သွားတာ ဟိုရောက်မှ ချုပ်ထားတဲ့နေရာက သွေးကြောပေါက်ပြီး သွေးတွေအများကြီးမရပ်တမ်းထွက်နေလို့ နယ်ကဆေးရုံမှာ ထပ်တက်ပြီး ပြန်ချုပ်ရတယ်တဲ့···သိပ်မသေသပ်ဘူးတဲ့···အဲဒီအစ်မကြီးတို့ကတော့ အနာအခြေအနေတော်တော်လေးကောင်းမှ ပြန်မယ်ဆိုလားပဲ···ဒီလိုမျိုး ငါ့လက်ကလွတ် ပြီးရော··အသေးစားခွဲစိတ်မှုပဲဥစ္စာ···လူနာဆီက ပိုက်ဆံရရင်ပြီးရောလုပ်တာတော့ မကောင်းဘူးပေါ့ကွ”


သက်နိုင်က ဒေါကန်ကန်နှင့်ဆိုသည်။

“ဒီလိုပါပဲကွာ···နိုင်ငံတကာမှာ ဆေးဝါးအတုတွေတွေ့လို့ အရေးယူရတယ်ဆိုတာမျိုးပေါ့ ···ကျန်းမာရေးနဲ့ပတ်သက်ပြီး လောဘရှေ့ထားနေတဲ့လူတွေ နိုင်ငံပေါင်းစုံမှာရှိတာပဲ···အဲတစ်နေ့တော့လည်း သူ့လမ်းသူရောက်သွားတာပဲ···မကောင်းမှုဆိုတာက ရေရှည်မတည်တံ့ပါဘူး”

သန်းမောင်က ထိုသို့ဆိုရင်း ကားပြတင်းမှနေ အဝေးကိုငေးသည်။

“မင်းမင်း··ငြိမ်လှချည်လား···အရမ်းနာနေလို့လား”

အောင်ရဲက သူ့ကိုကြည့်ရင်း မေးသည်မို့ သူခေါင်းကိုညိတ်ပြဖြစ်သည်။ အနာက တဆစ်ဆစ်ဖြင့် ကိုက်ခဲနာကျင်နေသည်။ ဒီလိုအချိန်မျိုး၌ ဖြစ်နိုင်လျှင် မိုးယု၏လက်ဖဝါးနုနုကိုဆုပ်ထားရင်းက ဝေဒနာတို့ကို သူမေ့ထားချင်မိသည်။



www.foreverspace.com.mm

လောပြန်သွားသော စိမ်းနုသိလို့ကတော့ စိတ်ဆိုးရမည် လားတော့မသိ။ သူ အနာရှိန်ကြောင့်တဆစ်ဆစ် နာကျင် နေသည့်ကြားမှ မိုးယုဆီ ဖုန်းဆက်ချင်နေသည်မို့ မအောင့်အည်း နိုင်တော့ဘဲ ဖုန်းခေါ်ဖြစ်သည်။

ဖုန်းဝင်သွားသော်လည်း သူမ ချက်ချင်းဖုန်းမကိုင်။ အတန် ကြာတော့မှ …

"ဟဲလို"

ဟု သူမထူးသည်။

"မိုးယု‥ကိုမင်းမင်းပါ"

"ဟုတ်ကဲ့"

သူမ၏ 'ဟုတ်ကဲ့' ဆိုသောအသံက သူ၏လက်ရှိနာကျင်နေသောဝေဒနာတို့ကို ခေတ္တမျှမေ့လျော့သွားစေခဲ့သည်။

"စိမ်းနု ကလောပြန်သွားတော့ မိုးယုပျင်းနေမှာပေါ့"

"အင်း‥ဒီလိုပါပဲ"

"Shopping တွေဘာတွေသွားချင်ရင် ပြောလေ…ကိုမင်း လိုက်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်လျှင် ကြောင်တောင်တောင်များဖြစ်နေမလား ဟု သူတွေးလိုက်သည်။

"သွားစရာတွေ ဘာတွေရှိလို့ မိုးယုတစ်ယောက်တည်းဖြစ်နေရင် ပြောနော်…ကိုမင်း လိုက်ကူပါ့မယ်"

"ဟုတ်ကဲ့"

'အလဲ့··တယ်ယဉ်ကျေးပါလား' ဟု သူတွေးဖြစ်သည်။

သူမ၏ 'ဟုတ်ကဲ့'က အင်မတန် နားဝင်ချိုကာ အင်မတန် ချစ်စရာကောင်းသော ဟုတ်ကဲ့ဖြစ်လို့နေသည်။ ချစ်စိတ်တို့၊ ချစ်ဆိပ်တို့ တရိပ်ရိပ်တိုးအောင်များ ပြုစားနေသလားတော့ မသိ။ သူမက တော့ မည်သို့နေသည်မသိ။ သူကတော့ သူမအသံတိုးညှင်းညှင်းကို ကြားရုံမျှဖြင့် ရင်မှာကြမ်းရှစွာခုန်နေတတ်သည်။

"ဒါနဲ့စကားမစပ် မိုးယုတို့မွေးနေ့ပွဲသွားတဲ့ညက ကိုမင်း လိုက်ပို့တော့ အုတ်တံတိုင်းပေါ်က ခုန်ချသွားတဲ့ကြောင်က မိုးယုတို့ အိမ်ကကြောင်လား"

"ဘာဖြစ်လို့လဲ"

သူ့စကားက ထိုညကအဖြစ်အပျက်တို့ကို တမင်ပြန်လှန် လိုက်သလိုများ ဖြစ်သွားသလားတော့မသိ။ သူမက အောင့်သက် သက်လေသံဖြင့် 'ဘာဖြစ်လို့လဲ' ဟု ပြန်၍မေးသည်။

"ဘာမှမဖြစ်ပါဘူး…ခဏလေးတွေ့လိုက်ရပေမယ့် ချစ်စရာကောင်းသလားလို့"

"အဲဒီကောင်လား ချစ်စရာကောင်းမှာ…ဟိုတစ်နေ့က ငါးကြော်ခိုးစားလို့ အမြင်ကတ်ကတ်ရှိတာနဲ့ ဆော်ပလော်တီးထားတယ်"

သူ့စကားအသွားအလာကို ကြိုသိနေဟန်တူသော သူမက စကားကို ရှေ့မှပိတ်ကာဆိုသည်။

www.foreverspace.com.mm

“အာ..မသိလို့ နားမလည်လို့စားတာပဲဥစ္စာ…ရိုက်စရာ လား မိုးယုရ…ကိုယ့်ကျေးဇူးရှင်လေး သနားပါတယ်”

“ဘာ ကိုယ့်ကျေးဇူးရှင်လဲ…စကားပြောတာ အနှောင့် အသွားလွတ်အောင်ပြောနော်…မညစ်နဲ့”

‘ချက်’ ဆို နားခွက်ကမီးတောက်ဟန်တူသော သူမက စကား ကို ပိတ်၍ဆိုပြန်သည်မို့ သူရယ်ချင်ချင်ဖြစ်သွားမိသည်။

တော်တော်လည်း လည်သည့်ကလေးမ။

“ဒါဆို အဲဒီကြောင်ကို မိုးယုမချစ်ဘူးလား”

“မချစ်ဘူး”

“ချစ်လိုက်ပါ မိုးယုရာ…ကြောင်လေး သနားပါတယ်”

“ဘာဆိုင်လို့ ချစ်ရမှာလဲ…အကျင့်မှ မကောင်းတဲ့ဟာကို”

တမင်ရွဲ့ပြောနေသော သူမ၏စကားကို ဘယ်လိုကျော်ရမှန်း မသိတော့။ မထူးတော့ပြီမို့ ဖြစ်ချင်ရာဖြစ် ရင်ဖွင့်လိုက်ရန်သာ သူ တွေးဖြစ်သည်။

“ကိုယ်ကတော့ အဲဒီကြောင်လေးကိုချစ်တယ်…ပြီးတော့ အဲဒီကြောင်ရဲ့ပိုင်ရှင် မိုးယုကိုလည်းချစ်တယ်”


“ဟောတော့ ဘလိုင်းကြီးပါလား..ဘာမှလည်း မဆိုင်ဘူး”

သူမက အရယ်တစ်ဝက်လေသံဖြင့် ညစ်ကျယ်ကျယ်ဆို သည်။

“ဆိုင်တာ မဆိုင်တာတော့ ကိုယ်လည်းမသိဘူး…ကိုယ် သိတာက မိုးယုကိုချစ်တယ်ဆိုတာပဲသိတယ်”

“ဟောတော့..ကိုမင်းက လူလည်ကြီးတော့”

ပြောရင်းဆိုရင်း သူမဖုန်းချသွားခဲ့သည်။ သူ့ရင်ထဲမှာတော့ ရင်ခုန်သံလှိုင်းတို့ မငြိမ်မသက်ပါဘဲ တဝုန်းဝုန်းရိုက်ကာ ကျန်နေခဲ့ သည်။



www.foreverspace.com.mm

“ အောင်ရဲတို့..သန်းမောင်တို့...မင်းတို့ကောင်တွေ မင်း မင်းကို ရှိရှိသေသေဆက်ဆံကြကွ သိလား”

ဆိုင်းမဆင့် ဗုံမဆင့်ဆိုသော သက်နိုင်၏ရယ်ကျဲကျဲအဆို ကြောင့် သူရော၊ အောင်ရဲတို့နှစ်ကောင်ပါ အူကြောင်ကြောင်တွေ ဖြစ်သွားကြရသည်။

“ဘာဖြစ်လို့တုံး”

“ဘာဖြစ်လို့လဲဆိုတော့ ငါတို့ထဲမှာ ဒီကောင်က ဆရာကြီး လေ”

“အင်း..ဆိုပါဦး”

သန်းမောင်က သက်နိုင်ကိုစကားထောက်ပေးသည်။

“မင်းမင်းက ငါတို့မရောက်ဖူးသေးတဲ့ နိုင်ငံခြားခရီးစဉ်တွေ သူသွားဖူးတယ်...ဗဟုသုတပိုင်းဆိုင်ရာမှာ မင်းတို့သိတဲ့အတိုင်း သူက ဆရာကြီး”

“မှန်တယ်”

အောင်ရဲက သက်နိုင်၏အဆိုကိုထောက်ခံသည်။

"အခုလည်း ကြည့်…ငါတို့တွေ မြင်တောင်မမြင်ဖူးတဲ့ အမျိုးသမီးလစဉ်သုံးပွမ်းထုပ်ကို သူ့ခမျာ ယောကျ်ားကြီးတန်မဲ့နဲ့ သုံးရတော့မယ်…ဒီတော့ ငါတို့ထက်ဗဟုသုတပိုင်းမှာ ပိုကြွယ်ဝတဲ့ ဒီကောင့်ကို ငါတို့က ဆရာကြီးလို့မခေါ်သင့်ဘူးလား"

"ခေါ်သင့်တာပေါ့"

အောင်ရဲက သက်နိုင်၏စကားကိုထောက်ခံပြန်သည်။

"ဒါနဲ့ ဆရာကြီးကို ကျွန်တော်တစ်ခုမေးပါရစေ…အခု ဈေးကွက်မှာ များပြားလှတဲ့ပွမ်းထုပ်တွေထဲက ဘယ်တံဆိပ်ကို အသုံးပြုမယ်လို့ ဆရာကြီးအနေနဲ့ စဉ်းစားထားပါသလဲ"

သန်းမောင်က သူ့ဘက်ကိုလှည့်ကာ အင်တာဗျူးလုပ်နေသည့်ပုံစံမျိုးဖြင့် ပြောင်ချော်ချော်လုပ်နေသည်မို့ သူ အောင့်သက်သက်ဖြင့်ရယ်ဖြစ်သည်။

"နောက်ဆိုရင် ဘယ်တံဆိပ်က ဘယ်လိုကောင်းတယ်… ဘယ်တံဆိပ်ကတော့ဖြင့် ဘယ်လိုအားသက်ချက်ရှိတယ်ဆိုတာကို သိရှိတော့မယ့် ဂုရုကြီးတစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ ခင်ဗျာ"

အောင်ရဲကလည်း သူ့ရှေ့ကို ကမန်းကတန်းပြေးလာပြီး အထက်ပါစကားလုံးများဖြင့် အင်တာဗျူးမေးသလိုလုပ်ပြန်သည်။

"ကြည့်စမ်း‥ကြည့်စမ်း…ဒီကောင်က ငါတို့မသွားဖူးတဲ့ နေရာတွေသွားဖူး…ငါတို့မစားဖူးတာတွေ စားဖူးတဲ့အပြင် ငါတို့ မသုံးဖူးတာတွေကိုပါ သုံးရတော့မယ်ဆိုတော့…အခုကတည်းက သွေးကြီးနေပြီတွေ့လား…ငါတို့ကို စကားတောင်မပြောတော့ဘူး"

အောင်ရဲက သန်းမောင်တို့ဘက်လှည့်ကာဆိုသည်။ ပြီး သူတို့သုံးကောင်သား ကမ္ဘာကျော်ပြက်လုံးတစ်ခုကို ကြားလိုက်ကြရသော ပုံစံမျိုးဖြင့် တခွီးခွီးရယ်ကြသည်။

သက်နိုင်က ရယ်မောနေရာက ရုတ်တရက်မျက်နှာပိုးကို သတ်လိုက်ရင်း ....

"ဒါနဲ့ မင်းကိုအကြံတစ်ခုတော့ပေးမယ် မင်းမင်း...မင်း ဝွမ်းထုပ်ဝယ်ရင် ကံစမ်းမဲပါတဲ့ ဝွမ်းထုပ်ကိုဝယ်...ဥပမာကွာ.. ပထမဆုက ဘာ၊ ဒုတိယဆုဆိုရင် ဘာ၊ တတိယဆုကျတော့ ဘာ.. အေး အဲဒီလို တိုင်းသိပြည်သိကြော်ငြာထားတဲ့ပစ္စည်းကို ဝယ်သုံး... အဲဒီမှာ မင်းက ကံကောင်းထောက်မပြီး ပထမဆုရသွားရင် မင်း ကမ္ဘာကျော်ပြီသာမှတ်"

"ဘာဖြစ်လို့တုံး"

သက်နိုင်၏ပြောင်ချော်ချော်အဆိုကို အောင်ရဲက 'ဘာဖြစ် လို့တုံး' ဟုမေးသည်။

"ဟ ဘာဖြစ်ရမှာလဲ...အမျိုးသမီးလစဉ်သုံးပစ္စည်း တစ်ခု ကို ယောကျ်ားကြီးတန်မဲ့ အမှန်တကယ်မရှိမဖြစ်ပုံစံနဲ့ သုံးစွဲပြီးတော့ အဲဒီပစ္စည်းက ပြန်လည်ကျေးဇူးပြုတဲ့ဆုတွေထဲကမှ ပထမဆိုတဲ့ ဆုကို ဒီကောင်ဆွတ်ခူးသွားခဲ့ရင် ကမ္ဘာ့သမိုင်းမှာတောင်မရှိသေးတဲ့ ဒီ အဖြစ်အပျက်အတွက် ဒီကောင် နာမည်ကြီးပြီပေါ့ကွ...ဒါ ဂင်းနစ် မှတ်တမ်းစာအုပ်မှာတောင်မှ မော်ကွန်းတင်သွားမယ့်ကိစ္စ မဟုတ် လား ...လေးစားလိုက်တာ ဆရာကြီးရယ်...ကျွန်တော် ဆရာ ကြီးကို သိပ်လေးစားတာပဲ"

သက်နိုင်၏အဆိုကြောင့် သန်းမောင်တို့နှစ်ကောင်က ခွက် ထိုးခွက်လန်ရယ်သည်။ သူပါ အောင့်သက်သက်ဖြင့်ရယ်ဖြစ်ပြန်သည်။

"အဲဒီဂုဏ်ပြုပွဲမှာ ပထမဆိုတဲ့ဂုဏ်ပြုဆုကြီးကိုယူနေမယ့် ဒီကောင့်ရဲ့ အီလယ်လယ်မျက်နှာကြီးကိုတွေးရင်း ငါရယ်ချင်လိုက် တာကွာ...မင်းတို့စဉ်းစားကြည့်...ဂုဏ်ပြုပွဲတွေက သူတို့ရဲ့အမှန် တကယ်သုံးစွဲသူတွေကို ပြန်လည်ကျေးဇူးတုံ့ပြန်တဲ့ပွဲ...တခြား

ကံစမ်းမဲမှာ ပထမဆုရတယ်ဆိုတာက ရင်ကော့ပြီးတက်ယူလို့ရတယ် …ဥပမာ ဘီယာတို့၊ ယမကာတို့ရဲ့ကံစမ်းမဲမှာ ပထမရတယ်ဆိုတာမျိုးက ယောကျ်ားတစ်ယောက်အနေနဲ့ ဂုဏ်ယူလို့ရတယ်ကွာ… တခြားကော်ဖီမစ်ပဲဖြစ်ဖြစ်၊ တီးမစ်ပဲဖြစ်ဖြစ်၊ ခေါက်ဆွဲလိုဟာမျိုးပဲဖြစ်ဖြစ် ကံစမ်းမဲပေါက်တယ်ဆိုတာက တော်သေးတယ်…

နောက်ဆုံး ယောကျ်ားကြီးတန်မဲ့နဲ့ သနပ်ခါးကံစမ်းမဲ ပထမဆုရတယ်ပဲထား …အဲဒီထိ နားလည်ပေးလို့ရသေးတယ်… အခုဟာက ဂွမ်းထုပ် လေကွာ…ဟား ဟား ဟား…ဂွမ်းထုပ်ကံစမ်းမဲမှာ ပထမဆုရ ပြီး စင်ပေါ်မှာဆုလက်ခံဖို့ တက်ယူရမယ့် ဒီကောင့်ရဲ့ အဲဒီအချိန်မှာ ရှိနေမယ့်မျက်နှာကို မြင်ယောင်ကြည့်ပါလား… အီးမှန်ထားသလို ဖြစ်နေမှာ သေချာတယ်…ဟား ဟား ဟား… အံ့အားတသင့်နဲ့ ပါးစပ်ကြီးဟပြီး ကြည့်နေကြမယ့်ပရိသတ်တွေ တဟားဟားနဲ့ ရယ်နေမယ့် ငါတို့လိုဘော်ဒါတွေ မြင်ကြည့်လိုက်စမ်းပါ သူငယ်ချင်းရာ …မြင်ကြည့်လိုက်စမ်းပါ"

ပြောရင်း အောင်ရဲက တဟားဟားဖြင့်ရယ်ပြန်သည်။ သူနှင့်သန်းမောင်တို့ နှစ်ကောင်ပါ ရယ်ဖြစ်ကြသည်။

"ဒါနဲ့ စကားမစပ်…မနက်ဖြန် မင်းသွားရမယ့်ကုမ္ပဏီကိစ္စတွေအတွက် လိုတဲ့စာရွက်စာတမ်းတွေ စုံပြီလား"

နှိပ်ကွပ်ရတာများလွန်းသည်မို့ အားနာသွားသည်လားတော့ မသိ။ သက်နိုင်က စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် သူ့ကိုမေးသည်။

မနက်ဖြန် ခရီးသွားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဖို့ချိန်းထားသည့်အလုပ်များကို သူသွားရမည်။ အင်းလေးမှာရှိသော ဟိုတယ်နှင့် ကလောမှာရှိသော ဟိုတယ်များအတွက် အခန်းရောင်းသည့် ကန်ထရိုက်စာချုပ်များ ချုပ်ရမည်ဖြစ်သည်။

"ဘာပဲပြောပြော..ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု ဆက်ပြီး သွားရမှာဆိုတော့ မင်းအဝတ်လဲချိန်ရမှာမဟုတ်ဘူး"

ရုတ်တရက်ဆိုသော သန်းမောင်၏စကားကြောင့် သူ ကြောင်သွားရသည်။ သန်းမောင်က ...

"ငါဆိုလိုတာကို မင်းသဘောမပေါက်ဘူးနဲ့တူတယ်... ဒီလိုကွာ..မင်းရဲ့အနာက သွေးရည်ကြည်ခေါ်လား...အဲဒါတွေ က ထွက်နေမှာဆိုတော့ ပုဆိုးဝတ်သွားရင်လည်း အကွက်ကြီးဖြစ် သွားလို့ ခဏခဏလှည့်ဝတ်နေရမယ်...အဲ ဘောင်းဘီဆိုရင် ပိုဆိုး မယ်...လှည့်ဝတ်မရ ဘာမရနဲ့...ဒီတော့ မင်း ဆေးခန်းက နာ့စ်မပြောသလို ဂွမ်းထုပ်ကို သန့်ရှင်းရေးအရရော၊ ဘာရော မင်း သုံးရတော့မယ်လေ....အဲဒါကို ပြောတာ"

သန်းမောင်၏စကားအဆုံးမှာ အောင်ရဲနှင့်သက်နိုင်က ..

"ဝေး ဟေး ဟေး..မင်းမင်းကွ"

ဟု လက်ခုပ်လက်ဝါးတီးကာ သူ့ကိုနောက်သည်။

"ကဲ..ဒီလိုဆို မင်းတို့ ငါ့အတွက်ဂွမ်းထုပ်သွားဝယ်ကြ"

သူ့စကားအဆုံးမှာ သန်းမောင်က ...

"ဟာ..ငါတော့ မဝယ်ရဲဘူး...ဟိုကောင်နှစ်ကောင်က အရှက်ရှိတာမဟုတ်ဘူး...သူတို့ကိုသွားဝယ်ခိုင်းလိုက်"

သန်းမောင်၏စကားကြောင့် အောင်ရဲတို့နှစ်ကောင်က ..

"အောင်မာ မာ"

ဟု ရေရွတ်ရင်း သန်းမောင်ကိုလှမ်းကန်ကြသည်။

"မင်းကမှ အရှက်ကုန်နေတဲ့အကောင်...ဝယ်ခြင်းဝယ် မင်းဝယ်ပေးလိုက်...ဘာရှက်စရာလိုလဲ...ဒါရှက်ရမယ့်ကိစ္စမှ မဟုတ်တာ...မင်းကို ဝယ်ခိုင်းနေတာက ခက်ခဲတဲ့အရာကို ဝယ် ခိုင်းနေတာမဟုတ်ဘူး...မင်းကို ဘိန်းဝယ်ခိုင်းနေတာမဟုတ်ဘူး

www.foreverspace.com.mm

…ကျန်းမာရေးပစ္စည်း ဝယ်ခိုင်းနေတာ''

အောင်ရဲက သန်းမောင်၏နားရင်းကို ဖုန်းခနဲအုပ်လိုက်ရင်းက ဆိုသည်။ သန်းမောင်က အောင်ရဲကို ထိုင်နေရာကလှမ်းကန်ပြီး

''ဒီလိုဆိုလည်း မင်းတို့သွားဝယ်ပါလား…ငါဝယ်မှပဲ ဂွမ်းထုပ်ကရတော့မှာလား''

''ကဲ ကဲ‥ဒီလိုလုပ်…အောင်ရဲလည်း မဝယ်နဲ့…သန်းမောင်လည်း မဝယ်နဲ့''

''မင်းဝယ်မလို့လား''

သက်နိုင်၏အဆိုကို သန်းမောင်ကမေးသည်။ သက်နိုင်က ခေါင်းကိုယမ်းသည်။

''ဟင့်အင်း‥ငါလည်း မဝယ်ဘူး…ကံစမ်းမဲ ပထမဆု ရမယ့် ကံထူးရှင်သုံးစွဲသူကိုယ်တိုင် ဝယ်ပလေ့စေ''

''အေး ဟုတ်တယ်''

''အဲဒါ အကောင်းဆုံးပဲ''

နောက်ဆုံးတော့ မြားဦးက သူ့ဘက်သို့ ပြန်လှည့်ကာလာသည်။

''အာ ငါမဝယ်ရဲဘူးကွ‥ဒီလိုလုပ်‥မင်းတို့သုံးယောက် စလုံးအတူသွားဝယ်လေ…အဲဒါမကောင်းဘူးလား''

''No''

''မဝယ်တာ''

''Sorry''

သကောင့်သားသုံးကောင်ထံမှ အငြင်းဝါကျများ ခုန်ပျံကာကျလာသည်။

''မင်းရဲ့ဘော်ဘော် စိမ်းနုကိုသွားဝယ်ခိုင်းပါလား…မင်းတို့ချင်းက မောင်နှမလိုရင်းနှီးတာဆိုတော့ အားနာစရာလည်းမလိုဘူး''

www.foreverspace.com.mm

အောင်ရဲ၏အကြံပေးချက်ကို သူခေါင်းခါပြဖြစ်သည်။

"စိမ်းနုက ကလောမှာကွ…သူ ကလောပြန်သွားတယ်"

"မိုးယုနွေကို ဝယ်ခိုင်းရင်ကော…ဘာပဲပြောပြော ဒီပစ္စည်းမျိုးက မိန်းကလေးဝယ်ခိုင်းတာ အကောင်းဆုံးကွ ‥ ခရစ်နှစ် ၂၀၀၀ ကျော်တာတော့လည်း ကျော်လာတာပေါ့လေ …ဒါပေမဲ့ အဲဒီဂွမ်းထုပ်ကြီးသွားဝယ်ရမှာ ရှက်စရာကြီးကွ"

သန်းမောင်၏စကားအဆုံးမှာ သက်နိုင်က ….

"မိုးယုနွေကို ဝယ်ခိုင်းလို့ကောင်းပါ့မလား"

ဟုဆိုသည်။

"ဩော်‥ဒါ ဘာမကောင်းစရာရှိလဲကွ…ဘာရှက်စရာလိုလဲ…အကူအညီတောင်းတာပဲဥစ္စာ‥မင်းမင်းကလည်း အမှန်အတိုင်းပြောပြလိုက်ပေါ့ကွာ…မိုးယုရေ ကိုယ်လိပ်ခေါင်း ဖြတ်ထားလို့ အဲဒါလေးဝယ်ပေးလို့ရမလား…ကိုယ်ဝယ်ရမှာ ရှက်လို့ပါ‥ဘာညာပေါ့ကွာ…ပါးစပ်နဲ့ပြောရမှာ အားနာရင်လည်း စာလေးနဲ့ရေးပေးလိုက်ကွာ"

အောင်ရဲ၏စကားကြောင့် ဖျတ်ခနဲသူ့အတွေးမှာ အကြံရလိုက်သည်။ ဟုတ်သည်။ သူ မိုးယုကိုဝယ်ခိုင်းရမည်။ သို့သော် မိုးယုဆီမှ အကူအညီတောင်းသောအခါ လိပ်ခေါင်းဖြတ်ထားသူက သူမဖြစ်စေရ။ သကောင့်သားသုံးကောင်ထဲက တစ်ကောင်ကောင်ကို ကံစမ်းမဲလုပ်ပေးရမည်။ သကောင့်သားသုံးကောင်ကို စိတ်ထဲမှနေ တစ်၊ နှစ်၊ သုံး၊ လေး ရေပစ်လိုက်သည်။ တစ်ဆယ်ကျသူကတော့ ကံထူးရှင်ဖြစ်မှန်းမသိ ဖြစ်သွားလိမ့်မည်။ ဖြစ်ချင်တော့ နံပါတ်တစ်ဆယ်က အောင်ရဲကျသည်။

"စိတ်မကောင်းပါဘူး သူငယ်ချင်း…မိုးယုဆီရောက်သွားတာနဲ့ လိပ်ခေါင်းဖြတ်ထားတဲ့သူက ငါမဟုတ်တော့ဘူး…မင်း‥



www.foreverspace.com.mm

ဖြစ်‥သွား‥ပြီ"

ဟု စိတ်ထဲမှဆိုဖြစ်သည်။ ကိုယ့်အတွေးနှင့်ကိုယ်ပြုံးသော သူ့ကိုကြည့်ရင်း အောင်ရဲက …

"ဘယ်လိုလဲ‥ငါ့အကြံ ဝွတ်တယ်မဟုတ်လား"

ဟုမေးသည်။

သူ စိတ်ထဲမှနေ၍ အောင်ရဲကို နည်းနည်းတော့သနား သွားသည်။ သူပေးသော Idea ကြောင့် ဆင့်ပွားလိုက်သော သူ့ Idea ကို သိရှာမည်မဟုတ်။


"အေး ကောင်းတယ်…မင်း Idea မဆိုးဘူး"

ချီးကျူးလိုက်သော သူ့စကားကြောင့် အောင်ရဲက …

"ဖြစ်ရမယ်လေ"

ဟုဆိုရင်း မြောက်ကြွမြောက်ကြွလုပ်ကာနေသည်။ သူက တော့ ကြွစောင်းစောင်းလုပ်နေသည့် အောင်ရဲကိုကြည့်ရင်း ငါးရှူပြုံး ပြုံးဖြစ်သည်။

"Sorry ပဲ အောင်ရဲရေ…အဲ‥လိပ်ခေါင်းဖြတ်ထားတဲ့ အောင်ရဲရေ"



www.foreverspace.com.mm

**မိုး** ယုဆီ ဖုန်းဆက်သောအခါ သူမကမကိုင်။ ရည်းစား စကား ပြောလိုက်သည်ကို စိတ်ဆိုးနေသည်လားတော့ မသိ။ ဒါမှ မဟုတ် မအားသည်ပဲလား မသိ။

ထပ်ခါထပ်ခါခေါ်တောမှ သူမ ဖုန်းကိုကိုင်သည်။

"ဘာလဲ"

သူမလေသံက ခပ်ဆောင့်ဆောင့်။ သေချာတာကတော့ သူမစိတ်ဆိုးနေဦးမည်ထင်သည်။

"မိုးယုကို အကူအညီတောင်းစရာရှိလို့ …အဲဒါ မိုးယု အချိန်ရမလားသိချင်လို့"

"ဉာဏ်မများပါနဲ့…အကူအညီတောင်းချင်ရင် ဖုန်းထဲက ပြောလည်း ရရဲ့သားနဲ့"

"မဟုတ်ဘူး…ဖုန်းထဲကပြောလို့ မကောင်းတဲ့ကိစ္စမို့လို့"

သူ့စကားကြောင့် သူမဘက်က အသံတိတ်သွားသည်။ အတန်ကြာတော့မှ …

"ရည်းစားစကားမပြောပါဘူးလို့ ကတိပေးမလား…ကတိ ပေးရင်လာမယ်"

www.foreverseace.com.mm

အပိုင်ချည်သော သူမ၏စကားကြောင့် သူရယ်ချင်သွားမိသည်။ ညစ်ကျယ်ကျယ်နှင့် တော်တော်လည်းချစ်စရာကောင်းတဲ့ကလေးမ။

"ကိုယ် ကတိပေးပါတယ်"

"ကတိနော်"

"ကတိ..ကတိ"

"ဟုတ်ပြီ..ဒါဆို ဘယ်ကိုလာရမလဲ"

"....ဆိုင်ကို သိလား"

"အင်း သိတယ်"

"ဟုတ်ပြီ...အဲဒီမှာ ကိုမင်းစောင့်နေမယ်...နှစ်နာရီ လောက်အရောက်လာခဲ့ပေါ့"

"အင်း..ဒါဆို ဒါပဲနော်"

ပြောရင်း သူမဖုန်းချသွားသည်။ သူဖုန်းပြောသမျှကို နားထောင်ရသော အောင်ရဲတို့သုံးကောင်က မျက်လုံးပြူးကြီးတွေနှင့် သူ့ကိုကြည့်သည်။

"ဟကောင်..ငါတို့က နောက်တာနော်...ဘော်ဒါအရင်း ခေါက်ခေါက်မဟုတ်တဲ့ သူငယ်ချင်းဖြစ်စမိန်းကလေးကို အဲဒါဝယ်ပေးဖို့ သွားပြောလို့ကတော့ ပါးအရိုက်ခံရမှာ သေချာတယ်"

"အေးဆေးပါ"

ကိုယ့်အကြံနှင့်ကိုယ်မို့ သူ 'အေးဆေးပါ' ဟု တမင်ဆောင့်ကြွားကြွားလုပ်ရင်းပြောဖြစ်သည်။

"အေး..ပါးအရိုက်ခံရတော့မှ ငါတို့ကိုအပြစ်လာမတင်နဲ့...ဒါပဲ"


သန်းမောင်က ပွစိပွစိလုပ်ပြီး အထဲဝင်သွားသည်။ သက်နိုင်နှင့်အောင်ရဲက ....

www.foreverspace.com.mm



“ကြည့်လုပ်နော်   လိပ်မင်းသား…ငါတို့မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ပဲ”

ဟုဆိုသည်။ သူကတော့ သူ့အကြံနှင့်သူမို့ ပြုံး၍သာနေဖြစ်သည်။



www.foreverspace.com.mm

**နှစ်** နာရီမှ ချိန်းထားသော်လည်း တစ်နာရီခွဲကျော်ကျော်ကတည်းက သူရောက်နေသည်။ ဖြတ်ထားသည့် အနာရှိန်ကြောင့် ကြာကြာထိုင်လို့ အဆင်မပြေ။ သို့သော် အောင့်အည်းကာပင် ထိုင်နေရသည်။ ပြီး မိုးယုနှင့်ပြောမည့် စကားများကို အစီအစဉ်ချနေဖြစ်သည်။ မိုးယုက 'ဘာအကျႌအညီ တောင်းမလို့လဲ' ဟု မေးလိမ့်မည်။ ထိုအခါ သူက 'အားတော့နာတယ်··စိမ်းနုမရှိလို့ မိုးယုကို အကူအညီတောင်းရတာပါ'ဟု စကားပလ္လင်ခံမည်။

နောက်ပြီး 'ဒီလိုဗျ' ဟု အစချီကာ အောင်ရဲဆိုသည့် ဘော်ဒါတစ်ကောင်က လိပ်ခေါင်းဖြတ်ထားကြောင်း၊ ယခုအခါ ဒီလို ဒီအကြောင်းတွေကြောင့် ဆေးခန်းမှနာ့စ်မက ဂွမ်းထုပ်သုံးရန် ညွှန်ကြားလိုက်ကြောင်း၊ ဝယ်ရန်မရဲသည်မို့ အကူအညီကို ရှေ့မျက်နှာ နောက်ထားပြီး တောင်းရတာဖြစ်ကြောင်း ပြောမည်။

အဲဒီမှာ မိုးယုက 'ဒါလေးများ' ဟုဆိုပြီး ဝယ်ပေး၊ ပစ္စည်းလက်ထဲရောက်တော့မှ မိုးယုကိုပေးထားသောကတိကိုဖျက်ကာ ရည်းစားစကားပြော၊ အဲဒီမှာ ·· 'အဟိ'ဟု သူတွေးနေဖြစ်သည်။

အတွေးထဲမှတော့ အစီအစဉ်အားလုံးက ချောဆီထိုးထား သလို ချောမွေ့ကာနေသည်။ အတွေးထဲမှာပျော်ဝင်နေတုန်း 'ဝုန်း' ဆို ရှေ့မှာပေါ်လာသော မိုးယုကြောင့် သူလန့်ကာသွားရသည်။ ပုံပျက်ပန်းပျက်ကြီးလန့်သွားခြင်းမဟုတ်သည်မို့ မိုးယုကတော့ ရိပ်မိဟန်မတူ။

"ကိုမင်း ရောက်တာကြာပြီလား"

"မကြာသေးဘူး မိုးယု…မိုးယု ဘာစားမလဲ"

"မိုးယု အအေးပဲသောက်တော့မယ်"

မိုးယုက စားပွဲထိုးထံ အအေးမှာသည်။ သူလည်း မိုးယုမှာသော အအေးကိုပင် …

"ညီလေး အဲဒါကိုပဲ နှစ်ခွက်လုပ်ပေး"

ဟု ခပ်တည်တည်ဖြင့်ဆိုဖြစ်သည်။

"ကဲ‥ကိုမင်းအကူအညီတောင်းမယ်ဆိုတာ ဘာလဲ ပြော"

"ဘာရယ်မဟုတ်ပါဘူး…ပိုက်ဆံချေးမလို့"

ရယ်ကျဲကျဲဖြင့် ရွတ်နောက်နောက်ဆိုဖြစ်သည်။ မိုးယုက‥

"သူဌေးက လာနောက်နေပြန်ပြီ"

ဟု ပြန်၍ဆိုသည်။ ပြီး …

"အတည်မေးနေတာ…ပြော ဘာအကူအညီတောင်းမလို့လဲ"

"ဟို…."

ပြောဟော့ဟု တကယ်တမ်းပြောသောအခါ ဘယ်ကစပြောရမှန်း မသိ။ 'ဟို'ဆိုသည့်စကားအပြီး ဆက်ပြောရန်စကားလုံးက ရှာ၍မတွေ့။

"အေးဆေးပေါ့…အအေးသောက်ရင်းနဲ့ ပြောကြတာပေါ့ …ဘာလဲ မိုးယုအချိန်မရလို့လား"

www.foreverspace.com.mm

"ရပါတယ်"

စကားကိုကြည့်ကောင်းအောင်ပြောပြီး ဘယ်ကစ၍ဆိုရမည်ကို သူအသည်းအသန်စဉ်းစားဖြစ်သည်။

"အင်း ဟုတ်ပြီ...အောင်ရဲဆိုတဲ့ဘော်ဒါတစ်ကောင် လိပ်ခေါင်းဖြတ်တာကနေ စပြောရမယ်"

အတွေးထဲမှ အစီအစဉ်တွေကို တစ်ခုချင်းပြန်ချဖြစ်သည်။

"ကိုမင်း ခဏလေးနော်...မိုးယု Toilet ခဏသွားလိုက်ဦးမယ်"

မိုးယုက သူမလွယ်လာသော ဘေးလွယ်အိတ်ကြီးကိုချွတ် ကာ သူမ၏ဘေးမှထိုင်ခုံမှာတင်ပြီး ဆိုင်၏အနောက်ဘက်သို့ ထွက်သွားစဉ်မှာပင် စားပွဲထိုးက အအေးနှစ်ခွက်လာချသွားသည်။ မိုးယု ထိုင်ခုံမှာ တင်ခဲ့သောအိတ်က အတော်တော့လှသားဟု သူ ဘာရယ် မဟုတ်တွေးမိသည်။

ခဏကြာတော့ မိုးယုပြန်ရောက်လာသည်။ ရောက်နေပြီ ဖြစ်သော အအေးကိုယူ၍ တစ်ငုံသောက်သည်။ ပြီး ...

"ကဲ..ကိုမင်း...မိုးယုကို အကူအညီတောင်းမယ်ဆိုတာ ဘာကိစ္စလဲ...မိုးယုသိချင်နေပြီ..ပြောတော့"

မိုးယုက မေးကိုဘယ်လက်ဖြင့်ထောက်ကာမေးသည်။ သူမ ၏ဘယ်ဘက်ပါးမှပါးချိုင့်လေးကိုကြည့်ရင်း စောစောက သူဆင်ထားသမျှစကားတို့က ပြန်တွေးကြည့်၍မရအောင်ပင် မေ့ကာသွား သည်။

"ပြောလေ ကိုမင်း"

"အဲ ...ဟိုလေ..ဪ သတိရပြီ ...မိုး ..မိုးယုကို ဝွမ်းထုပ်ဝယ်ခိုင်းမလို့"

"ဘာ..ဘယ်လို"

သူ့စကားတွေ အစီအစဉ်မကျသေးဟု သူ့ကိုယ်သူတွေးလိုက်စဉ်မှာပင် မိုးယုက မကြားသည်လား၊ ကြားရဲ့သားနှင့် ပြန်ကြားချင်သည်လားမသိသောဟန်ဖြင့် 'ဘာ'ဟု ထပ်၍မေးသည်။

"ဟိုလေ..ဟို..အ..အမျိုးသမီး ..လ..လစဉ်သုံး..ဂွမ်းထုပ်..အဲ..အဲဒါ..ဝယ်ခိုင်းချင်လို့"

"ဘာပြောတ..ယ်...ရှင်...ရှင်..."

မိုးယု ဝုန်းခနဲထရပ်ရင်း နီမြန်းသောမျက်နှာဖြင့် အာခေါင်ခြစ်ကာအော်သည်။ ဒီခေတ်ကြီးမှာ ဒီလိုစကားလေးဆိုရုံနှင့် ဒီလောက်ဒေါမထသင့်ဟု သူတွေးမိသည်။

မိုးယုက စောစောကချထားသော ဘေးလွယ်အိတ်ကို ဆတ်ခနဲယူကာပွေ့ထားရင်း သူ့ကိုစူးစူးဝါးဝါးကြည့်သည်။

"ရှင်..ရှင်တော်တော်အောက်တန်းကျတာပဲ"

"ဘာ..ဘယ်လို"

သူမ၏စကားကြောင့် သူအကြီးအကျယ်စိတ်ပျက်သွားရသည်။ ဘာတွေဘယ်လိုဖြစ်ကုန်ပါလိမ့်။ သူမက လိုအပ်သည်ထက်ပို၍ ဒေါသထွက်နေသည်ဟု သူထင်မိသည်။

"ဘာ အခုမှမသိချင်ယောင်ဆောင်နေတာလဲ"

"ဟ..ကိုယ် ဘာမှလည်းမပြောရသေးပါလား...ဂွမ်းထုပ်ဝယ်ချင်လို့ အကူအညီလေးတောင်းမိတဲ့ဥစ္စာကို"

လူတွေဝိုင်းကြည့်နေသည့်ကြားမှ အော်နေသည်မို့ သူလည်းရှက်ရှက်နှင့် ပြန်အော်မိသည်။

"အဲဒါကြောင့်ပြောတာပေါ့...ရှင့်ကို အဆင့်မရှိဘူးလို့... ကျွန်မ နောက်ခဏသွားတုန်း ကျွန်မအိတ်ကို ရှင်ဖွင့်ကြည့်စရာလား"

"ဘာ..ဘာလဲ...ကိုယ်ပြောနေတာက ဂွမ်း..ဂွမ်းထုပ်လေ"

www.foreverspace.com.mm

“ကျွန်မကလည်း အဲဒါကိုပြောတာပဲ…ရှင်လေ တော်တော်အောက်တန်းကျတယ်…လူတစ်ဖက်သားရဲ့အိတ်ကိုလည်း အလစ်မှာ စပ်စပ်စုစုနဲ့ဖွင့်ပြီးတော့လည်း ခိုးကြည့်သေးတယ်… ပြီးတော့ ရိသဲ့သဲ့ကလည်း ပြောသေးတယ်…တော်တော် အရှက်မရှိတဲ့ လူ…အောက်တန်း တော်တော်ကျတဲ့ လူ…အဆင့်‥အတန်း‥မရှိ‥တဲ့လူ…ဖယ်‥ကျွန်မသွားမယ်”

ဝုန်းခနဲ သူမဆိုလိုချက် သို့မဟုတ် စွပ်စွဲချက်ကို သိလိုက်ရသောခဏ သူ့တစ်ကိုယ်လုံး ထူပူကာသွားသည်။ သူ သူမ၏အိတ်ကို ထိပင် မထိခဲ့ကြောင်း ဘုရားအဆူဆူကိုတိုင်တည်ပြီး ကျိန်တွယ်၍ သစ္စာဆိုဝံ့သည်။

“မဟုတ်ဘူး…မင်း အထင်မှားနေပြီ”

“မမှားဘူး…ရှင် ကျွန်မအိတ်ကိုဖွင့်မကြည့်ရင် အဲဒီ စကားကို ရှင်ပြောမှာမဟုတ်ဘူး”

“မဟုတ်ဘူးလို့‥မင်းကို ဘယ်နှခါပြောရမလဲ”

“ဖယ်နော်…ကျွန်မရှေ့ကဖယ်”

“မဖယ်ဘူး…ငါ မင်းကိုရှင်းပြမယ်”

“ဖယ်‥နားမထောင်ချင်ဘူး”

“မဖယ်ဘူးကွာ”

“မဖယ်ဘူး ဟုတ်လား”

“ဟုတ်တယ်‥မဖယ်ဘူး”

“ကဲဟာ‥မဖယ်ဦး”

“ဖြန်း”

“…..”

ပူခနဲဖြစ်သွားသော ပါးပြင်နှင့်အတူ ဝုန်းခနဲ ကမ္ဘာကြီး တစ်ခုလုံး အပ်ကျသံပင် မကြားရတော့လောက်အောင် တိတ်ဆိတ်

သွားသည်ဟု သူထင်လိုက်မိသည်။

ရှက်စိတ်ကြောင့် ဆွံ့အကာ မလှုပ်မရှားဘဲ သူနေရာမှာပင် ရပ်နေဖြစ်သည်။ အသိစိတ်နှင့် တွဲမိသောအခါတွင် သူမ သူ့ရှေ့တွင် မရှိတော့။

ငိုယို ဒေါသထွက်နေသော သူမသည် သူ့ရှေ့မှာ မရှိတော့။

မ

ရှိ

တော့…။

သူ့ရင်တစ်ခုလုံး ဆို့နင့်မွန်းကျပ်နေသည်က အခံရခက် လွန်းလှသည်။



www.foreverspace.com.mm

**အိမ်** သို့ မည်သို့မည်ပုံဖြင့် ပြန်ရောက်လာသည်ကို သူမသိ။ သိစိတ်နှင့်တွဲမိသောအခါတွင်မှ သူ အိမ်ပြန်ရောက်ပြီ ဟု သူ့ကိုယ်သူသိရသည်။ သိစိတ်တို့ ခေတ္တမျှ လူနှင့်ကင်းကွာသွားခဲ့သည်ကတော့ အမှန်။

"ဟကောင်တွေ…မင်းမင်း ပြန်လာပြီဟေ့…သူ့အတွက်ဝယ်ထားတာတွေ ပြလိုက်ပါဦး"

"မပြလည်း မြင်မှာပါ…ဟကောင် မင်းရဲ့အိပ်ရာပေါ်မှာ တံဆိပ်မျိုးစုံနဲ့ ဂွမ်းထုပ် (Cotton Psd) တွေ ဝယ်ထားပေးတယ် သူငယ်ချင်း…ငါတို့သုံးကောင် ခပ်တည်တည်နဲ့သွားဝယ်ထားတာ …ငါတို့ကသာ အတွေ့အကြုံမရှိလို့ ရှက်အမ်းအမ်းတွေဖြစ်နေတာ ပါကွာ…ငါတို့သွားဝယ်တော့ ဟိုကယောကျ်ားတွေလာဝယ်တာ ရိုးနေပြီထင်ပါရဲ့…အရေးတောင်မလုပ်ဘူး…ကြည့်ရတာ ငါတို့ကိုလိပ်ခေါင်းရှိတယ်များ ထင်နေလားမသိဘူး‥အင်း‥ လိပ်ခေါင်းရောဂါဖြစ်နေတဲ့ ယောကျ်ားတွေ အတော်များနေပြီနဲ့တူတယ်… ဒါကြောင့်လည်း ထင်တာနေမှာ"

"ထင်မှာပေါ့ အောင်ရဲရ…မင်းရုပ်ကိုက လိပ်ခေါင်း အတောင့်လိုက်ထွက်နေတဲ့ ရုပ်ကိုးကွ"

"အောင်မာ မာ...မင်းရုပ်ကမှလေ...HIV ပါ တွဲဖြစ်နေတဲ့ရုပ်"

အရင်တုန်းကတော့ ဘော်ဒါတွေတစ်ယောက်တစ်ခွန်းစကြ၊ နောက်ကြချိန်မှာ အမြဲလိုလိုရှေ့ဆုံးက ရယ်မောနေကျဖြစ်သော်လည်း အခုတော့ သူမရယ်မောဖြစ်။ စပ်ဖျင်းဖျင်းဖြစ်နေသော ပါးပေါ်မှ နာကျင်မှုထက် ကုသထားသောဒဏ်ရာမှ နာကျင်မှုတို့က အဆပေါင်းများစွာ ပို၍နာကျင်နေသော ရင်မှာနာကျင်မှုတို့က သူ၏ပျော်ရွှင်မှုတို့ကို သိမ်းပိုက်ကာထားသည်။

မှိုင်တငေးငေးဖြစ်နေသော သူ့ကို စတင်သတိထားမိသူက အောင်ရဲ။ ရုတ်တရက်ဆိုသလို ဘေးမှာလာထိုင်ပြီး ...

"မင်းမင်း..ဟကောင် မင်းမသက်သာဘူးလား...မင်းကိုကြည့်ရတာ အရမ်းကိုနာနေတဲ့ပုံပဲ...ဒီအတိုင်းဆို မင်း မနက်ဖြန်ကုမ္ပဏီတွေသွားဖို့ အဆင်ပြေပါ့မလား"

"ပြေပါတယ်"

"မင်း အရမ်းနာနေလား"

သန်းမောင်၏ထပ်ဆင့်အမေးကို သူပြန်မဖြေဖြစ်။ 'ငါနာနေတာ အပေါ်ယံကဒဏ်ရာရဲ့အနာကြောင့် မဟုတ်ဘူး သူငယ်ချင်းရေ...အနာတကာ့အနာထဲမှာ အဆိုးဆုံး..ရင်ထဲကအနာကြောင့် နာနေတာ'ဟု ကြေကွဲစွာ သူစိတ်ထဲမှဆိုဖြစ်သည်။

"နေဦး...ဒီကောင် ထွက်သွားတုန်းက မိုးယုနွေနဲ့တွေ့မလို့သွားတာမဟုတ်လား...ဟကောင် မင်း မိုးယုနဲ့ပြဿနာတက်လာတာလား"

သက်နိုင်က လက်ဖျစ်တီးရင်းဆိုသည်။ 'အေး'ဟု သူတစ်လုံးတည်း ဖြေဖြစ်သည်။ ရင်မှနာကျင်မှုတို့က လိမ့်တက်ကာလာပြန်သည်။

"ဘယ်လိုဖြစ်ရတာလဲကွာ"

အောင်ရဲ၏အမေးကြောင့် သူ နာကျင်မှုတို့၏ဖြစ်ကြောင်းကုန်စင်ကို ပြန်၍ပြောပြဖြစ်သည်။

"အင်း..ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဖြစ်သွားတာပေါ့...မင်းကလဲကွာ...မင်း မဝယ်ရဲမှန်း ငါတို့သိလို့နောက်နေကြတာပါ...ငါတို့သုံးကောင်က ဝယ်ပေးဖို့ အစောကြီးကတည်းက စဉ်းစားထားပြီးသားပါကွ"

"အဲဒါက အသာထားဦး...မင်း မိုးယုကိုဖုန်းဆက်ပြီးတော့ အကျိုးအကြောင်းရှင်းပြသင့်တယ်"

သန်းမောင်၏အဆိုကြောင့် သူ ဟက်ခနဲနာကျင်စွာရယ်ဖြစ်သည်။

"ငါ အိမ်ပြန်လာတဲ့လမ်းတစ်လျှောက်လုံး ဖုန်းပဲတောက်လျှောက်ခေါ်လာတာ...ငါ့ဖုန်းကို သူမကိုင်ဘူးကွ...ငါ အိမ်ကို ဘယ်လိုပြန်ရောက်လာတယ်ဆိုတာတောင် ပြန်စဉ်းစားကြည့်လို့ မရဘူးကွာ...ပါးအရိုက်ခံရလို့ နာတာထက် ငါ့ကိုပိုင်ရှင်မသိဘဲနဲ့ သူတစ်ပါးပစ္စည်းကိုခိုးပြီး ဖွင့်ကြည့်တတ်တဲ့လူလို့ အထင်ခံရတာကိုက ပိုပြီးနာစရာဖြစ်နေတယ်"

သူ့စကားအဆုံးမှာ သကောင့်သားသုံးကောင်က တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြသည်။

"ကဲပါကွာ...သူဖုန်းမကိုင်ရင်လည်း မင်းက စိမ်းနုဆီဖုန်းဆက် အကျိုးအကြောင်းရှင်းပြပြီး မိုးယုနွေ့ကို ပြန်ရှင်းပြပေးဖို့ အကူအညီတောင်းပေါ့ကွာ...OK သွားမှာပါ"

"အေး..ငါလည်း ဒီလိုပဲတွေးမိတယ်"

သန်းမောင်၏အဆိုကို သူပြန်ပြောဖြစ်သည်။ ခုအချိန်မှာ စိမ်းနုကလွဲပြီး ဤကိစ္စကိုကူညီဖြေရှင်းနိုင်မယ့်လူ မရှိ။

"ဒါနဲ့ မင်းရောက်လာတာနဲ့အတော်ပဲ…ဒီမှာ ငါတို့မင်းအတွက် ခေါင်းစားပေးနေတာကွ"

"ဘာကိုလဲ"

သက်နိုင်၏အဆိုကို သူပြန်မေးဖြစ်သည်။

"Cotton Pad ကိုဝယ်တော့ပြီးပြီ…ဘယ်လိုသုံးရမယ်မသိလို့ ငါတို့သုံးကောင်သား ပဟေဠိ အဖြေညှိနေကြတာကွ"

ပြောရင်းဆိုရင်း အောင်ရဲကဖောက်ထားလက်စ Pad တို့ကိုယူလာကာ ရှေ့မှာချသည်။

"အညွှန်းတော့ ပါတာပဲကွ…ဒါပေမဲ့ နားမလည်နိုင်ဘူးဖြစ်နေတယ်…သက်နိုင်က ဒီစတစ်ကာကိုခွာပြီး လူကိုကပ်ထားရမယ်ထင်တယ်တဲ့…ဟိုကောင် သန်းမောင်ကကျတော့ မတွေးတတ်ဘူးတဲ့…ငါကတော့ ဒီကပ်ခွာကို လူမှာကပ်ရတယ်လို့မထင်ဘူး"

အောင်ရဲက Pad ကို လက်ဖျားနှင့်ကိုင်ကာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်ဖြင့် ရှင်းပြသည်။

"ဟကောင်··Pad ကအသစ်ကြီးကွ…မင်းကိုင်နေပုံကသဘာဝမကျဘူး…ဘာလက်ဖျားနဲ့ကိုင်စရာလိုလဲ…ပယ်ပယ်နယ်နယ်ကိုင်လို့ ရတယ်…ဘာမှမဖြစ်ဘူး"

သန်းမောင်က Pad ကို လက်ဖျားနှင့်ကိုင်နေသော အောင်ရဲကို ငေါက်သည်။ အောင်ရဲက …

"ဒါဆိုလည်း မင်းကိုင်လေ"

ဟုဆိုရင်း သန်းမောင်၏ကိုယ်ပေါ် ပစ်ချသည်။ သန်းမောင်က …

"ဟကောင်··မယုတ်မာနဲ့"

ဟုဆိုရင်း ကမန်းကတမ်းရှောင်သည်။ ပြီး ထို Pad ကိုကောက်ကာ အောင်ရဲကိုယ်ပေါ်ပြန်ပစ်တင်သည်။ သကောင့်သား

www.foreverspace.com.mm

နှစ်ကောင် Pad တစ်ခုဖြင့် တစ်ယောက်တစ်လှည့်ပစ်နေကြသည်ကို ကြည့်ရင်း သက်နိုင်က မျက်စိနောက်လာဟန်ဖြင့် ....

"တော်ကြကွာ"

ဟု ဆိုရင်း ထို Pad ကို လမ်းတစ်ဝက်မှဖြတ်လုကာ လက်ထဲကိုင်ထားသည်။ ပြီး ...

"ဒါ ကစားစရာမဟုတ်ဘူးကွ...မင်းတို့ တစ်ယောက်ကို တစ်ယောက် လုပ်နေကြတဲ့ပုံစံက ဒီ Pad ကပဲ အမှိုက်လိုလို၊ ရွှံ့လိုလိုဖြစ်နေတယ်...ဒီကောင်တွေက ပိုးသတ်ထားတဲ့ပစ္စည်းတွေကွ ...မယုံရင် နမ်းကြည့်ပါလား...မကောင်းတဲ့ ဘာအနံ့အသက်မှ မရှိဘူး...ရော့ ရော့..နမ်းကြည့်"

ပြောရင်းဆိုရင်း သက်နိုင်က 'နမ်းကြည့်'ဟုဆိုရင်း သန်း မောင်တို့နှစ်ကောင်၏ နှာခေါင်းဆီကို ရှူဆေးဗူးကမ်းသလိုကမ်းသည်။

အောင်ရဲကယောင်ရမ်းပြီး နမ်းကြည့်ရန်ပြင်ပြီးမှ 'အာ' ဟု ရေရွတ်ရင်း ကိုယ်ကိုနောက်သို့လှန်ကာ ရှောင်သည်။ သန်းမောင်က

"ဟကောင်..မင်းလုပ်ပုံက ငါ့မျက်နှာပေါ်ကပ်မိတော့မယ် ...ခွီးတဲ့မှပဲ"

"ကပ်မိမိကွာ...အသစ်ပဲဥစ္စာ...ငါပြောပြီးပြီပဲ... ဒီပစ္စည်းတွေက ပိုးသတ်ထားတဲ့ပစ္စည်းပါလို့ဆိုနေ...မယုံမှာစိုးလို့ နမ်းခိုင်းနေတာ"

"ယုံတယ် ယုံတယ်"

သန်းမောင်က ရယ်ကျဲကျဲဖြင့် 'ယုံတယ်'ဟုဆိုသည်။ မယုံ လို့ကလည်း ရတော့မည်မဟုတ်သည်ကိုး။

"ကဲ..ဒီအတိုင်း အဖြေရှာနေလို့ကတော့ မရဘူး...ငါ တို့ ဆေးခန်းက နာ့စ်မကိုပဲ လှမ်းမေးကြည့်ရအောင်"

"အေး ဟုတ်တယ်…ဒီကိစ္စကို သူပဲဒိုင်ခံညွှန်းပေးလိုက်တာဆိုတော့ သူ့ကိုမေးတာကောင်းတယ်…ဒါက ကျန်းမာရေးနဲ့ ပတ်သက်ပြီးမေးတာဖြစ်တဲ့အတွက် အားနာစရာမလိုဘူး၊ ရှက်စရာလည်းမလိုဘူး…ကဲ ကဲ‥ဖုန်းခေါ်စမ်း အောင်ရဲ…Speaker ဖွင့်ပြီးခေါ်"

သက်နိုင်က အောင်ရဲကိုဆိုသည်။ အောင်ရဲက ဖုန်းကိုခေါ်ရန် သူ့ခေါင်းရင်းမှာရှိသော ဆေးစာအုပ်ကိုလှမ်းယူသည်။ ပြီး ဖုန်းနံပါတ်ကိုကြည့်ကာ Speaker ကိုဖွင့်လျက် ဖုန်းကိုခေါ်သည်။

"ဟဲလို…(××××) ဆေးခန်းကပါရှင်"

"ဟုတ်ကဲ့‥မေးစရာလေးရှိလို့ပါ"

သက်နိုင် ဖုန်းပြောနေသည်ကိုကြည့်ရင်း အောင်ရဲတို့နှစ်ကောင်က ပါးစပ်ကို လက်ဝါးဖြင့်အုပ်ကာရယ်သည်။

"ဟုတ်ကဲ့‥မေးပါ"

"ရှေ့ရက်တွေက ခွဲခန်းဝင်ထားတဲ့ ကျွန်တော်တို့လူနာကို Pad သုံးဖို့ပြောတယ်နော်"

"ဟုတ်ပါတယ်…အမျိုးသမီးတွေကို အထူးတလည်မှာစရာမလိုပေမယ့် အမျိုးသားတွေကိုတော့ အဲဒီလိုပဲ မှာပေးရပါတယ်…ဘာဖြစ်လို့လဲဆိုတော့ အနာအတွက်ရော၊ အဝတ်အစားအတွက် ပါ အဆင်ပြေအောင်လို့ပါ"

"ဟုတ်ကဲ့‥ခက်တာက ဝယ်ထားပြီးပြီဆိုပေမယ့် အဲဒီ Pad ကို မသုံးတတ်ဘူးဖြစ်နေတယ်…အဲဒါ ဘယ်လိုသုံးရတယ်ဆိုတာ ပြောပေးလို့ရမလား"

သက်နိုင်၏အမေးကြောင့် သကောင့်သားနှစ်ကောင်က ရယ်ကြပြန်သည်။ တစ်ဖက်မှလည်း နှုတ်စ်မထံမှ 'သြော်'ဟုဆိုရင်း ရယ်သံသဲ့သဲ့ကိုကြားရသည်။ ပြီးမှ …

www.foreverspace.com.mm

"အဲဒီ Pad ကိုကြည့်လိုက်...ကပ်ခွာလေးပါတယ်"

"ဟုတ်တယ် တွေ့တယ်...အဲဒီကောင်ကိုခွာပြီး အသားမှာကပ်ထားရမှာလား"

"အာ မဟုတ်ဘူး...ဘောင်းဘီမှာကပ်ရမှာ...အဲဒီစတစ်ကာကိုခွာ..ပြီးတော့မှ အဆင်ပြေမယ့်နေရာကိုချိန်ပြီးတော့ ဘောင်းဘီရဲ့အတွင်းပိုင်းမှာကပ်...ပြီးရင် အဲဒီဘောင်းဘီကိုဝတ်လိုက်ရုံပဲ...ဘောင်းဘီရဲ့အတွင်းပိုင်းနော်...အပြင်ကနေလည်း မကပ်နဲ့ဦး"


နော့ပ်စ်မ၏ရယ်သံတစ်ဝက်နှင့် ရှင်းပြမှုကို ....

"ဟုတ်ကဲ့ပါ"

ဟု သက်နိုင်ကဆိုသည်။ ပြီး ...

"ဒါပဲနော်..ကျေးဇူးပဲ"

ဟု နှုတ်ဆက်သည်။ ပြီးနောက်မှာတော့ တစ်ချိန်လုံးထိန်းထားဟန်တူသော ရယ်မောခြင်းကိုပြုသည်။ သကောင့်သားသုံး ကောင်အူနှိပ်၍ရယ်နေသည်ကိုကြည့်ရင်း သူမ၏အိတ်ကိုဖွင့်ကြည့်ပါ သည်ဟု စွပ်စွဲသော သူမကို ဖျတ်ခနဲအမှတ်ရသည်။



www.foreverspace.com.mm



**စ၁** ရွက်စာတမ်းများယူပြီး ကုမ္ပဏီကိုသွားရန်ပြင်သော အခါ သကောင့်သားသုံးကောင်က သူ့ကိုပြုံးရင်း ရယ်ချင်ပက်ကျိပုံစံများဖြင့် ကြည့်နေကြသည်။

“ဘယ်လိုလဲ…Pad သုံးထားတော့ ဘောင်းဘီကွက်မှာ မပူရတော့ဘူးမဟုတ်လား…မင်း ကိုယ့်ကိုယ်ကိုယ် အမြဲယုံကြည်မှု ရှိသွားပြီမဟုတ်လား”

သက်နိုင်က ပြောပြောဆိုဆိုဖြင့် တဟားဟားရယ်သည်မို့ သူပါလိုက်ရယ်ဖြစ်သည်။ အောင်ရဲက ….

“မင်းပုံစံက အဲဒီပေါ်ကို အာရုံသိပ်စိုက်လွန်းနေသလိုပဲကွ …လိမ်ကျစ်လိမ်ကျစ်နဲ့‥မပူပါနဲ့…ပြုတ်မကျပါဘူးကွ…မင်း ဝါသနာပါရင် စိုင်းစိုင်းခမ်းလှိုင်ရဲ့ တောဂေါ်လီသီချင်းဆိုပြီးတော့ တောင်ကပြီးသွားလို့ရသေးတယ်…ဒီမှာ ဒီလိုမျိုး‥အိုးလေးလှုပ် ပါဟော့ ××× ရေအိုးလေးလှုပ်ပါဟော့ ×××”

အောင်ရဲကလည်း ပြောပြောဆိုဆိုဖြင့်ရယ်ပြန်သည်။

“ခဏခဏနဲ့ ရှိသေးလားဆိုပြီးတော့လည်း သွားသွားမစမ်းနေနဲ့ဦး‥ကြားလား…မင်းစိတ်ထဲမှာ လုံးဝမသိသာဘူးလို့သာ

တော်ဝင်မြို့မ စာအုပ်တိုက်

www.foreverspace.com.mm

မှတ်ထား…လမ်းလျှောက်တဲ့အခါ မင်းအခုလျှောက်နေသလို ကွတကွတကြီးလည်း မလျှောက်နဲ့…စောစောကလျှောက်နေသလို လိမ်ကျစ်လိမ်ကျစ်နဲ့လည်း မလျှောက်နဲ့‥ပုံမှန်ပဲလျှောက် ‥ အမလေး မှာရတာ မောတယ်ကွာ”

သန်းမောင်က ရင်ဘတ်ကိုဖိရင်းဆိုသည်။ သူရှက်ရှက်ဖြင့်


“မင်းတို့ကောင်တွေ ငါ့ကိုလိုက်မကြည့်ကြနဲ့ကွာ…ခွီးတဲ့မှပဲ”

ဟုဆိုဖြစ်သည်။

“မကြည့်ပါဘူး…မင်းပုံစံကိုက တောင့်တောင့်ကြီးဖြစ်နေတာ…အေးပေါ့လေ…အခုတော့လည်း ကျင့်သားမရသေးတော့ Use to မဖြစ်သေးသ၍ ဒီလိုပဲ ကုပ်ကွ ကုပ်ကွနဲ့ဖြစ်နေဦးမှာပဲ…နောက်ဆိုရင်တော့ လေချွန်လာနိုင်မှာပါ…ကဲ ကဲ‥သွားတော့ သွားတော့”

ဆရာကြီးအထာဖြင့် ပြုံးဖြီးဖြီးကြီးဆိုသော သက်နိုင်၏ စကားကို အောင့်သက်သက်ဖြင့် သူကြားလိုက်ရသည်။

ဘာရယ်မဟုတ်။ စိတ်ထဲမှာ ခုလုလုကြီးဖြစ်နေသည်က တော့ဖြင့် အမှန်။



www.foreverspace.com.mm

“ ကိုမင်းကလဲ‥အဲဒါကို အစောကြီးကတည်းက ရှင်းပြလိုက်တာမဟုတ်ဘူး”

“ငါလည်း ရှင်းပြမလို့ပဲ…သူကမှ အရှင်းပြမခံတာ… အခုလည်း ဖုန်းဆက်တာ ငါ့ဖုန်းကိုသူမကိုင်ဘူး”


“ဖြစ်ရမယ်…ကဲပါ…မနက်ဖြန် ရန်ကုန်ပြန်ရောက်မှာပဲဉစ္စာ…စိမ်းနု သူ့ကိုသေသေချာချာကြီးရှင်းပြလိုက်မယ်… ဘာမှမပူနဲ့…အားလုံး OK သွားစေရမယ် စိတ်သာချ‥ဒါပဲ နော်”

“အေးပါဟာ”

ဖုန်းချသွားသော စိမ်းနုမှတစ်ပါး အားကိုးစရာမရှိတော့ ဟု သူတွေးဖြစ်သည်။

“မိုးယုရေ…မင်းထင်သလို မဟုတ်ဘူး”

ဟု သူ့ရင်ထဲမှနေ သံကုန်အော်နေမိသည်။



www.foreverspace.com.mm

**ဘာ** မှမပူနဲ့ဟု စိမ်းနုကဆိုသော်လည်း သူ့ရင်ထဲမှာတော့ နေ့နေ့ညည ဗလောင်ဆူကာနေသည်။ ပြီး·· မွန်းကျပ်ကာနေသည်။ ပြီး ···ဆို့နင့်ကာနေသည်။

တိုက်ရှေ့မှ ပန်းပိတောက်ပင်၏ခြေရင်းမှ သစ်သားကွပ်ပျစ်မှာထိုင်ရင်း အတွေးတို့က ဟိုရောက်ဒီရောက်ဖြစ်ကာနေသည်။ စိမ်းနုပြန်ရောက်သည်မှာ နှစ်ရက်ရှိပြီဆိုသော်လည်း အခြေအနေက ဘာမှထူးမလာခဲ့။ ဘာကိုလွမ်းလို့ လွမ်းရမှန်း မသိ။ ဘာကိုဆွေးရမှန်းမသိဖြင့် သူငူငူငိုင်ငိုင်ကြီးဖြစ်ကာနေသည်။ ဘာကိုမှလည်း သူမမြင်။ သူမြင်နေရသည်က မိုးယုနွေ့ကိုသာ။

"ဘုတ်"

အလန့်တကြားဖြင့် ရှေ့မှာလာကျသောအထုပ်ကြောင့် 'ဘာလဲဟ'ဟု သူရုတ်တရက်လန့်သွားသည်။ ကြည့်လိုက်တော့ ၄င်းအထုပ်က အမျိုးသမီးလစဉ်သုံးဂွမ်းထုပ်ကြီး။ ဟိုကောင်တွေ သူ့ကိုလုပ်ပြန်ပြီဟု ဒေါကန်ကန်ဖြင့်တွေးရင်း အထုပ်ပစ်ချသူကို လှမ်းကြည့်တော့ ····

"ဟင်..မိုး..မိုးယု"

မိုးယုဆိုသော ကောင်မလေးက ရယ်ကျဲကျဲဖြင့် သူ့ကိုကြည့်ကာနေသည်။

"ဘယ်လိုလဲ..သက်သာပြီလား"

သူမ၏အမေးက သူ့မျက်နှာကို ပူခနဲဖြစ်သွားစေသည်။ ပြီးရင်ထဲမှာလည်း လှပ်ခနဲဖြစ်သွားသည်။ ဒီလိုဆို စိမ်းနုကောင်းမှု အကြောင်းပြုကာ သူမအရာရာကိုသိသွားပြီထင်သည်။ သူ သူ့ရှေ့မှ အထုပ်ကိုကြည့်ဖြစ်သည်။

"ဒီအထုပ်တွေမြင်ရင် ဘယ်ဘက်ပါးက ကျဉ်ကျဉ်လာတယ်...ကျန်နေတဲ့ပါးကိုရိုက်ဖို့ တမင်ပွင့်ဆင်တာတော့ မဟုတ်ပါဘူးနော်"

ခပ်ရိရိမေးသော သူ့စကားကြောင့် သူမမျက်နှာက ရှက်အမ်းအမ်းဖြစ်ကာသွားသည်။

"မကျေနပ်ရင် ပြန်ရိုက်လို့ရတယ်...ယောကျ်ားလုပ်ပြီး တော့ ခွင့်လွှတ်စိတ်လည်းမရှိဘူး"

နှုတ်ခမ်းကိုစူကာ ဆိုသောသူမ၏ဘယ်ဘက်မှ ပါးချိုင့်ခွက်ခွက်လေးကိုကြည့်ရင်း ...

'ဒီပါးက ရိုက်စရာမှမဟုတ်တာပဲ' ဟု သူတွေးဖြစ်သည်။

"ဒါဆို မိုးယုက ပါးလာရိုက်တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး...လာတောင်းပန်တာ...ပြီးတော့ လူမမာလာမေးတာ"

အင့်ခနဲ သူဖြစ်သွားရသည်။ လူမမာလာမေးသည်တဲ့။ တကယ်ဆို မုန့်လေးပဲဖြစ်ဖြစ်၊ ကိုးရီးယားကားများထဲကလို ပန်းစည်းလေးဖြစ်ဖြစ် တစ်ခုခုတော့ဖြစ်သင့်သည်။ အခုတော့ သူ့ရှေ့မှာ 'ဘုတ်' ခနဲကျလာသော လူမမာလာမေးသည့်ပစ္စည်းက Cotton

www.foreverspace.com.mm

Pad ထုပ် ကြီးဖြစ်ကာနေသည်။ ကဗျာမဆန်လှသော ဤအဖြစ်မျိုးသည် 'ကမ္ဘာပေါ်ရှိ လူမမာအားလုံးတို့တွင်တောင် ကြုံမှကြုံဖူးပါ လေစ' ဟု သူ ရှက်ရှက်ဖြင့်တွေးမိသည်။

"ကိုးရီးယားကားတွေထဲမှာဆို လူမမာမေးတာက သစ်သီးခြင်းတို့၊ ပန်းစည်းတို့နဲ့မေးတာ…မိုးယု လူမမာမေးတာကြီးက ကဗျာမဆန်လိုက်တာ…ကိုယ့်ကို အရှက်လာခွဲနေသလိုပဲ…အဲဒါ ကြီး ပြန်သိမ်းထားစမ်းပါ…ကိုယ် ရှက်လွန်းလို့"

မျက်နှာကြီးနီကာဆိုသောသူ့ကို သူမကလည်း ရယ်ချင်ပက်ကျိဖြင့်ပင် ရက်ဝဲဝဲဖြင့်ပြန်ကြည့်သည်။ ပြီး

"ပြန်မသိမ်းဘူး…ရှက်ချင်ရှက် မရှက်ချင်နေ"

"ကိုယ်ကရှက်ရင် ဘေးမှာရှိတဲ့ကောင်မလေးတစ်ယောက်ယောက်ကို ဖက်နမ်းရမှ အရှက်ပြေတာနော်"

"ဘာမှမဆိုင်ဘူး"

သူ့စကားကြောင့် သူမက ဘာမှမဆိုင်ဘူးဟု ဗလုံးဗထွေးဖြင့်ဆိုသည်။

"သိမ်းလို့ ပြောနေတယ်နော်…ကိုယ်ရှက်လာပြီ"

"သိမ်းဘူး"

သူမကလည်း အရှက်သည်းနေတာ ညစ်ကျယ်ကျယ် အမူအရာနှင့်ပင်ငြင်းသည်။

"ကဲ‥ဒီလိုဆို ကိုယ်ကတော့အရှက်ပြေအောင် ဖြေရတော့မှာပဲ"

"ဟေ့‥ဟေ့လူ…ဒါ ဘာလုပ်တာလဲ"

"ကိုယ့်ချစ်သူကိုယ် နမ်းတာလေ"

"ဘယ်သူက ခင်ဗျားချစ်သူလဲ…ခင်ဗျားလွှတ်နော်…ဟေ့လူ‥"

www.foreverspace.com.mm



သူမက 'လွှတ်နော်'ဟုဆိုသော်လည်း သူမလွှတ်ပါ။ တစ်ခါ တစ်ရံ၌သာရသော ရတောင့်ရခဲအခွင့်အရေးမို့ ရင်ခွင်ထဲရောက်မှန်း မသိရောက်နေသော သူမ၏ပါးပြင်ကို သူ.....။



www.foreverspace.com.mm

**၁၁** ကယ်တမ်းကျ ယခုလသည် ချယ်ရီပွင့်သောလမဟုတ်။

ချယ်ရီပွင့်ရန် တစ်လခန့်လိုသေးသည်။

သို့သော်..

သူ၏ချစ်သူ သူ၏ပါးပြင်မှာတော့ ချယ်ရီရောင်လွှမ်းသော ချယ်ရီပန်းတို့ အချိန်အခါမဟုတ် ဖူးပွင့်လို့နေသည်။

ရှမ်းတောင်ပေါ်မှ ချယ်ရီနှင့် ချစ်သူ၏ပါးပြင်မှာ ချယ်ရီတို့ကား အရောင်ချင်းသာတူ၍ ရနံ့ချင်းမှာ မတူ။

ချစ်သူ့ပါးပြင်မှ ချယ်ရီက ပန်းရောင်ပိုပြေး၍ ရနံ့ပိုမွှေးလေသည်။

ချယ်ရီပွင့်သော တစ်လအလိုမှာမှ ထူးထူးခြားခြား ကြို၍ပွင့်သောချစ်သူ၏ချယ်ရီတို့ကား ပို၍..ပို၍..ပို၍ မွှေးမြ..လေ..သည်။

ပြည့်ပိုင်မျိုးဆက်


www.foreverspace.com.mm
ချယ်ရီပွင့်ရန် တစ်လ အလို